# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၀)ရက် ၊ တနင်္လာနေ့ ၊ (12-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၅၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ **ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ လူကောင်းလူတော်ရွေးချယ်လို့ ဆန္ဒမဲပေးကြပါစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်ဆန္ဒမဲပေးနေကြသည့် မဲဆန္ဒရှင်ပြည်သူများကို မဲရုံများအလိုက် လိုက်လံကြည့်ရှုအားပေး



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားအခွင့်အရေးဖြစ်သည့် မဲပေးပိုင်ခွင့်ကို အသုံးချပြီး နိုင်ငံ၏ အနာဂတ်လမ်းကြောင်းကို ရွေးချယ်ဆုံးဖြတ်ရမည် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)ကို ယနေ့နံနက် ၆ နာရီမှ စတင်၍ သက်ဆိုင်ရာမြို့နယ်များ၌ ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာမဲရုံများအလိုက် မည်သည့် ဖိအားတစ်စုံတစ်ရာမျှ မပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့် သဘောထားဆန္ဒများအလျောက် တက်တက်ကြွကြွ စည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့် တစ်ခဲနက်ဆန္ဒမဲများပေးကြသည်။

ထိုကဲ့သို့ မဲဆန္ဒရှင်ပြည်သူများဆန္ဒမဲများ ပေးနေမှုများကို နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**




ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# ပါတီစုံဒီမိုကရေစီစနစ် အောင်မြင်စွာလျှောက်လှမ်းနိုင်စေရေး

နိုင်ငံသားအားလုံး၏အားသည် နိုင်ငံတော်အတွက်အရေးကြီးပြီး ရွေးကောက်ပွဲမှတစ်ဆင့် ဖြစ်ပေါ်လာမည့်အစိုးရသစ်လက်ထက်တွင်လည်း နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရတစ်ရပ်တည်းက ကြိုးပမ်းအကောင်အထည်ဖော်ရုံနှင့် ပြည့်စုံလုံလောက်မှုမရှိနိုင်ဘဲ နယ်ပယ်အသီးသီးက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စွမ်းဆောင်နိုင်သူများနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးက ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုပေသည်။ သို့မှသာ ပြည်သူတစ်ရပ်လုံးမျှော်မှန်းထားသည့် ဒီမိုကရေစီပြည်ထောင်စုကြီးကို အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်မည်ဖြစ်ပေသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်လည်းကောင်း အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ကျန်ရှိနေသေးသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကျင်းပရာတွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မည်သည့်ဖိအားတစ်စုံတစ်ရာမျှမပါရှိဘဲ မိမိတို့၏ လွတ်လပ်သည့်သဘောဆန္ဒများအလျောက် တက်တက်ကြွကြွစည်းကမ်းရှိရှိ နိုင်ငံကြီးသားပီသစွာဖြင့်ဆန္ဒမဲပေးခဲ့ကြသည်။ ထိုသို့ ဆန္ဒမဲပေးနေမှုများကို နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များကလည်း လာရောက်လေ့လာခဲ့ကြပြီး ကောင်းမွန်သည့်သုံးသပ်ချက်များရှိခဲ့ကာ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်သည်ဟု သုံးသပ်ပြောကြားခဲ့ကြသည်။ ရွေးကောက်ပွဲ အပိုင်း(၁)ရလဒ်များကိုလည်း ပြည်သူများအားလုံး ပွင့်လင်းမြင်သာစွာသိရှိနိုင်ရေး ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကိုလည်း ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ်ပေါင်း ၁၀၀၌ ဆက်လက်ကျင်းပခဲ့ရာ အောင်မြင်ပြီးမြောက်ခဲ့ပြီဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲများမှ မဲဆန္ဒရှင်ပြည်သူတို့ ရွေးချယ်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်၏ အနာဂတ်ကို ပိုမိုကောင်းမွန်အောင်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍပေါင်းစုံတိုးတက်အောင် ကြိုးစားကြရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မဲရုံများတွင် စနစ်တကျလေ့ကျင့်ထားသည့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များရှိသည်။ ထိုမဲရုံများတွင် မဲဆန္ဒရှင်များအနေဖြင့် လွတ်လွတ်လပ်လပ်နှင့် ပွင့်လင်းမြင်သာစွာဖြင့် အဆင်ပြေလွယ်ကူစွာမဲပေးနိုင်ရေး ဆောင်ရွက်ပေးထားပြီး မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ်လောင်းများနှင့် ရွေးကောက်ပွဲတာဝန်ရှိသူများ လုံခြုံမှုရှိစေရန်၊ ဘေးန္တရာယ်ကင်းရှင်းစေရန် သက်ဆိုင်ရာဌာနများက လုံခြုံရေးတာဝန်ယူထားသည့်အတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)မဲပေးခြင်းကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

သို့ဖြစ်ရာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်အနက် "နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး"ဟူသောအချက်ပါဝင်သည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် နိုင်ငံ့အကျိုးပြု၊ ပြည်သူအကျိုးပြုနိုင်မည့်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ဆန္ဒမဲပေးကြမှသာလျှင် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၇၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၂၇၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းထံမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ဧက ၂၈၀၀ စိုက်ပျိုးရန်လျာထားပြီး ဂျုံစိုက်ပျိုးမှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ၂၇၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကလေးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံဧက ၂၈၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၇၈၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဂျုံအထွက်တိုးဖို့ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆောင်းသီးနှံများအားလုံး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဂျုံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးလျှင် ကုန်ကျစရိတ်မှာ ငွေကျပ် သုံးသိန်းခန့်ရှိပြီး ဂျုံတစ်ဧကစိုက်ပျိုးပါက ၂၁ တင်းထွက်ရှိကြောင်း သိရသည်။

ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဂျုံစိုက်ပျိုးမည့် တောင်သူများကို ဂျုံအထွက်နှုန်းတိုးရေးအတွက် ပညာပေးသင်တန်းများပို့ချပေးခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရေး ဆောင်ရွက်ပေးခြင်း စသည့် အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဂျုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် ထရံကာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထရံကာကျေးရွာ၌ ပထမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထရံကာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၂၄၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၅၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၂၉၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း မတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၃၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက မတ်ပဲများကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဒီဇင်ဘာလထဲမှာ မတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၄၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်မတ်ပဲတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ မတ်ပဲကို ပြည်ပဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချတာဖြစ်ပါတယ်။ လတ်တလော အရောင်းအဝယ်ဖြစ်နေတဲ့ မတ်ပဲတွေက လက်ကျန်ပဲတွေပါ"ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် မတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၁၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါမတ်ပဲများ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တံတားဦးမြို့နယ် ပြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တံတားဦး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြူကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မိသားစုလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး မိသားစုစီးပွားရေး တိုးပွားလာစေရန်အတွက် ကြိုးစားဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြူကန်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၇ ဦးကို ငွေကျပ် ၃၀ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၉ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူဦးရေ ၂၀ ကို ၅ ဒသမ ၉ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၇ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၅၅ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# သဲကုန်းမြို့နယ် ရုံးပင်လမ်းခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရုံးပင်လမ်းခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက ရုံးပင်လမ်းခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ရုံးပင်လမ်းခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စီမံကိန်းဆိုင်ရာ ငွေစာရင်းဇယားများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရုံးပင်လမ်းခွဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၅၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူရှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၅ ဦးကို ရန်ပုံငွေကျပ် ၄၄ ဒသမ ၂၅ သန်း ထုတ်ချေးထားကြောင်း သိရသည်။ **အေးမြတ်**

# ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၅၀၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၅၀၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်ကေ ၅၂၈၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ကသာမြို့နယ်၌ ၂၆၉ ကေ၊ အင်းတော်မြို့နယ်၌ ၆၃ ကေ၊ ထီးချိုင့်မြို့နယ်၌ ၄၆၅၅ ကေ၊ ဗန်းမောက်မြို့နယ်၌ ၉၂ ကေ စုစုပေါင်း ၅၀၇၉ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကသာခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲပုပ်ကေ ၅၂၈၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၅၀၇၉ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲပုပ်စိုက်ပျိုးရာမှာလဲ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၃၃၅ ကေ၊ အင်းတော်မြို့နယ်တွင် ၂၀၅ ကေ၊ ထီးချိုင့်မြို့နယ်တွင် ၄၆၀၅ ကေ၊ ဗန်းမောက်မြို့နယ်တွင် ၁၃၅ ကေ စုစုပေါင်းကေ ၅၂၈၀ ဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

# သာယာဝတီမြို့နယ် အောက်လက်ပံခုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်လက်ပံခုန်ကျေးရွာအုပ်စု အောက်လက်ပံခုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၉၄ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အောက်လက်ပံခုန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၉ ဦးကို ရန်ပုံငွေကျပ်၂၉၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

**ချိုသန်းညွန့်**

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း နှံကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း နှံကားစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက နှံကားစပါးတင်းရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း နှံကားစပါးတင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ နှံကားစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၃၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်နဲ့ ပုသိမ်ဈေးကွက်ကို အဓိကထားတင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ နှံကားစပါးတင်းရေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိဇန်နဝါရီလထဲမှာလဲ နှံကားစပါးကို အများအပြားဝယ်ယူဖို့ မှာယူမှုတွေရှိပါတယ်။ အခုလို နှံကားစပါးတွေ၊ အရောင်းအဝယ်ကောင်းလာတော့ လယ်ယာထွက်ကုန်တင်ပို့တဲ့ လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် နှံကားစပါးများအပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများကို စနစ်ကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် နှံကားစပါးများကို အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ကျောင်းကုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းမော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဆရာကြီးနှင့်မြေးတပည့်

## ချစ်နိုင်(စိတ်ပညာ)

> ❖ စစ်သား(ဗိုလ်သက်ပန်)၏ဘဝကံကြမ္မာဝမ်းနည်းစရာကို စာနာနားလည်မိပါတော့သည်။ ခြေထောက်ပဲပြတ်ပြတ်၊ ရည်းစားနှင့်ကွဲကွဲ၊ တိုင်းပြည်အတွက်တိုက်ပွဲဝင်၍ ကာကွယ်ရေးတာဝန်ကို နိုင်ငံသားကောင်းတစ်ယောက်အနေနှင့် ပါဝင်ထမ်းဆောင်ရပေမှာပဲဟု မျက်ရည်ဝဲနေသည့်ကြားမှ အားတင်းမိသောခံစားချက်က ရင်ထဲသို့ရောက်လာလေသည်။ အသက်က ဆယ်နှစ်ကျော်မျှသာရှိသေးသော်လည်း လူသားတစ်ယောက်၏ နိုင်ငံနှင့်ပြည်သူအတွက် ဦးစားပေးစဉ်းစားတတ်ရခြင်း (တစ်နည်းအားဖြင့်) "နိုင်ငံချစ်စိတ်"ကို စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်(ပါမောက္ခချုပ် ဦးခင်မောင်တင့်)က မျှဝေပေးခဲ့ရာ မြေးတပည့်စာဖတ်သူလေးသည် ခံစားနားလည်ခံယူခဲ့ပါတော့သည်။ ❖

**"လူ့ဘဝ၏အနှစ်သာရကား ကတညုတ ကတဝေဒီ မင်္ဂလာတရားတော်အရ ပတ်ဝန်းကျင်ကို အတတ်နိုင်ဆုံး ကျေးဇူးဆပ်ရန်ဖြစ်၏"**

**ဦးရွှေအောင်(၁၉၂၈-၁၉၉၄)**

**(ဓမ္မပဒ၊ အပ္ပမာဒဝဂ်၊ ကုမ္ဘဃောသကဇာတ်မှ)**

**နိဒါန်း**

လူချင်းမတွေ့ရဖူးမီကပင် ဆရာကြီး၏လက်ရာဝတ္ထုစာပေများနှင့် စတင်ထိတွေ့ခဲ့ရပါသည်။ အကြောင်းတိုက်ဆိုင်စွာပင် ထိုစဉ်ကရွာထဲမှ ကာလသားတချို့အိမ်သို့ရောက်ရှိရင်းဖြင့် ဝတ္ထုစာအုပ်တစ်အုပ်မိမိတို့ညှော့ခန်းစားပွဲပေါ်တွင် ထားရစ်ခဲ့သည်။ သူဖတ်နေသော စာအုပ်ဖြစ်ပါလိမ့်မည်။ ထိုစဉ်မှာ စာရေးသူက အလယ်တန်းကျောင်းသားအရွယ် ဖြစ်ပါသည်။ မူလတန်းကျောင်းသားအရွယ်ကပင် အဖေကျောင်းဆရာက လစဉ်ဝယ်ပေးခဲ့သဖြင့် (ကာတွန်းအောင်ရှိန်၊ ကာတွန်းသန်းကြွယ်၊ ရုပ်ပြ ဦးဘကြည်၊ ရုပ်ပြမောင်စိန် စသောအရုပ်ပါသော ပြား ၆၀ တန်စာအုပ်များ၊ တစ်ကျပ်တန် ခလေးဂျာနယ် (ခလေးဂျာနယ်၊ ဆရာဇဝနအယ်ဒီတာချုပ်လုပ်စဉ်က မြဝတီစာပေတိုက်မှ ထုတ်ဝေခဲ့ပါသည်) စာဖတ်ကျင့်ခဲ့ရသဖြင့် စားပွဲပေါ်တွင် မမျှော်လင့်ဘဲ တွေ့ရသော ဝတ္ထုစာအုပ်ကို ကောက်ယူလျက် ဖတ်ကြည့်မိပါ၏။

စတုတ္ထတန်း အတန်းပိုင်ဆရာဦးလှကျော်က သူ၏စာအုပ်စင်တွင်ရှိသော ရွှေဥဒေါင်း၊ မဟာဆွေ၊ ဓူဝံ၊ ဂျိမ်းစ်လှကျော်တို့၏ စုံထောက်မောင်စံရှား၊ ဇော်ဟိတ်၊ စောရသက်ပြင်း၊ မောင်ရင်မောင်၊ မမယ်မဝတ္ထုတို့ကို ယူဖတ်ခွင့်ပြုခဲ့သဖြင့် အချို့ဝတ္ထုစာအုပ်များကိုလည်း ဖတ်ဖူးခဲ့သော်လည်း မျက်ရည်ကျရလောက်အောင်တော့ အလွမ်းအဆွေးရသမခံစားရဖူးပါ။ ဦးစိန်မြင့်(ဆရာမောင်မိုးသူ)၏ မိုးဦးပန်းစာပေတိုက်က ထုတ်ဝေသော တက္ကသိုလ်ဘုန်းနိုင်ရေးသည့် "မုန်းရစ်လေဦးဝတ္ထု"ကမူ (၁၉၆၁ ခုနှစ်ခန့်က ဖြစ်ပါလိမ့်မည်) ဝတ္ထုအဆုံးဖတ်ပြီးသောအခါ မိမိမှာ တွေတွေငေးငေးဖြင့် မျက်ရည်ဝဲကာ ကျန်ရစ်ခဲ့ပါတော့သည်။ ရင်နင့်အောင် ကြေကွဲဆွေးမြည့်စွာ သနားအောင် ရေးဖွဲ့တတ်ပေစွ။

အမှန်က မြဝတီမဂ္ဂဇင်းတွင် "မုန်းရစ်လေဦးဝတ္ထုရှည်"သည် ၁၉၅၅ ခုနှစ်ဝန်းကျင်က ဖော်ပြခဲ့ဖူးပါသည်။ မဖတ်ဖူးလိုက်ပါ။ မိုးဦးပန်းစာပေက ဝတ္ထုရှည်စာအုပ်အနေဖြင့် လုံးချင်းစာအုပ်ထုတ်သောအခါတွင်မှ မထင်မှတ်ဘဲ ဖတ်လိုက်ရသောအခါ နိုင်ငံနှင့်လူမျိုးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်ရင်း ခြေထောက်တစ်ဖက်စွန့်လွှတ်ခြင်းအပြင် ချစ်သူနှင့်ပါကွေ့ကွင်းရသော စစ်သား(ဗိုလ်သက်ပန်)၏ဘဝကံကြမ္မာ ဝမ်းနည်းစရာကို စာနာနားလည်မိပါတော့သည်။ ခြေထောက်ပဲ ပြတ်ပြတ်၊ ရည်းစားနှင့် ကွဲကွဲ၊ တိုင်းပြည်အတွက် တိုက်ပွဲဝင်၍ ကာကွယ်ရေးတာဝန်ကို နိုင်ငံသားကောင်းတစ်ယောက်အနေနှင့် ပါဝင်ထမ်းဆောင်ရပေမှာပဲဟု မျက်ရည်ဝဲနေသည့်ကြားမှ အားတင်းမိသောခံစားချက်က ရင်ထဲသို့ရောက်လာလေသည်။ အသက်က ဆယ်နှစ်ကျော်မျှသာရှိသေးသော်လည်း လူသားတစ်ယောက်၏ နိုင်ငံနှင့်ပြည်သူအတွက် ဦးစားပေးစဉ်းစားတတ်ရခြင်း (တစ်နည်းအားဖြင့်) "နိုင်ငံချစ်စိတ်"ကို စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်(ပါမောက္ခချုပ် ဦးခင်မောင်တင့်)က မျှဝေပေးခဲ့ရာ မြေးတပည့်စာဖတ်သူလေးသည် ခံစားနားလည်ခံယူခဲ့ပါတော့သည်။

**ရုပ်ရှင်**

"မုန်းရစ်လေဦး"ဝတ္ထုကို စာရေးသူသာနှစ်သက်စွဲလမ်းခဲ့ရသည်မဟုတ်၊ ရုပ်ရှင်ဒါရိုက်တာမောင်မောင်မြင့်၊ ဂီတမှူး၊ အဆိုတော်၊ စန္ဒရားလှထွတ် စသော အနုပညာရှင်များကလည်း သတိထားမိကြ၏။ ထို့ကြောင့်ပင် မုန်းရစ်လေဦးသည် ကောလိပ်ဂျင်နေဝင်းပါဝင်သော ရုပ်ရှင်အဖြစ် (အဖြူအမည်းရုပ်ရှင်ခေတ်က)ပေါ်ထွက်ခဲ့ဖူးပါသည်။ ရုပ်ရှင်နောက်ခံတေးသီချင်းအဖြစ် စန္ဒရားလှထွတ်ကရေးဖွဲ့သီကုံး၊ တီးခတ်ပေးခဲ့ရာ နှစ်ပေါင်း ၆၀ကျော် ကာလတိုင်အောင် ဖြတ်သန်းရှင်သန်လျက် အဆိုတော်ပေါင်းများစွာက သီဆိုခဲ့ကြပါသည်။

**သီချင်း**

"မုန်းရစ်လေဦး"သီချင်းကို သီဆိုခဲ့ကြဖူးသောနာမည်ကျော် အဆိုတော်ပေါင်းများစွာအနက် စန္ဒရားလှထွတ်၊ ကိုမင်းနောင်၊ စန္ဒရားချစ်ဆွေ၊ မာမာအေး၊ ချိုပြုံး၊ လွှမ်းမိုးတို့ သီဆိုခဲ့ကြသည်ကို မှတ်မိပါသေး၏။ တီးခတ်ပုံဟန်ထား၊ စန္ဒရား လက်ကွက်၊ ခြောက်လုံးပတ်၊ နှဲ၊ ပလွေ၊ တယော၊ စည်းဝါး၊ တီးဝိုင်းအဖွဲ့၏ အထောက်အပံ့ပို့ပေးခြင်း လက်ရာအမျိုးမျိုး အနည်းငယ်စီ၊ အဆိုတော်များ၏ လေယူလေသိမ်း၊ အရှူအရှိုက်၊ အဟန့်အတန့်၊ အဆွဲအငင် မတူညီဘဲ ကွဲပြားကြပါသော်လည်း နားဆင်ကြသူများ၏ ရင်ထဲသို့စွဲဝင်လွှမ်းမောစေသော အနုပညာရသကိုတော့ ခံစားစေပါသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းစေရအောင် စွန့်လွှတ်တိုက်ခိုက်ခဲ့ကြသော စစ်သားဟောင်း၊ စစ်သားအို၊ စွန့်စား၊ စွန့်လွှတ်သူများအား နားလည်စာနာလေးစားကြရမည့်အစား လွဲမှားစွာ သဘောထားဖြင့် ပစ်ပယ်ပုတ်ခတ်ဆဲရေးသော လူတချို့ကို မြင်တွေ့လာရသောအခါ စာရေးသူမှာ ကွယ်လွန်ခဲ့ရှာပြီဖြစ်သော မိမိတို့၏ အဘိုးဆရာကြီး တက္ကသိုလ်ဘုန်းနိုင် (၁၉၂၀- ၂၀၀၂)အပေါ်တွင် အားတုံ့အားနာ ရှက်ရွံ့ကြေကွဲမိပါသည်။

**အမျိုးသားရေး**

ဤသီချင်းတစ်ပုဒ်၊ ဤဝတ္ထုတစ်အုပ်မျှနှင့် ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ကို ရိုသေချစ်ခင်နေခဲ့ခြင်းတော့မဟုတ်ပါ။ သူ့ကျွန်မခံပြီဟူသောနိုင်ငံကျော်ရောင်စုံမြင်ကွင်းကျယ်ရုပ်ရှင်ကားကြီး၏ မူရင်းဝတ္ထု "သူ့ကျွန်မခံပြီ" ဝတ္ထုကိုဖန်တီးရေးသားသော စာရေးဆရာအဖြစ်လည်း လေးစားရိုသေရပါ၏။ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ဝတ္ထုများက မိမိကို စစ်သားစစ်ဗိုလ်ဖြစ်စေခဲ့ပါ၏။ ဆရာကြီး၏ဝတ္ထုများက မိမိကိုယ်ကိုချိုးနှိမ်ရောင့်ရဲ၍ နှိမ့်ချစွာနေတတ်သော အလေ့အကျင့်ကိုရစေခဲ့ပါ၏။ မိဘနှစ်ပါးက ချမ်းသာကြွယ်ဝသူ၊ ရာထူးရာခံကြီးမြင့်သူများ မဟုတ်ကြပါသော်လည်း ဆင်းဆင်းရဲရဲချို့ချို့တဲ့တဲ့ ဘဝကိုပင် အပြုံးမပျက် ရုန်းကန်ဖြတ်သန်းရင်း ကျောင်းစာကြိုးစားသော စာတော်သည့်တပည့် တစ်ဦးဖြစ်အောင် စာဖတ်ခဲ့သူဖြစ်စေခဲ့ပါ၏။ ဝန်ထမ်းဘဝ အနှစ် ၂၀ ကျော်စဉ်မှာပင် စီမံထူးချွန်တံဆိပ်(ပထမအဆင့်) ၁၉၉၀ ပြည့်နှစ် လွတ်လပ်ရေးနေ့တွင် ပေးအပ်ချီးမြှင့်ခြင်းခံခဲ့ရပါ၏။

**စာပေစွမ်းအား**

လူတိုင်းလူတိုင်းက တာဝန်သိတတ်၊ တာဝန်ယူတတ်သူတွေဖြစ်လာကြစေရန် မိမိတို့ကိုယ်တိုင်က တာဝန်ကျေသူ၊ တာဝန်လေးစားသူ၊ ပေးအပ်လာသောတာဝန်ဟူသမျှကို အောင်မြင်သည်အထိ ခေါင်းတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်ရပါစေ၊ အသက်သွေးချွေးပေးလျက် ထမ်းဆောင်လိုစိတ်ရှိကြောင်း ပြသဦးဆောင်တတ်ရမည်ဟု နားလည်ခဲ့ရသည်။

ဆရာကြီးရေးသားသော ဤမြေမှာသည်၊ စိမ်းနေဦးမည့်ကျွန်တော့်မြေ၊ သူငယ်ချင်းလိုပဲဆက်၍ခေါ်မည်ခိုင်၊ ချစ်သော ဤကမ္ဘာ၊ လွမ်း၊ မိုးညအိပ်မက်မြူ နွေကန္တာဦး၊ ကမ္ဘာကုန်ကျယ်သရွေ့ဝယ်၊ မောင့်ဘဝညအလားကွယ်၊ လွမ်းတေးမဆုံးစေနှင့်စောသခင်၊ စသည် စသည်....။

**လမ်းပြရှေ့ဆောင်**

ဆင်းရဲနွမ်းပါးသော မိဘနှစ်ပါးမှမွေးဖွားသော စာကြိုးစားသည့်(ဝတ္ထုထဲကဇာတ်ကောင်) လူငယ်လေးက အခက်အခဲအကျပ်အတည်း အမျိုးမျိုးကို အနိုင်မခံဖြေရှင်းကျော်လွှားရင်း တိုင်းကျိုးပြည်ဆောင် လူကောင်းလူတော်၊ ဆရာဝန်၊ စစ်ဗိုလ်၊ ကထိက၊ ပါမောက္ခစသည် လေးစားခံထိုက်သော လူတစ်ယောက်ဖြစ်အောင် ကြိုးစားအားထုတ်ပုံများကို အားတက်စရာ၊ အားတင်းနိုင်အောင် ဝတ္ထုအနုပညာဖြင့် (သွယ်ဝိုက်ကာ) ထိရောက်စွာအားပေးထောက်ကူခဲ့ပါ၏။ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ ကလောင်များမှ ယိုစိမ့်စီးဆင်းလာသော စေတနာစေ့ဆော်မှု စာပေရေတံခွန်ရေစီးကြောင့် မိမိသည် တက္ကသိုလ်တက်ခွင့် ရွေးချယ်ခံရသောအခါ အဓိကဘာသာ စိတ်ပညာ၊ မန္တလေးဝိဇ္ဇာသိပ္ပံတက္ကသိုလ် (ဆရာကြီးအုတ်မြစ်ချ တည်ထောင်စတင်ခဲ့သော စိတ်ပညာဌာန)ကို ရွေးချယ်သင်ယူနိုင်ခဲ့ပါသည်။ ကြိုးစားမှုနှင့် ကံကောင်းခြင်းသည် မိမိဘဝတွင် အဖိုးဆရာကြီး ဤစာရေးဆရာ၏ စာများမှာ မြစ်ဖျားခံခဲ့ပါ၏။

**မျိုးဆက်သစ်**

ဆရာ၏ကျောင်းနေဖက်၊ အတွဲဆုံးအရင်းနှီးဆုံး သူငယ်ချင်းများဖြစ်ကြသော ဒေါက်တာကျော်စိန်၊ ဆရာကြီးဦးအုန်းဖေ (စိုးရိမ်သောကစာအုပ်ပြုစုသူ)၊ လုပ်ဖော်ကိုင်ဖက် ဒေါက်တာစိန်တူ၊ ဆရာကြီး၏ လက်ရင်းတပည့် ပါမောက္ခဦးခင်မောင်သန်း၊ ဒေါက်တာညီဝင်းမှန်၊ ပါမောက္ခဒေါ်ကြင်စိန် စသည်တို့၏တပည့်အဖြစ် မိမိက ပညာသင်ယူဆည်းပူးခွင့်ရခဲ့ပါ၏။

ဆရာကြီးဦးခင်မောင်သန်းက မိမိကို ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်ရှိရာ တောင်ကြီးကောလိပ်၊ ကျောင်းအုပ်ကြီးအိမ်ထိ ခေါ်ဆောင်သွားပြီး "ဒါကျွန်တော့်တပည့်ပါဆရာ၊ သူက ဆရာကြီးလို စာရေးဆရာဖြစ်ချင်လို့ ဆရာကြီးစာတွေကို အလွတ်ရအောင်ကျက်ပြီး ရူးတဲ့တပည့်ပါခင်ဗျာ"ဟု မိတ်ဆက်တွေ့ဆုံပေးပါ၏။ တစ်နေကုန်စကားပြောလျက် ကော်ဖီနှစ်ခွက်သုံးခွက်ထိ သောက်ကြပါသည်။ စားစရာများစားရင်း စကားလက်ဆုံ ဆရာကြီးဦးခင်မောင်တင့်၏ အချစ်ဆုံး၊ အားရဆုံး တပည့်တစ်ဦးဖြစ်ခဲ့သူ ဆရာကြီး ဦးခင်မောင်သန်း(၁၉၃၇-၂၀၁၀)ကသူ၏ အချစ်ဆုံးတပည့်များထဲက တစ်ယောက်ဖြစ်သူ မိမိနှင့် နှစ်ရက်တွေ့ဆုံစကားပြော၍ မိတ်ဆက်ပေးရှာသည်။

စာရေးသူမြဝတီစာပေတိုက်တွင် အမှုဆောင်အရာရှိချုပ်၊ စာတည်းမှူးချုပ်၊ ထုတ်ဝေသူတာဝန်ယူနေရစဉ် ဆရာကြီးဦးခင်မောင်သန်းသည် သန်လျင်မြို့ (ထိုစဉ်က မြို့အစွန်တစ်နေရာ) ဘုန်းကြီးကျောင်းတစ်ကျောင်းအနီးရှိ နှစ်ထပ်သွပ်မိုးအိမ်ကလေးသို့ မြေးတပည့်မိမိကိုပါ ခေါ်ဆောင်သွားပြီး အဘိုးဆရာ၊ အဖဆရာတို့နှင့် တစ်နေကုန်စကားလက်ဆုံကျကာ ပညာစုံအောင် ဆည်းပူးနားထောင်ခွင့်ရခဲ့ပါသေးသည်။ မန္တလေးမှ ဦးခင်မောင်သန်း ရန်ကုန်ဆင်းလာတိုင်း သန်လျင်သို့သွား၍ ဂါရဝပြုကြသည်။

ရေစက်မကုန်လျှင် ဆုံကြသည်ပင်။ ထိုစဉ်က မီးရထားဝန်ကြီး ဦးဝင်းစိန်က ဆရာကြီးမြသန်းတင့်၊ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ နုနုရည်(အင်းဝ)၊ ကဗျာဆရာသူရဇော်၊ မိမိနှင့် ဒေါက်တာမျိုးသန့်တင်ကို ဥက္ကဋ္ဌတာဝန်ပေးလျက် မြတ်မိခင်စာပေဆု ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းလုပ်ဆောင်စေခဲ့ပါသည်။ စာပေဆုများပေးနိုင်ခဲ့ပါသည်။ လူသိနည်းသော တွင်းသင်းမင်းကြီး မဟာစည်သူဦးထွန်းညိုပြုစုခဲ့သည့် "တွင်းသင်းရာဇဝင်သစ်၊ အတွဲများ" ပြန်လည်သန့်စင်၍ ပုံနှိပ်ထုတ်ဝေခဲ့သည့်အပြင် "သူ့ကျွန်မခံပြီ" ရုပ်ရှင်ဇာတ်ကားကို စီမံထုတ်လုပ်နိုင်ခဲ့ပါသေးသည်။ မူရင်းစာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်နှင့်အတူ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင်၊ ခတ်တော်ချိုင့်၊ စဉ့်ကိုင်၊ ဒုဋ္ဌဝတီမြစ်တောင်ခြေနေရာများ၊ ရောဝတီလှိုင်မြစ်၊ မော်ဘီမြောက်ဘက်လှတံခါးရွာ စသည့်ရိုက်ကွင်းများသို့ အတူသွား၊ အတူစား၊ အတူစကားပြောရင်း စာပေအနုပညာဆည်းပူးမှတ်သားခွင့် များစွာရခဲ့ပြန်ပါ၏။ မြတ်မိခင်စာပေအဖွဲ့မှာ ပါဝင်သူများမှာ ဆင်မဟုတ်ပါ။ ဂေါ်ဇီလာကြီးများဖြစ်ကြသည်။ လစဉ်ပုံမှန် အစည်းအဝေးလုပ်ရင်း ငြင်းကြခုံကြ၊ ရယ်မောကြနှင့် မိသားစုပမာ ဆရာကြီးမြသန်းတင့်၊ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်တို့နှင့် အနီးကပ်ထိတွေ့ခွင့်ရခဲ့ပါသည်။ ကံကောင်းပုံများ။

**နာယူမှတ်သား**

ထိုအချိန်က စာပေဟောပြောပွဲများလည်း မနားရအောင် လှည့်လည်ဟောပြောကြရသဖြင့် ပွဲပေါင်းများစွာ၊ မြို့ပေါင်းများစွာ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်နှင့် ခရီးအတူသွား၊ ထမင်းအတူစား၊ ညမှာအတူဟောပြော၊ ဆရာကြီးနှင့်မြေးတပည့်တို့တွေ့ဆုံကြရာ ဗဟုသုတဟင်းလေးအိုးကြီးမို့ သူ့အဖို့လည်း ပြော၍မကုန်၊ မိမိမှာလည်း နားထောင်၍ပင်မဝ။ သူနှင့် ရင်းနှီးချစ်ခင်ကြသော ဆရာကြီး ဦးအုန်းဖေနှင့် ဆရာကြီး ပါမောက္ခ ဦးခင်မောင်သန်းတို့ကလည်း မိမိရင်းချာသည့် ဆရာရင်းများဖြစ်၍ သူ၏ရှေးဟောင်းနှောင်းဖြစ်တို့ကို အခြားလူတွေထက် မိမိက အခံရှိသဖြင့် သိနိုင်လေသည်။ ပို၍နားလည်နိုင်ခဲ့သည်။

**စာမျက်နှာ ၅ သို့ á**

## ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၀၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပွင့်ဖြူ ဇန်နဝါရီ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၀၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာဧက ၁၆၁၅၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ နေကြာစိုက်ပျိုးခြင်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၅၀၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နေကြာဧက ၁၆၁၅၀ လျာထားစိုက်ပျိုးခဲ့ရာမှာ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ နေကြာစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးလာနိုင်ပါတယ်။ တောင်သူတွေအတွက် အထွက်နှုန်းကောင်းပြီး ဒေသနဲ့ကိုက်ညီတဲ့နေကြာမျိုးတွေ စိုက်ပျိုးနိုင်အောင်လဲ ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိနေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်စေရေး၊ ပိုးမွှားရောဂါ ကင်းရှင်းစေရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကိုဖူလုံစေရုံမျှမက ပိုလျှံမှုကိုပါ ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

á **စာမျက်နှာ ၄ မှအဆက်**

**နိဂုံး**

လွမ်းစရာကောင်းပုံ၊ ရေစက်ဆုံစွာတိုက်တိုက်ဆိုင်ဆိုင် အတူတကွ ကြုံရပုံလည်း တွေ့ရသည်။ ရင်မှာဖိုလှိုက် ဦးခိုက်လေးစားရသည့်ကျေးဇူးရှင်ဆရာသမားများနှင့်။

"အလင်္ကာကျော်စွာဘွဲ့"၊ ၇၈ ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် ဘွဲ့ထူးဂုဏ်ထူးအမည်စာရင်း လွတ်လပ်ရေးနေ့ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက် သတင်းစာတွင်ဖတ်ရသည်။ စိစစ်ရွေးချယ်ဘွဲ့ပေးခဲ့သူများကို ကျေးဇူးစကားဆိုပါသည်။ ကျေးဇူးအထူးပါ။

**အလင်္ကာကျော်စွာဘွဲ့ရ ၅၂ ဦးအနက်မှ စာရေးဆရာဦးရေ ၂၀**

| | | |
|---|---|---|
| ၁။ | ပီမိုးနင်း | (၁၈၈၃-၁၉၄၀) |
| ၂။ | ဒဂုန်ရွှေမျှား | (၁၈၉၅-၁၉၈၂) |
| ၃။ | သိပ္ပံမောင်ဝ | (၁၈၉၉-၁၉၄၂) |
| ၄။ | လူထုဦးလှ | (၁၉၁၀-၁၉၈၂) |
| ၅။ | သိန်းဖေမြင့် | ( ၁၉၁၄-၁၉၇၈) |
| ၆။ | ခင်မျိုးချစ် | (၁၉၁၅-၁၉၉၉) |
| ၇။ | လူထုဒေါ်အမာ | (၁၉၁၅-၂၀၀၈) |
| ၈။ | ဂျာနယ်ကျော်မမလေး | (၁၉၁၇-၁၉၈၂) |
| ၉။ | ဒဂုန်တာရာ | (၁၉၁၉-၂၀၁၃) |
| ၁၀။ | မိုလ်တာရာ(ရဲဘော်သုံးကျိပ်) | (၁၉၁၉-၁၉၉၃) |
| ၁၁။ | သော်တာဆွေ | (၁၉၁၉-၁၉၈၅) |
| **၁၂။** | **တက္ကသိုလ်ဘုန်းနိုင်** | **(၁၉၂၀-၂၀၀၂)** |
| ၁၃။ | သာဂဒိုး | (၁၉၂၆-၂၀၁၀) |
| ၁၄။ | မှုံးသပြေ | (၁၉၂၇-၂၀၁၀) |
| ၁၅။ | မြသန်းတင့် | (၁၉၂၉-၁၉၉၈) |
| **၁၆။** | **ချစ်နိုင်(စိတ်ပညာ)** | **(၁၉၄၈- ----)** |
| ၁၇။ | ရှုမဝဦးကျော် | စာရေးဆရာ၊ ဒါရိုက်တာ |
| ၁၈။ | ဝင်းဖေ | စာရေးဆရာ၊ ဒါရိုက်တာ |
| ၁၉။ | ငြိမ်းမင်း | အတတ်ပညာရှင်(အမျိုးသား စာပေဆုရ) |
| ၂၀။ | မြသန်းစံ | တေးရေးပညာရှင် |

အဘိုးဆရာတက္ကသိုလ်ဘုန်းနိုင် (၁၉၂၀-၂၀၀၂) နှင့်အတူ သူ၏မြေးတပည့်မောင်ချစ်နိုင်လေးမှာ ဘဝတစ်သက်တာအတွက် ကြည်နူးဝမ်းသာ၊ ပြောမပြတတ်အောင် စိတ်ခံစားရပါ၏။ ၂၀၂၆ ခုနှစ် လွတ်လပ်ရေးနေ့တွင် အလင်္ကာကျော်စွာဘွဲ့ ဂုဏ်ပြုပေးအပ်ခြင်းခံရသူ ၅၂ ဦးရှိခဲ့ရာ စာရေးဆရာဦးရေ ၂၀ ပါဝင်သည်။ ရုပ်ရှင်အနုပညာနယ်ပယ်ကသာ များလေသည်။ စာရေးဆရာထဲက သက်ရှိထင်ရှားရှိနေသေးသူမှာမများလှပေ။ မကွယ်လွန်သေးခင် ပေးသူ၊ ဘွဲ့ချီးမြှင့်သူ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးအထူးတင်ရပါပေသည်။

အားလုံးပင်ဘေးဘယာဝေးကွာလျက် ကျန်းမာ၊ ချမ်းသာ၊ အောင်မြင်တိုးတက်ကြပါစေ။

## ပြည်သူ့အောင်ပွဲ

❍ ဆောင်းဟေမာန် အန်တု
အမှောင်ထု ဂရုမမူ
တို့ပြည်သူ ရုံးစုလို့
အုံးအုံးထု စုံစုံညီ
မဲရုံသို့ချီ။
❍ လမ်းလျှောက်လို့လာ
ဆိုင်ကယ်တွေစီး
လှေသမ္ဗန် ကားအဖုံဖုံနဲ့
မြင်ရသူ ဘဝင်ခိုက်ကာ
လိုက်ပါဆင်နွှဲ။
❍ မဲရုံတစ်ခွင်မှာဖြင့်
လာသူလာ သွားသူသွား
ကျောင်းသား ကျောင်းသူ
တောင်သူနဲ့ လုပ်သား
ပွဲစားကုန်သည် အိမ်သူတွေလည်းပါသေးဟေ့။
❍ ပြည်သူ့ရင်ထဲ အခဲသားဝင်လိုက်ရ
အပြုံးကိုယ်စီ စိတ်ရင်းမှန်စေတနာသိလို့
တို့တိုင်းပြည်ရှေ့အရေး အေးစေရန်သန္နိဋ္ဌာန်နဲ့
နိုင်ငံသားပြည်သူများရဲ့ ဆန္ဒပေးပွဲ။
တို့နိုင်ငံ တို့ပြည်သူရဲ့
ပြည်သူ့အောင်ပွဲ။

**ကိုကိုလွင်(ရန်ကင်း)**

## သနပ်ပင်မြို့နယ် ကလိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**သနပ်ပင် ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကလိုင်ကျေးရွာအုပ်စု ကလိုင်ကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်း၊ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက လုပ်ငန်းများ ရေရှည်တည်တံ့စေရေး တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကလိုင်ကျေးရွာ၌ ဂါလန် ၂၄၀၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်းဖြင့် ၂၀၂၅ ခုနှစ် ဇူလိုင်လတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ပြောပြ၍ သိရသည်။

**နွဲ့ယဉ်**

# နိုင်ငံတကာ သတင်းများ

## ငြိမ်းချမ်းရေးနိုဘယ်ဆုကို လွှဲပြောင်းခွင့်မရှိကြောင်း နော်ဝေ နိုဘယ်အင်စတီကျူ သတင်းထုတ်ပြန်




**နယူးယောက် ဇန်နဝါရီ ၁၁**

ငြိမ်းချမ်းရေး နိုဘယ်ဆုကို အခြားသူတစ်ဦးထံ လွှဲပြောင်းခြင်း၊ မျှဝေသုံးစွဲခြင်း၊ ပြန်လည်ပယ်ဖျက်ခြင်းများ ပြုလုပ်၍မရနိုင်ကြောင်း နော်ဝေ နိုဘယ်အင်စတီကျူက ဇန်နဝါရီ ၁၀ ရက်တွင် သတင်း ထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဗင်နီဇွဲလား အမျိုးသမီးအတိုက်အခံခေါင်းဆောင် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်မာချာဒိုက ၎င်းရရှိထားသည့် ၂၀၂၅ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို ပေးအပ်နိုင်ဖွယ်ရှိကြောင်း ပြောကြားခဲ့ပြီးနောက် နော်ဝေ နိုဘယ်အင်စတီကျူ၏ အဆိုပါသတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

တစ်စုံတစ်ဦးကို ငြိမ်းချမ်းရေးနိုဘယ်ဆုချီးမြှင့်ရေးဆုံးဖြတ်ချက်သည် အပြီးသတ်ဆုံးဖြတ်ချက်ဖြစ်သကဲ့သို့ အမြဲတမ်းတည်တံ့သည့် ဆုံးဖြတ်ချက်လည်း ဖြစ်ကြောင်း နော်ဝေ နိုဘယ်အင်စတီကျူက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆုကို နော်ဝေ နိုဘယ်အင်စတီကျူက ကြေညာခဲ့ချိန်ကပင် အဆိုပါဆုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အတွက် ရည်စူးကြောင်း မာချာဒိုက ပြောကြားထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုရက်သတ္တပတ်အတွင်း ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် မာချာဒိုကို လက်ခံတွေ့ဆုံရန် စီစဉ်ထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကိုယ်တိုင်သည်လည်း ငြိမ်းချမ်းရေးနိုဘယ်ဆုကို ရယူနိုင်ရန် စိတ်ဝင်စားသူဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်ပစ်မှတ်များကို အမေရိကန်တပ်မတော် လေကြောင်းတိုက်ခိုက်မှုပြုလုပ်

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

ဆီးရီးယားနိုင်ငံ အတွင်းရှိ အစ္စလာမ္မစ် အကြမ်းဖက်အုပ်စု (အိုင်အက်စ်)ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း အမေရိကန် တပ်မတော်က ဇန်နဝါရီ ၁၀ ရက်တွင် သတင်း ထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း ဆီးရီးယားနိုင်ငံ အလယ်ပိုင်း ပယ်လ်မိုင်ရာမြို့၌ ဖြစ်ပွားခဲ့သည့် အိုင်အက်စ်အုပ်စု တိုက်ခိုက်မှုကြောင့် အမေရိကန်နိုင်ငံသား သုံးဦး သေဆုံးခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဆီးရီးယားနိုင်ငံ အလယ်ပိုင်း ပယ်လ်မိုင်ရာမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်က အိုင်အက်စ်အုပ်စုဝင်တစ်ဦး၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦးနှင့် အရပ်သားတစ်ဦး သေဆုံးခဲ့သည်။

ထိုတိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နှင့် ဂျော်ဒန်နိုင်ငံတို့က ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာပင် ဆီးရီးယားနိုင်ငံတွင်းရှိ အိုင်အက်စ်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၃ ရက် တိုက်ခိုက်မှုသည် ဆီးရီးယားသမ္မတ အာဆတ်ရာထူး စွန့်လွှတ်ခဲ့ပြီးနောက်ပိုင်း ဆီးရီးယားနိုင်ငံ၌ ပထမဆုံးဖြစ်ပွားခဲ့သည့် အိုက်အက်စ် တိုက်ခိုက်မှုဖြစ်သည်။

၂၀၁၄ ခုနှစ်အတွင်း ဆီးရီးယားနယ်မြေအများအပြားကို ထိန်းချုပ်နိုင်ခဲ့သည့် အိုက်အက်စ်အုပ်စုသည် နိုင်ငံတကာ လေကြောင်းတိုက်ခိုက်မှုများနှင့် နယ်ခံမြေပြင်တပ်များ၏ တိုက်ခိုက်မှုတို့ကြောင့် အရေးနိမ့်ခဲ့ရသော်လည်း ဆီးရီးယားကန္တာရဒေသများ၌ ကျန်ရှိနေကြဆဲဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂါဇာကမ်းမြောင်ငြိမ်းချမ်းရေး နိုင်ငံတကာတပ်ဖွဲ့၌ ပူးပေါင်းပါဝင်ရန် ဘင်္ဂလားဒေ့ရှ် ကြိုးပမ်းနေ

**ဒါကာ ဇန်နဝါရီ ၁၁**

ဂါဇာကမ်းမြောင်ဒေသ၌ ဖြန့်ကြက်မည့် နိုင်ငံတကာတည်ငြိမ်ရေးတပ်ဖွဲ့တွင် ပါဝင်ရန်အတွက် ကြိုးပမ်းနေကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ဇန်နဝါရီ ၁၀ ရက်တွင် သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂါဇာကမ်းမြောင် ဒေသတည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့၌ ပူးပေါင်းပါဝင်ရန်အတွက် ဆန္ဒရှိနေမှုကို အမေရိကန်နိုင်ငံကို အသိပေးထားကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရ ကြေညာချက်၌ ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ် အမျိုးသားလုံခြုံရေးအကြံပေး ခါလီလာရာမင်သည် အမေရိကန်သံတမန်များနှင့် ဝါရှင်တန်မြို့၌ တွေ့ဆုံဆွေးနွေးစဉ် ဂါဇာတည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့၌ ပါဝင်လိုသည့်ဆန္ဒကို ခါလီလာရာမင်က အသိပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဂါဇာတည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့၌ မည်မျှအတိုင်းအတာထိပါဝင်ရန် ရည်ရွယ်ထားသည်ကို ဘင်္ဂလားဒေ့ရှ် အစိုးရသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေးအစီအစဉ်အရ အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူနိုင်ချိန်တွင် ဂါဇာဒေသ တည်ငြိမ်ရေးအတွက် နိုင်ငံတကာ တပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဖြန့်ကြက်ရန် အဆိုပြုထားသည်။

ထိုအဆိုပြုချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက အတည်ပြု ပေးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဖက်ဒရယ်ဝန်ထမ်းပစ်ခတ်၍ အမျိုးသမီးတစ်ဦးသေဆုံးပြီးနောက် မင်နီယာပိုလစ်မြို့၌ ဆန္ဒပြမှုဖြစ်ပွား




**ဝါရှင်တန် ဇန်နဝါရီ ၁၁**

အမေရိကန်အစိုးရ လူဝင်မှုကြီးကြပ်ရေးဌာန ဝန်ထမ်းတစ်ဦး၏ ပစ်ခတ်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီးနောက် မင်နီဆိုးတားပြည်နယ် မင်နီယာပိုလစ်မြို့၌ ဇန်နဝါရီ ၁၀ ရက်တွင် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင်ဖော်ပြထားသည်။

မင်နီယာပိုလစ်မြို့ ဆန္ဒပြပွဲများတွင် ဆန္ဒပြသူထောင်ပေါင်းများစွာ ပါဝင်ခဲ့ကြကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါဆန္ဒပြပွဲများတွင် ဆန္ဒပြသူများက မင်နီယာပိုလစ်မြို့၌ တာဝန်ချထားသည့် အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဌာန ဝန်ထမ်းများကို ပြန်ရုပ်သိမ်းရန် အစိုးရကို တောင်းဆိုခဲ့သည်။

ဇန်နဝါရီ ၇ ရက်က အမေရိကန် လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းတစ်ဦး၏ ပစ်ခတ်မှုကြောင့် ရန်နီဂွတ်အမည်ရှိ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ပြီးနောက် မင်နီယာပိုလစ်မြို့၌ ဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

မင်နီယာပိုလစ်မြို့ စိန့်ပေါလ်နယ်မြေ၌ အမေရိကန်အစိုးရက ဖက်ဒရယ်အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း ၂၀၀၀ ခန့် စေလွှတ်ဖြန့်ကြက်ခဲ့ပြီးနောက် ဇန်နဝါရီ ၇ ရက်တွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရန်နီဂွတ်အမည်ရှိ သေဆုံးသူအမျိုးသမီးသည် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းတစ်ဦးထံ မော်တော်ယာဉ်ဖြင့် တိုးဝင်လာမှုကြောင့် အဆိုပါဝန်ထမ်းက ကိုယ့်ကိုယ်ကိုယ်ကာကွယ်သည့် အနေဖြင့် ပစ်ခတ်ခဲ့ရခြင်း ဖြစ်သည်ဟု အမေရိကန်အစိုးရ အမိမြေလုံခြုံရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မောင်းသူမဲ့ဒရုန်းယာဉ်ကိစ္စ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် တောင်ကိုရီးယားကို ကင်ယိုဂျောင်တိုက်တွန်း

**ပြုံယမ်း ဇန်နဝါရီ ၁၁**

မြောက်ကိုရီးယား လေပိုင်နက်အတွင်းဖြစ်ပွားခဲ့သော မောင်းသူမဲ့ဒရုန်းယာဉ်ပြဿနာနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးပေးရန် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်၏ညီမ ကင်ယိုဂျောင်က ဇန်နဝါရီ ၁၀ ရက်တွင် တောင်ကိုရီးယားအစိုးရကို တိုက်တွန်းခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၄ ရက်က တောင်ကိုရီးယား မောင်းသူမဲ့ဒရုန်းယာဉ် တစ်စင်း မြောက်ကိုရီးယား လေပိုင်နက်အတွင်းသို့ ဝင်ရောက်ခဲ့မှုကြောင့် ပစ်ချခဲ့ရကြောင်း မြောက်ကိုရီးယား တပ်မတော်က ဇန်နဝါရီ ၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် တောင်ကိုရီးယားအနေဖြင့် မြောက်ကိုရီးယား လေပိုင်နက်အတွင်းသို့ မောင်းသူမဲ့ဒရုန်းယာဉ်များစေလွှတ်ခြင်းဖြင့် ရန်စလှုံ့ဆော်နေကြောင်း မြောက်ကိုရီးယား တပ်မတော် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့အတူ အဆိုပါ မောင်းသူမဲ့ဒရုန်းယာဉ်ဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးပေးရန် ကင်ဂျုံအန်၏ညီမ ကင်ယိုဂျောင်က တောင်ကိုရီးယားအစိုးရကို တိုက်တွန်းထားသည်။

သို့ရာတွင် မြောက်ကိုရီးယားနိုင်ငံကို ရန်စရန် ရည်ရွယ်ချက်မရှိကြောင်း တောင်ကိုရီးယားအစိုးရက ၎င်း၏ တရားဝင်ရပ်တည်ချက်ကြေညာခဲ့မှုကို မိမိကြိုဆိုကြောင်း ကင်ယိုဂျောင်က ပြောကြားထားသည်။

မြောက်ကိုရီးယား လေပိုင်နက်အတွင်းဝင်ရောက်ခဲ့သော မောင်းသူမဲ့ဒရုန်းယာဉ်မှာ တောင်ကိုရီးယားတပ်မတော်၏ မောင်းသူမဲ့ဒရုန်းယာဉ် မဟုတ်သော်လည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဟု တောင်ကိုရီးယား အစိုးရက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO





# SCIENCE AND TECHNOLOGY

## ISS သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဆေးဘက်ဆိုင်ရာပြဿနာတစ်ရပ်ကြောင့် အာကာသယာဉ်မှူးလေးဦး မစ်ရှင်သက်တမ်းမပြည့်မီ ကမ္ဘာမြေသို့ပြန်လည်ဆင်းသက်ရမည်



**ဝါရှင်တန် ဇန်နဝါရီ ၁၁**

နိုင်ငံတကာ အာကာသစခန်း (ISS) သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဆေးဘက်ဆိုင်ရာ ပြဿနာတစ်ရပ်ကြောင့် အာကာသယာဉ်မှူး လေးဦးအနေဖြင့် မစ်ရှင်သက်တမ်းမပြည့်မီ ကမ္ဘာမြေသို့ပြန်လည် ဆင်းသက်ရမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၀ ရက်သတင်းများအရ သိရသည်။

အာကာသယာဉ်မှူး တစ်ဦး၏ ကျန်းမာရေး အခြေအနေကြောင့် Crew–11 မစ်ရှင် အာကာသယာဉ်မှူး လေးဦးကို မစ်ရှင်သက်တမ်း မပြည့်မီ ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ထားသည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Crew–11 အာကာသယာဉ်မှူး လေးဦးမှာ နာဆာအာကာသယာဉ်မှူး ဇီနာကာ့ဒ်မင်းနှင့် မိုက်ကယ်မင့်စ်ကီ၊ ဂျပန်အာကာသယာဉ်မှူး ကီမီယာယူအီနှင့် ရုရှားအာကာသယာဉ်မှူး အိုလက်ပလာတိုနော့ဗ်တို့ဖြစ်ကြသည်။

အဆိုပါ အာကာသယာဉ်မှူး လေးဦးကို ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် စပေ့အိတ်ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်ဖြင့် နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာမကျန်းဖြစ်နေသော အာကာသယာဉ်မှူးနှင့် ပတ်သက်၍ အသေးစိတ် အချက်အလက်များကို နာဆာအဖွဲ့ ထုတ်ပြန်ထားခြင်း မရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ကြယ်စုတစ်ခုအတွင်းမှ မဟာအာကာသတွင်းနက်တစ်ခု လွှတ်ထွက်လာမှုကို နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က အတည်ပြုနိုင်

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

ကြယ်စုတစ်ခုအတွင်းမှ မဟာအာကာသတွင်းနက်တစ်ခု လွှတ်ထွက်လာမှုကို အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က အတည်ပြုနိုင်ကြောင်း ဇန်နဝါရီ ၁၀ ရက်သတင်းများအရ သိရသည်။

အဆိုပါ မဟာအာကာသတွင်းနက်သည် ၎င်းမူလတည်ရှိရာ ကြယ်စုထဲမှ တစ်နာရီလျှင် မိုင်ပေါင်း ၂ ဒသမ ၂ သန်း အမြန်နှုန်းဖြင့် လွှတ်ထွက်လာခြင်းဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်မှ ရရှိသည့် သတင်း အချက်အလက်များအရ မဟာအာကာသ တွင်းနက်၏ ဒြပ်ထုမှာ နေအစင်းပေါင်း သန်း ၂၀ ၏ ဒြပ်ထုနှင့်ညီမျှကြောင်း သိရသည်။



ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်အနေဖြင့် ကြယ်စုတစ်ခုထဲမှ မဟာအာကာသ တွင်းနက်တစ်ခု လွှတ်ထွက်လာမှုကို ပထမဆုံးအကြိမ်အဖြစ် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မဟာအာကာသတွင်းနက်ကို နာဆာ၏ ဟက်ဘယ် အာကာသ ရေဒီယိုတယ်လီစကုပ်က ၂၀၂၃ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သော်လည်း ထိုစဉ်က ထူးဆန်းသော အလင်းတန်းတစ်ခုအသွင်ဖြင့်သာ တွေ့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

၎င်းမဟာအာကာသတွင်းနက်သည် စကြဝဠာ၏သက်တမ်း နှစ်ပေါင်း ခုနစ်ဘီလီယံသို့အရောက်တွင် မိခင်ကြယ်စုထဲမှ လွှတ်ထွက်လာခြင်းဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## ၂၄ ပီ / ချောက်မက်စ်ကြယ်တံခွန်က နေကိုအနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

၂၄ ပီ/ချောက်မက်စ် အမည်ရှိ ကြယ်တံခွန်သည် နေကို အနီးဆုံးမှတ်မှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

၂၄ ပီ/ချောက်မက်စ် ကြယ်တံခွန်သည် ဇန်နဝါရီ ၈ ရက်တွင် နေကို အနီးဆုံးမှတ်ဖြစ်သည့် မိုင်ပေါင်း ၁၀၉ ဒသမ ၇ သန်း အကွာမှတစ်ဆင့် ဖြတ်ကျော်ပျံသန်းခဲ့ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သိပ္ပံပညာရှင်များက ပြောကြားသည်။

၂၄ ပီ/ချောက်မက်စ် ကြယ်တံခွန်ကို ပြင်သစ်နက္ခတ္တ သိပ္ပံပညာရှင် အလက်ဇန်းဒါး ချောက်မက်စ်က ၁၉၁၁ ခုနှစ်တွင် အဝန်း ၁၆ လက်မ တယ်လီစကုပ်ဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြယ်တံခွန်သည် ရှစ်နှစ်လျှင် တစ်ကြိမ်ကျ နေကို အနီးဆုံးမှတ်မှဖြတ်ကျော် ပျံသန်းလေ့ရှိကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

၂၄ ပီ/ချောက်မက်စ် ကြယ်တံခွန်သည် ကြာသပတေးဂြိုဟ်နေပတ်လမ်းအလွန်တွင် နေရာယူ၍ နေကိုလှည့်ပတ်နေသော ကြယ်တံခွန်ဖြစ်သည်။

နေကို ဇန်နဝါရီ ၈ ရက်တွင် အနီးဆုံးမှတ်မှ ဖြတ်ကျော်ပျံသန်းချိန်တွင် ၂၄ ပီ/ချောက်မက်စ် ကြယ်တံခွန်၏ အလင်းမဂ္ဂနီကျူ + ၆ ဒသမ ၅ ထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

# HEALTH

## တရားထိုင်ခြင်းဖြင့် Dementia ရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်

**နယူးယောက် ဇန်နဝါရီ ၁၁**

တရားထိုင်ခြင်းဖြင့် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

လွန်ခဲ့သော နှစ်ရာပေါင်းများစွာကပင် ရှိခဲ့သည့် တရားထိုင်မှု အလေ့အကျင့်သည် စိတ်ကိုနှပျို စေရေးအတွက် အထောက်အကူပြုကြောင်း လက်ခံထားကြသော်လည်း အဆိုပါအကျိုးကျေးဇူးကို ဖန်တီးပေးသည့် ဇီဝဖြစ်စဉ်ကိုမူ သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိခဲ့ပေ။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တရားထိုင်ခြင်းသည် Dementia ရောဂါ၏ ဇီဝလက္ခဏာများဖြစ်ကြသော အမိုင်လွိုက်ဘီတာ ပရိုတင်းများကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် တရားထိုင်စဉ်အတွင်း ထွက်လေဝင်လေကို ဖြေးညင်းသိမ်မွေ့စွာ ရှူသွင်းရှူထုတ်ပြုလုပ်မှုသည် နှလုံး၏လှိုင်းအားကို မြှင့်တင်ပေးနိုင်ပြီး သွေးအတွင်းရှိ အမိုင်လွိုက်ဘီတာ ပရိုတင်းများကို လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမိုင်လွိုက်ဘီတာပရိုတင်းများသည် အဖြစ်အများဆုံး Dementia ရောဂါပုံစံဖြစ်သည့် အယ်ဇိုင်းမားရောဂါ၏ အဓိကဇီဝလက္ခဏာများဖြစ်သည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်နှင့် ၃၅ နှစ်ကြားရှိသည့် ၈၉ ဦးတို့ဖြင့် လက်တွေ့ စမ်းသပ်မှုများပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

**Ref : Sputnik News**

**Trs : KKO**

## အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေကို GLP-1 အုပ်စုဝင်ဆေးများက လျှော့ချပေးနိုင်

**နယူးယောက် ဇန်နဝါရီ ၁၁**

Ozempic နှင့် Wegovy ကဲ့သို့ GLP–1 အုပ်စုဝင် ကိုယ်အလေးချိန် လျှော့ချရေး ထိုးဆေးများသည် အူမကြီးကင်ဆာ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဇန်နဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

အူမကြီးကင်ဆာရောဂါသည် အသက် ၅၀ အောက် အမေရိကန် လူငယ်များကြား ဖြစ်ပွားမှုနှုန်းမြင့်တက်လာသည့် ကင်ဆာရောဂါတစ်မျိုးဖြစ်သည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာချက်အရ Ozempic ကဲ့သို့ GLP–1 အုပ်စုဝင်ဆေးများသည် အက်စပရင်ဆေးများထက်ပို၍ အူမကြီးကင်ဆာရောဂါ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် GLP–1 အုပ်စုဝင်ဆေးများသည် အူမကြီးကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့ချရာတွင် အက်စပရင်ဆေးများထက်လည်း ပို၍ ဘေးထွက်ဆိုးကျိုး နည်းပါးကြောင်း၊ GLP–1 အုပ်စုဝင်ဆေးများသည် အက်စပရင်ဆေးများထက်ပို၍ အူမကြီးကင်ဆာဖြစ်နိုင်ခြေကို ၃၆ ရာခိုင်နှုန်း ပို၍ လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အူမကြီးကင်ဆာဖြစ်နိုင်ခြေ မြင့်မားမှု ၂၈၀၀၀၀ တို့၏ ကျန်းမာရေး အချက်အလက်များကိုလေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# အာဖရိကဖလားပြိုင်ပွဲတွင် အိုင်ဗရီကို့စ်အသင်းကို အနိုင်ရပြီး အီဂျစ်အသင်း ဆီမီးဖိုင်နယ်တက်ရောက်

**ရာဘတ် ဇန်နဝါရီ ၁၁**

အာဖရိကဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အီဂျစ်အသင်းနှင့် အိုင်ဗရီကို့စ်အသင်းတို့ တွေ့ဆုံခဲ့ရာ အီဂျစ်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါပွဲစဉ်တွင် အိုင်ဗရီကို့စ်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားခဲ့သော်လည်း တန်ပြန် တိုက်စစ်မှတစ်ဆင့် ပွဲချိန်လေးမိနစ်တွင် မာမွတ်၊ ပွဲချိန် ၃၂ မိနစ်တွင် ရာဘီယာတို့က အီဂျစ်အသင်းအတွက် ဦးဆောင်ဂိုးများသွင်းယူခဲ့ကြပြီး ပွဲချိန်မိနစ် ၄၀ တွင် အီဂျစ်အသင်း ခံစစ်ကစားသမားက ကိုယ့်ဂိုးကိုယ် သွင်းယူမိသည့်အတွက် အိုင်ဗရီကို့စ်အသင်း ချေပဂိုး ပြန်လည်ရရှိကာ ပထမပိုင်းပြီးဆုံးချိန်တွင် အီဂျစ်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အီဂျစ်အသင်းက အိုင်ဗရီကို့စ်အသင်း၏ ဖိအားပေးမှုများဖြင့် ရင်ဆိုင်ခဲ့ရပြီး အဆုံးသတ်ပိုင်း မသေချာမှုကြောင့် ဂိုးမရခဲ့ဘဲ ပွဲချိန် ၅၂ မိနစ်တွင် အီဂျစ် အသင်း တန်ပြန်တိုက်စစ်မှ ဆာလာဟ်က တတိယဂိုး ထပ်မံသွင်းယူခဲ့ပြီး ပွဲချိန် ၇၃ မိနစ်တွင် အိုင်ဗရီကို့စ်အသင်း ခံစစ်ကစားသမားက ချေပဂိုး ထပ်မံသွင်းယူခဲ့သော်လည်း လက်ကျန်ပွဲချိန်များတွင် နှစ်သင်းလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိဘဲ ပွဲပြီးဆုံးချိန်တွင် အီဂျစ်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

အီဂျစ်အသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် မာလီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ဆီနီဂေါအသင်းနှင့် တွေ့ဆုံမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**



### အားကစားသတင်းအတိုအထွာများ

- အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်သာ ကျန်ရှိသည့် မာတင်နယ်လီက အသင်းမှထွက်ခွာရန် ပြင်ဆင်နေသောကြောင့် အသင်းတာဝန်ရှိသူများက ကစားသမားသစ်တစ်ဦးဖြင့် အစားထိုးရန်စီစဉ်နေကြောင်း သိရသည်။
- လိုက်ပ်ဇစ်အသင်းတွင် ခြေစွမ်းပြနေသည့် လူငယ်ကစားသမား နူဆာကို လီဗာပူးအသင်းကခေါ်ယူရန် ကနဦးကမ်းလှမ်းမှု စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။
- နော်တင်ဟမ်အသင်းက တန်းဆင်းဇုန်မှ လွတ်မြောက်ရန် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဖီနာဘာချီအသင်း တိုက်စစ်မှူးအန်နက်ဆီရီကို ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ **ML**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)တွင် ISPE အသင်းက Young Lionesses အသင်းကို ကိုးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် ဇန်နဝါရီ ၁၁**




မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် ISPE အသင်းနှင့် Young Lionesses အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက ကိုးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ISPE အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ခုနစ်မိနစ်နှင့် ၃၁ မိနစ်တွင် ရွှေရည်ထွန်း၊ ပွဲချိန် ၂၆ မိနစ်တွင် မိုးပွင့်ဖြူတို့ကဦးဆောင်ဂိုးများသွင်းယူခဲ့သည့်အတွက် ပထမပိုင်းတွင် ISPE အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ISPE အသင်းကပင် ဆက်လက်ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၄၉ မိနစ်တွင် ကမ္ဘာ့ကောင်၊ ပွဲချိန် ၆၃ မိနစ်၊ ၆၄ မိနစ်၊ ၈၁ မိနစ်၊ ၈၇ မိနစ်တို့တွင် ရွှေရည်ထွန်း၊ ပွဲချိန် ၆၇ မိနစ်တွင် ဆုပြည့်ပြည့်ကျော်တို့က ISPE အသင်းအတွက် ဦးဆောင်ဂိုးများ ဆက်လက်သွင်းယူခဲ့သဖြင့် ပွဲပြီးဆုံးချိန်တွင် ISPE အသင်းက ကိုးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)အဖြစ် ဇန်နဝါရီ ၁၂ ရက်တွင် သစ္စာအားမာန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊YREO အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**STA**

# မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်(၁၂)တွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ နိုင်ပွဲများရကြပြီး ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကျင်းပခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၂)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ကစားခဲ့ရာ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ဟံသာဝတီယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၆ မိနစ်တွင် အာကာ၊ ပွဲချိန် ၂၂ မိနစ်တွင် သန်းတိုးအောင်တို့က သွင်းယူခဲ့ကြပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် လေးမိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ပြည့်စုံအောင်က သွင်းယူခဲ့သည်။

အလားတူ ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရာမညယူနိုက်တက် အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ရာမညယူနိုက်တက် အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၄၇ မိနစ်တွင် ဇန်ပိုက သွင်းယူခဲ့ကြောင်း သိရသည်။

**STA**

# Brisbane International တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆာဘာလင်ကာ ဆွတ်ခူး

**ဘရစ္စဘိန်း ဇန်နဝါရီ ၁၁**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် ကျင်းပခဲ့သည့် Brisbane International တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ရပ်တည်နေသည့် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာက ယူကရိန်းတင်းနစ်မယ် ကော့ယူ့ခ်ကို အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ABC News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဆာဘာလင်ကာသည်ကော့ယူ့ခ်ကို (၆-၄၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး Brisbane International တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို နှစ်နှစ်ဆက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘာလင်ကာအနေဖြင့် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၁)နေရာဖြင့် အဆုံးသတ်ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင်လည်း ပုံစံကောင်း ရရှိရေးအတွက် လေ့ကျင့်ပြင်ဆင်မှုများကို အချိန်ပေးထားသကဲ့သို့ ရာသီသစ်ကို ချန်ပီယံဆုဖလားဖြင့် စတင်ခဲ့သည်။

ဆာဘာလင်ကာက “ပြိုင်ပွဲမှာ နှစ်နှစ်ဆက်တိုက် ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ၂၀၂၆ ခုနှစ်မှာ ပုံစံကောင်းတွေနဲ့ကစားနိုင်ဖို့အတွက် ပြင်ဆင်လေ့ကျင့်မှုအပိုင်းကို အချိန်ပေးခဲ့တယ်။ ဒီပြိုင်ပွဲမှာ အဆင့်တိုင်း ပုံစံကောင်း ရအောင်ကစားနိုင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်မှာလဲ စွမ်းဆောင်ရည်ကောင်းတွေပြသနိုင်ခဲ့ပြီးတော့ ရာသီသစ်ကို ချန်ပီယံတစ်ယောက်အဖြစ်နဲ့ စတင်နိုင်ခဲ့လို့လဲ ဝမ်းသာပါတယ်။ မကြာခင် ဂရန်းစလန်းပြိုင်ပွဲဖြစ်တဲ့ ဩစတြေးလျတင်းနစ်ပြိုင်ပွဲ စတင်တော့မှာဖြစ်ပါတယ်။ အဲ့ဒီအတွက်လဲ အကောင်းဆုံး ပြင်ဆင်သွားပါမယ်။ Brisbane International တင်းနစ်ပြိုင်ပွဲမှာလို ပုံစံကောင်းနဲ့ ကစားနိုင်အောင်လို့လဲ အာရုံစိုက်သွားပါမယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : ABC News**

**Trs : AZL**

# တောင်အာဖရိကနိုင်ငံ ကိပ်တောင်းပြည်နယ်၌ တောမီးလောင်ကျွမ်းပြီး သစ်တောဧရိယာ ဟက်တာ ၁၀၀၀၀၀ ကျော် ပျက်စီးခဲ့ရ



**ပရီတိုးရီးယား ဇန်နဝါရီ ၁၁**

တောင်အာဖရိကနိုင်ငံ ကိပ်တောင်းပြည်နယ်၌ တောမီးအကြီးအကျယ်လောင်ကျွမ်းပြီး သစ်တောဧရိယာ ဟက်တာ ၁၀၀၀၀၀ ကျော် ပျက်စီးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

ယနေ့ကောက်ယူထားသည့် သတင်း အချက်အလက်များအရ အဆိုပါ ကိပ်တောင်းပြည်နယ် အနီးတစ်ဝိုက် ဒေသများတွင် တောမီးကို အပြည့်အဝ ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့များ၊ အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များကို အင်အားတိုးမြှင့် ဖြန့်ကြက်ထားပြီး စစ်ဘက်သုံးရဟတ်ယာဉ်အပါအဝင် မီးငြိမ်းသတ်ရေး ရဟတ်ယာဉ်များကိုပါ အသုံးပြုလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်ထိ လူသေဆုံးမှု မရှိသေးသော်လည်း ထိခိုက်ဒဏ်ရာရသူတစ်ဦး ရှိကြောင်း၊ ထို့ပြင် မီးသတ်သမားတချို့မှာ မီးခိုးငွေ့ရှူရှိုက်မိကာ အသက်ရှူရခက်ခဲခြင်းကြောင့် ကုသမှုခံယူနေရကြောင်း အာဏာပိုင်များက ပြောကြားထားသည်။

လေတိုက်နှုန်းမြင့်၍ တောမီး အခြေအနေ မတည်ငြိမ်သေးကြောင်း၊ တောမီးကို အလုံးစုံထိန်းချုပ်နိုင်ရေး ကြိုးပမ်းနေသော်လည်း ရာသီဥတုခြောက်သွေ့မှုနှင့် လေတိုက်နှုန်း မြင့်မားမှုကြောင့် ခက်ခဲနေသေးကြောင်း၊ တောမီးကြောင့် နောက်ထပ် ရွှေ့ပြောင်းမှုများ ပြုလုပ်ရနိုင်သည်ဟု အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

# ဩစတြေးလျအရှေ့မြောက်ဘက်ပိုင်းကမ်းခြေများသို့ ဝင်ရောက်တိုက်ခတ်နေသည့် ကိုဂျီဆိုင်ကလုန်းမုန်တိုင်းကို ပြင်းအားအဆင့်လျှော့ချသတ်မှတ်ခဲ့

**ကင်ဘာရာ ဇန်နဝါရီ ၁၁**

ဩစတြေးလျနိုင်ငံ အရှေ့မြောက်ဘက်ပိုင်း ကမ်းခြေဒေသများသို့ဝင်ရောက်တိုက်ခတ်ခဲ့သည့် ကိုဂျီ ဆိုင်ကလုန်းမုန်တိုင်းသည် အားပျော့ လာခဲ့သည့်အတွက် သာမန်မုန်တိုင်းပြင်းအား အဆင့်လျှော့ချ သတ်မှတ်ခဲ့ကြောင်း ဩစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာန (BoM) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဆိုင်ကလုန်းမုန်တိုင်း အဆင့်ဖြင့်တိုက်ခတ်စဉ်အခြေခံအဆောက်အအုံများနှင့် လူနေအိမ်များပျက်စီးသွားပြီး ကုန်းနိမ့်ပိုင်းတချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေကြောင်း၊ မုန်တိုင်းသည် ကွင်းစလန်းပြည်နယ် အရှေ့ဘက်ပိုင်း အာယာမြို့နှင့် ဘိုဝင်မြို့တို့ကို ဗဟိုပြု တိုက်ခတ်သွားခဲ့ခြင်းဖြစ်ပြီး မုန်တိုင်းသည် ဘရစ္စဘိန်းမြို့ဘက်ကို ဦးတည်နေကြောင်း သိရသည်။



"ကိုဂျီ ဆိုင်ကလုန်းမုန်တိုင်းဟာ အရှေ့မြောက်ဘက်ပိုင်းကမ်းခြေဒေသကို ဝင်ရောက်တိုက်ခတ်ခဲ့ပါတယ်။ မုန်တိုင်းကြောင့်ပျက်စီးဆုံးရှုံးမှုတချို့ရှိခဲ့ပြီးတော့ ရေကြီးရေလျှံမှုတွေလဲဖြစ်ပေါ်နေပါတယ်။ ဒီနေ့မှာတော့ မုန်တိုင်းပြင်းအားလျှော့သွားတဲ့အတွက် ဆိုင်ကလုန်းမုန်တိုင်းအဆင့်ကနေ သာမန်မုန်တိုင်းအဆင့်အဖြစ် လျှော့ချသတ်မှတ်လိုက်ပါတယ်" ဟုဩစတြေးလျမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန (BoM)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# မလေးရှားနိုင်ငံ စီရာဝက်ပြည်နယ် ရေဘေးဒဏ်သင့်ပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်း ၄၁ ခုဖွင့်လှစ်ကာ နေရာချပေးထား

**ကွာလာလမ်ပူ ဇန်နဝါရီ ၁၁**

မလေးရှားနိုင်ငံ စီရာဝက်ပြည်နယ်တွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်နေပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံ အမြောက်အမြား ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းထားရသည့် ဒေသခံများကို ယာယီကယ်ဆယ်ရေး စခန်း ၄၁ ခုထိ ဖွင့်လှစ်ကာ နေရာချပေးထားကြောင်း မလေးရှားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ ဦးရေ ၃၈၉၀ ထိရှိခဲ့ပြီး ယာယီကယ်ဆယ်ရေးစခန်းများကို ကုန်းမြင့်ပိုင်းဒေသများတွင် ဖွင့်လှစ်ပေးထားကြောင်း၊ ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားသည့် ဒေသများမှာ ကူချင်ဒေသ၊ ဆမ်မာရာဟန်ဒေသ၊ စီရီယန်ဒေသ၊ စီဘူဒေသ၊ မူကာဒေသ၊ ဘင်တူလူဒေသနှင့် မီရီဒေသတို့ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ဧရိယာမှာ ကျေးလက်ဒေသပေါင်း ၁၁ ခုထိ ရှိခဲ့ပြီး နေရာတချို့တွင် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် အဆင့်ထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

"စီရာဝက်ပြည်နယ် ရေကြီးရေလျှံမှုကြောင့် ဒေသခံအမြောက်အမြား ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူတွေကို ယာယီကယ်ဆယ်ရေး စခန်းတွေမှာနေရာချပေးထားပါတယ်။ ယာယီကယ်ဆယ်ရေး စခန်း ၄၁ ခုထိ ဖွင့်လှစ်ပေးထားပါတယ်။ နေရာတချို့မှာ ဖြစ်ပေါ်နေတဲ့ ရေကြီးရေလျှံမှုဟာ အန္တရာယ်ရှိတဲ့ အဆင့်ကို ရောက်ရှိနေပြီးတော့ လမ်းမကြီးတချို့ ရေလွှမ်းနေတဲ့အတွက်ကြောင့် လမ်းပန်းဆက်သွယ်ရေးတွေ ပြတ်တောက်နေပါတယ်။ လမ်းပိုင်းတချို့လဲ ပျက်စီးခဲ့တဲ့အတွက် ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့ နေရာမှာ အခက်အခဲတချို့ ရှိနေပါတယ်"ဟု မလေးရှားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# တောင်ကိုရီးယားနိုင်ငံ အိုဂျက်ဆောင်မြို့အနီးတွင် လောင်ကျွမ်းနေသော တောမီးကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်

**ဆိုးလ် ဇန်နဝါရီ ၁၁**

တောင်ကိုရီးယားနိုင်ငံ အိုဂျက်ဆောင်မြို့အနီးတွင် ဇန်နဝါရီ ၉ ရက်က စတင်လောင်ကျွမ်းခဲ့သော တောမီးကို ယနေ့တွင် စတင်ထိန်းချုပ်နိုင်ပြီ ဖြစ်ကြောင်း တောင်ကိုရီးယား မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

တောမီးလောင်ကျွမ်းမှု လယ်ဗယ်ကို အဆင့် (၂) အဖြစ် သတ်မှတ်ခဲ့ရပြီး တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သော ဧရိယာအနီးရှိ လမ်းမကြီးများကို ယာယီပိတ်ထားရကြောင်း၊ အအေးခေတ်မြင့်မားသောကာလတွင် တောမီးလောင်ကျွမ်းခဲ့ခြင်း ဖြစ်သည့်အတွက်ကြောင့် ရာသီဥတု ဖောက်ပြန်မှု ပြဿနာဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ခဲ့ခြင်းမှာ မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြား သုံးစွဲခဲ့ခြင်းကြောင့်ဖြစ်ပြီး လေကြောင်းအကူအညီကိုပါရယူခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"အိုဂျက်ဆောင်မြို့အနီးမှာ လောင်ကျွမ်းခဲ့တဲ့ တောမီးလောင်ကျွမ်းမှုကို စတင်ထိန်းချုပ်နိုင်ပြီဖြစ်ပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်အင်အား အမြောက်အမြား သုံးစွဲခဲ့ပြီးတော့ လေကြောင်းအကူအညီကိုပါ ရယူခဲ့တဲ့အတွက် တောမီးကို စတင်ထိန်းချုပ်နိုင်ခဲ့ခြင်းလဲဖြစ်ပါတယ်။ ရဟတ်ယာဉ်တွေနဲ့ တောမီးကို ငြိမ်းသတ်ဖို့ လေကြောင်းကနေ လမ်းညွှန်မှုတွေ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့တဲ့ ဧရိယာအနီးက လမ်းမကြီးတချို့ကိုတော့ ယာယီပိတ်ထားပါတယ်။ တောမီးကို ရာနှုန်းပြည့် ထိန်းချုပ်နိုင်တဲ့အချိန်မှပဲ ပြန်ဖွင့်ပေးသွားမှာဖြစ်ပါတယ်"ဟု အိုဂျက်ဆောင် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ်တွင် ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့

**ဂျကာတာ ဇန်နဝါရီ ၁၁**

အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေစီပြည်နယ်ရှိ တလာအုတ်ကျွန်းစုအနီး ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ကြောင်း နိုင်ငံ၏ မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီ (BMKG) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

BMKG ၏ ထုတ်ပြန်ချက်အရ အဆိုပါငလျင်လှုပ်ခတ်မှုမှာ ဒေသစံတော်ချိန် ဇန်နဝါရီ ၁၀ ရက် ည ၉ နာရီ ၅၈ မိနစ်တွင် ဖြစ်ပွားခဲ့ပြီး ငလျင်သည် မြောက်ဆူလာဝေစီပြည်နယ်ရှိ တလာအုတ်ကျွန်းစု၏ မြို့တော် မယ်လောင်ဂွမ်မြို့၏ အရှေ့တောင်ဘက် ၅၂ ကီလိုမီတာအကွာ၊ မြောက်လတ္တီတွဒ် ၃ ဒသမ ၆၄ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၂၆ ဒသမ ၉၈ ဒီဂရီ၊ မြေအောက် အနက် ၁၇ ကီလိုမီတာအနက်တွင် ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြောက်ဆူလာဝေစီပြည်နယ်ရှိ တလာအုတ်ကျွန်းစု၏ မြောက်ဘက် အစွန်ဆုံးရှိ မာနာဒိုမြို့အပါအဝင် အနီးပတ်ဝန်းကျင်ဒေသများတွင် နေထိုင်သူများသည်လည်း ငလျင်လှုပ်ခတ်မှုကို ပြင်းထန်စွာ ခံစားခဲ့ရကြောင်း၊ သို့သော် လက်ရှိအချိန်ထိ လူသေဆုံးမှုမရှိကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် အဆောက်အအုံပျက်စီးဆုံးရှုံးမှုကို အင်ဒိုနီးရှား အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့များနှင့် ဒေသခံအာဏာပိုင်များက ထိုကျွန်းစုနှင့် အနီးပတ်ဝန်းကျင် ဒေသများတွင် အဆောက်အအုံများ ပျက်စီးမှု ရှိ၊ မရှိ စစ်ဆေးလျက်ရှိပြီးယနေ့တွင် စစ်တမ်းများ ကောက်ယူဆဲဖြစ်ကြောင်း သိရသည်။

BMKGက ဒေသခံပြည်သူများကို နောက်ထပ် ငလျင်လှုပ်ခတ်နိုင်ခြေကို သတိထားနေရန်နှင့် အရေးပေါ်သတင်းများကို နားထောင်လိုက်နာရန် သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ပေါက်ပေါက်

# သွားကျန်းမာရေး အစဉ်ဂရုစိုက်ပေး

သွားကျန်းမာရေးကိုဂရုစိုက်ခြင်းသည် ကောင်းမွန်သော အလေ့အကျင့်ဖြစ်သည်။ သွားများတွင် ပြဿနာတစ်ခုခုဖြစ်ပါက နာကျင်ကိုက်ခဲမှုတို့အပြင် စိတ်ဖိစီးမှုများလည်းဖြစ်စေတတ်သည်။ သို့ဖြစ်ပါ၍ သွားကျန်းမာရေးကောင်းမွန်စေရန် နည်းလမ်းအသွယ်သွယ်တို့ဖြင့် ဆင်ခြင်နိုင်ကြောင်း ဖော်ပြလိုက်သည်။

ဖလူအိုရိုက်(ဒ်) ဒြပ်ပေါင်းပါသော သွားတိုက်ဆေးဖြင့်တစ်နေ့လျှင် အနည်းဆုံးနှစ်ကြိမ် သွားတိုက်သော အလေ့အကျင့်ကောင်းကို မွေးမြူသင့်သည်။ ညအိပ်ရာဝင်ခါနီး သွားတိုက်ခြင်းသည် သွားနှင့် ခံတွင်းကို တစ်ညတာလုံးသန့်ရှင်းစေသကဲ့သို့ နေ့လယ်ဘက် အစာစားပြီးတိုင်း သွားတိုက်ခြင်းကလည်း ချိုးကပ်နေသော သွားချေးများနှင့်အစာဟောင်းအပိုင်းအစများမှ အဆိပ်အတောက်ကင်းစေကာ သွားများပျက်စီးခြင်းမှ ကာကွယ်ပေးသည်။

မှန်ကန်သော သွားတိုက်နည်းပုံစံမှာ သွား၏နောက်ကျောဘက်ခြမ်းနှင့် သွားဖုံးများတွင် ဘက်တီးရီးယားနှင့်အတူ သွားချေးများကျောက်တည်တတ်သဖြင့်သွားတိုက်တံကို လက်ဖြင့် ၄၅ ဒီဂရီစောင်း၍ ဒေါင်လိုက်တိုက်ပေးသင့်သည်။ သွားနှင့် သွားခြေတို့ကို စက်ဝိုင်းပုံသဏ္ဌာန် ခပ်မှန်မှန်အားဖိ၍ တိုက်ပေးသင့်သည်။ ခပ်ကြမ်းကြမ်းတိုက်ပါက သွားဖုံးကိုပွတ်ခြစ်မိကာ သွေးထွက်စေနိုင်သကဲ့သို့ ခပ်ဖွဖွတိုက်လျှင်လည်း သွားချေးမစင်တတ်ပေ။ အချိန်နှစ်မိနစ်ကြာအောင် ခံတွင်းထဲရှိ သွားအားလုံးကို ရှေ့၊ နောက်၊ အပေါ်၊ အောက်ဘက်ပေါင်းစုံ တိုက်ပေးပါ။ သို့သော် သွားတိုက်ဆေးများ လုံးဝကုန်စင်သွားသည်ထိ ရေများများဖြင့် ပလုတ်မကျင်းပါနှင့်။ သွားတိုက်ပြီးတိုင်း ခံတွင်းသန့်စင်ရည်သုံးသည့် အလေ့အကျင့်ကောင်းကို မွေးမြူပါ။ ရင်သွေးငယ်များကို သွားစပေါက်သော အရွယ်မှစတင်၍ သွားတိုက်ပေးသင့်သည်။

သွားကြားသန့်ရှင်းရန်သုံးသည့် ချည်မျှင်သို့မဟုတ် သွားကြားထိုးတံ၊ သွားတိုက်တံ အကူအညီယူ၍ သွားကြိုသွားကြားနှင့် သွားခြေ (သွားအောက်ခြေ)တို့ကို သန့်ရှင်းပေးရမည်။ သွားတိုက်ဆေးမသုံးဘဲ သွားတိုက်တံအခြောက်ဖြင့် တိုက်ပေး၍ ပလုတ်ကျင်းခြင်းကလည်း ချိုးကပ်နေသောသွားချေးများကို ဖယ်ရှားပေးနိုင်သည်။ သွားတိုက်သည့်အခါတိုင်း သွားတိုက်တံ သို့မဟုတ် လျှာခြစ်တံကို သုံး၍ တိုက်ပေးခြင်းဖြင့် လျှာပေါ်ရှိအညစ်အကြေးများကို ဖယ်ရှားပေးပြီး၊ ချွဲကပ်ခြင်းနှင့် ခံတွင်းရနံ့ဆိုးခြင်း ပပျောက်ကာ လျှာမျက်နှာပြင်ပေါ်ရှိ အရသာခံအဖုလေးများကိုလည်း ပွင့်လာစေသည်။ သွားများပျက်စီးစေသည့် အဓိကအကြောင်းရင်းထဲတွင် သွားတိုက်ဆေးသည်လည်း တစ်ခုအပါအဝင်ဖြစ်၏။ ထို့ကြောင့် မိမိနှင့်ခတ်တည့်သော သွားတိုက်ဆေးကိုသာ ရွေးချယ်တတ်ရမည်။ ခံတွင်းသန့်ရှင်းစေရန် သွားတိုက်ဆေးအများကြီးသုံးစရာမလိုအပ်ပါ။ သွားတိုက်တံကို ပျမ်းမျှ သုံးလလျှင် တစ်ကြိမ်မျှ အသစ်လဲလှယ်ပေးပါ။ သွားတိုက်တံကြမ်းကြမ်းသည် အပေါ်ယံကြွေသွားလွှာကိုပါးလွှာ၍ အစင်းကြောင်းများထင်စေနိုင်သကဲ့သို့ အလွန်အမင်း မာကျောသောပစ္စည်းများကို ကိုက်ဖြတ်ခြင်းနှင့် သွားဖောက်၍ အလှဆင်ခြင်းတို့ကလည်းသွားများ အလွယ်တကူကျိုးပဲ့စေနိုင်သည်။ သန့်ရှင်းမှုမရှိသော သွားကြားထိုးတံသည် သွားဖုံးကို ရောဂါရစေနိုင်သည်။ အဆက်မပြတ် မုန့်ပဲသရေစာ စားခြင်းကလည်း သွားချေးတက်၍ သွားအခေါင်းပေါက်ဖြစ်လာစေသကဲ့သို့ သကြားလုံး၊ ကပ်စေးနဲ သို့မဟုတ် အချိုခတ်ကဲသော အစားအစာများကလည်း သွား၏ကြွေသားအပေါ်ယံလွှာကို ပျက်စီးစေ၏။ မာကျောသောအစေ့အဆန်များကို လျှော့စားပေးခြင်းဖြင့် အံသွားများပက်ကြားအက်ခြင်းမှ ကြိုတင်ကာကွယ်ရာရောက်သည်။



အချိုရည်သောက်သုံးလျှင် အချိုရည်တွင်ပါရှိသော အက်ဆစ်ဓာတ်များသည် သွားကို ထိခိုက်စေသဖြင့် အနည်းငယ်မျှသာ သောက်သုံးသင့်သည်။ အချို၊ အချဉ်အရသာရှိသော စားသောက်ဖွယ်ရာများကို စားသောက်ပြီးနောက် ရေဖြင့် ဦးစွာပလုတ်ကျင်းပြီးမှသာ သွားတိုက်ပေးသင့်သည်။ သို့မဟုတ်ပါက သွားကျဉ်၍ ကြွေသားကိုထိခိုက်စေသည်။ အစားအသောက်စားပြီးနောက် အန်ထုတ်ခြင်းဖြင့် အစာအိမ်ထဲမှ ထွက်ရှိလာသော အက်ဆစ်များသည် သွားများကို အကြီးအကျယ်ထိခိုက်စေနိုင်သည်။ ထမင်းစားပြီးတိုင်း အချိုဓာတ်မပါသော သို့မဟုတ် အချိုနည်းသော ပီကေဝါးခြင်းသည် သွားကြားညပ်ခြင်းများကို သန့်စင်စေရုံသာမက အာခံတွင်းလည်း မခြောက်စေပါ။ သို့သော် ပီကေကို အဆက်မပြတ်တစ်နေကုန်နီးပါးဝါးခြင်းက သွားအခေါင်းပေါက်ဖြစ်စေနိုင်သည်။

သွားနှင့်ခံတွင်းကျန်းမာရေးအတွက် ခြောက်လလျှင်တစ်ကြိမ် သွားဆရာဝန်ဖြင့် ပုံမှန်စစ်ဆေးမှုခံယူသင့်သည်။ အချို့သော ပဋိဇီဝဆေးများသည် သွားဖုံးသွေးယို၍ အနာတရဖြစ်ကာ ရောင်ကိုင်းစေသည့်အတွက် ဆရာဝန်နှင့် ဆွေးနွေးတိုင်ပင်ပြီးမှ သောက်သင့်သည်။ လေးညှင်းပွင့်အဆီ သို့မဟုတ် ဂျင်း(ချင်း)အနှစ် သို့မဟုတ် အလွန်စပ်သော ငရုတ်သီးအမှုန့်တို့ကလည်း သွားကိုက်ခဲနာကျင်ခြင်းကို သက်သာစေ၏။ သို့သော် သွားဖုံးနှင့် လျှာတို့တွင် မလိုလားအပ်သော အပူလောင်မှုများမဖြစ်ပေါ်စေရန် သတိပြု၍သုံးသင့်သည်။

သဘာဝ ဖလူအိုရိုက်(ဒ်) ခံတွင်းသန့်စင်ဆေးရည်အဖြစ် လက်ဖက်စိမ်းရည်ဖြင့် အာလုတ်ကျင်းပေးနိုင်သည်။ နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ ဆီးချိုနှင့် ပေါင်မပြည့်သော ကလေးငယ်ကို အချိန်မတိုင်မီ မွေးဖွားခြင်းတို့သည် သွားရောဂါနှင့် ဆက်စပ်လျက်ရှိကြောင်း နိုင်ငံတကာသွားဘက်ဆိုင်ရာပါရဂူများက အကြံပြုထားသည်။ သွားကင်ဆာဖြစ်စေနိုင်သော အကြောင်းရင်း ၉၀ ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ ကွမ်းစားခြင်း၊ အပူအစပ်များ အလွန်အကျွံစားသောက်ခြင်းနှင့် ဆက်စပ်မှုရှိကြောင်း သွားသက်ဆိုင်ရာ သုတေသီများက အကြံပြုထားသည်။

သွားများဖြူဝင်းစေရန်အတွက် ရက်သတ္တပတ်လျှင် လေးကြိမ်မျှ သီးမွှေးငှက်ပျော်သီးအခွံ၏ အတွင်းသားဖြင့် သွားများကို ပွတ်တိုက်ပေးပါ။ အစာစားပြီးပြီးချင်းသွားတိုက်ခြင်းမှာ ကောင်းသော အလေ့အထဟုယူဆသော်လည်း ထိုသို့ပြုလုပ်ခြင်းက သွားအတွင်းအက်ဆစ်များစိမ့်ဝင်စေပြီး အပေါ်ယံကြွေလွှာကို ပျက်စီးစေနိုင်သည့်အတွက် ထမင်းစားပြီး အနည်းဆုံး နာရီဝက်စောင့်ပြီးမှ သွားတိုက်ပေးသင့်သည်။ သွားမှာ အစားအသောက် ကျေညက်အောင် ဝါးစားရန်အတွက်သာဖြစ်ပြီး ပလတ်စတစ်အိတ်ကိုက်ဖောက်ခြင်း၊ သွားဖြင့်ကိုက်၍ အဝတ်ဖြဲခြင်း၊ အအေးပုလင်း သို့မဟုတ် အခြားပစ္စည်းများကို သွားဖြင့် ကိုက်ဖောက်ခြင်းမှာ သွားကိုအလွန်အမင်း ထိခိုက်ပျက်စီးစေပြီး ပဲ့ထွက်နိုင်သည်။ ဆေးရွက်ကြီးသည်သွားပျက်စီးခြင်းအတွက်အကြီးမားဆုံးတရားခံဖြစ်ကာ ကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်းတို့သည် သွားပျက်စီးမြန်ဆန်စေသည်။ နွေရာသီကဲ့သို့ ကာလများတွင် ရေခဲရေနှင့် ရေခဲစားသုံးခြင်းသည် သွားကျဉ်မှုနှင့်အတူ သွားနှင့် အပေါ်ယံကြွေလွှာ ပျက်စီးမှုကိုဖြစ်ပေါ်စေသည်။

**သောက ဖိစီးခြင်းကလည်း သွားများကို ပျက်စီးစေနိုင်**

သောကဖိစီးခြင်းက သွားများကိုပင် ပျက်စီးစေသည်။ အမေရိကန် သွားဘက်ဆိုင်ရာ အစည်းအရုံးက စိုးရိမ်ကြောင့်ကြမှု၊ သောက စသည့် အချက်များကြောင့် ဖြစ်ပေါ်လာသော မကြည်လင်မသာယာသည့် စိတ်ခံစားချက်များသည် ခန္ဓာကိုယ်၏ ကယ်လ်စီယမ်ဟန်ချက်ကို ပျက်ပြားစေပြီး သွားများကိုပါ ပျက်စီးစေနိုင်ကြောင်း ဆန်းစစ်တွေ့ရှိထားသည်။

**သွားကျန်းမာရေးအတွက် စားသုံးသင့်သောအစားအစာများ**

ပုံမှန်သွားတိုက်ခြင်းအပါအဝင် အထက်ပါနည်းလမ်းကောင်းများသည် သွားကျန်းမာရေးအတွက် လုံလောက်သော်လည်း သွားအခေါင်းပေါက်ဖြစ်ခြင်း၊ သွားပိုးစားခြင်းနှင့် ခံတွင်းနံ့ကောင်းမွန်စေရန်တို့အတွက်ကိုလည်း မိမိနေ့စဉ်စားသောက်သော အစားအစာများက အကျိုးကျေးဇူးကောင်းများစွာကို ပံ့ပိုးပေးနိုင်သည်။

ပန်းဂေါ်ဖီစိမ်း၊ မုန်ညင်းရွက်၊ ကိုက်လန်၊ ရုံးပတီသီးနှင့် အခြားအစိမ်းရင့်ရောင်ရှိသည့် ဟင်းရွက်များထဲတွင် ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ပါဝင်နေသဖြင့် ပုံမှန်စားပေးသင့်သည်။ သွား၏အပေါ်ယံကြွေလွှာကို ကာကွယ်ပေးနိုင်သော သတ္တုဓာတ်တစ်မျိုးဖြစ်သည့် ဖော့စဖရပ်ပါသော အသား၊ ငါး၊ တို့ဟူး စားပေးသင့်သည်။ အဆီနည်းသော ချိစ်နှင့် အဆီမပါသည့် ဒိန်ချဉ်တို့ကို သောက်သုံးပေးခြင်းက သွားများအတွက် လိုအပ်သောသတ္တုဓာတ်များရရှိစေနိုင်ပြီး သွားကြွေလွှာကို ကာကွယ်ပေးနိုင်သည်။ ချိစ်ထဲတွင် သွားကြွေလွှာများကို အားကောင်းလာစေသော ပရိုတင်းဓာတ်တစ်မျိုးလည်း ပါရှိနေသည်။

နွားနို့အပါအဝင် နို့ထွက်ပစ္စည်းများနှင့် ကြက်ဥအနှစ်များထဲတွင် ကယ်လ်စီယမ်နှင့် ဗီတာမင်ဓာတ်အမြောက်အမြားပါဝင်နေ၍ သွားများကို အားကောင်းစေသည်။ ဟင်းသီးဟင်းရွက်များနှင့် သစ်သီးများတွင် ရေဓာတ်များစွာပါဝင်နေကြပြီး သွားမျက်နှာပြင်များကို ပွတ်တိုက်ကာ တံတွေးစီးဆင်းမှု အားကောင်းစေနိုင်သဖြင့် ၎င်းတို့ကို ခံတွင်းကျန်းမာရေးအတွက် ပုံမှန်စားပေးသင့်သည်။

မုန်လာဥနီ၊ ပန်းသီးနှင့် တရုတ်နံနံပင်ကဲ့သို့ ဟင်းသီးဟင်းရွက်များ စားပေးခြင်းဖြင့် သွားများကို ဖြူဖွေးစေပြီး ခံတွင်းထောင့်နေရာများ အားလုံးမှ စားကြွင်းစားကျန်များကို ရှင်းလင်းပေးသည်။ အစားအစာထဲတွင်ပါရှိသော အက်ဆစ်ဓာတ်များကို အမ်ဖိုင်းပါဝင်သည့် တံတွေးများက ကာကွယ်ပေးလေ့ရှိသည်။ အာလူး၊ တို့ဟူး၊ ပဲသီး၊ ကောက်နှံပင်၊ ကွေကာအုပ်၊ ဂျုံ၊ စပါး၊ ပြောင်း စသည်တို့သည် သွားကျန်းမာရေးအတွက် အကောင်းဆုံးအစားအစာများဖြစ်ကြသည်။

**သတိပြုရန်**

သွားကျန်းမာရေးကို ဂရုစိုက်သည့်အနေဖြင့် စပျစ်သီးခြောက်၊ ဆီးသီးခြောက်နှင့် အာလူးကြော်တို့ အလွန်အကျွံစားခြင်းမှ ရှောင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– **San Antonio cosmetic dentist Dr. John Moore)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing visits voters casting ballots at the phase 2 of the 2025 Multiparty Democracy General Election of the Republic of Union of Myanmar at the relevant polling stations



Senior General Min Aung Hlaing checks lists of Hluttaw candidates and voter lists.



Senior General Min Aung Hlaing chats with voters.

**Nay Pyi Taw January 11**

Elections are the most important part of democracy, and the voters will have to choose and shape the future path of the nation by using their voting right, which is included in the rights of citizens.

The phase 2 of the 2025 Multiparty Democracy General Election of the Republic of Union of Myanmar began at 6 am today at the relevant townships, and the people in large bodies were seen actively casting votes according to their free will at the respective polling stations as good citizens in a disciplined manner, without facing any pressure.

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing, accompanied by SSPC Secretary General Ye Win Oo and members of the entourage, visited the polling booths in Yangon Region and observed the voters casting ballots.

In doing so, the Senior General observed the polling booth officials checking the voter lists with computers at the booths in Hlaing, Insein and Latha townships and the people ardently casting ballots there. He cordially met with voters and asked their views on MEVMs and voting process and on the polling station staff. Afterwards, the Senior General cordially greeted the voters.

Voters on their part were also expressing pleasure and pride for the Senior General's visit to the polling stations and the encouragement he gave to them, and extended warm and cordial greetings back to the Senior General and party. They also described their experiences in casting votes at the elections. 100

# Myinmu Township grows more than 30,000 acres of winter sesame



A sesame field in Myinmu Township.

**Myinmu January 11**

Statistics of Sagaing District Agriculture Department stated that local farmers have planted 37,413 acres of winter sesame in Myinmu Township of Sagaing Region.

During the 2025-2026 winter crop cultivation period, Myinmu Township planned to cultivate 37,411 acres of winter sesame. Planting began in October 2025, and as of today, a total of 37,413 acres have been successfully planted.

"This year, during the winter crop season in Myinmu Township, we planned to cultivate 37,411 acres of winter sesame. To date, 37,413 acres have already been planted. Sesame cultivation has been increasing year by year, and as an oil crop, it is in a successful position," said Daw Myat Moe Win, District Head of the Sagaing District Department of Agriculture.

This year, the Township Department of Agriculture has been providing awareness and extension services to winter sesame farmers in Myinmu Township to promote expanded cultivation, proper farming techniques, cultivation in accordance with Good Agricultural Practices (GAP), the use of quality and pure seeds, and the adoption of high-yielding varieties, it is reported.

Crops produced under the GAP system offer advantages such as higher quality and better prices compared with crops grown using other cultivation methods. In addition, they can be sold not only in domestic markets but also exported to foreign markets. As a result, farmers who cultivate crops under the GAP system are expected to gain greater economic benefits and improve their socio-economic livelihoods. 206

# Malaysia temporarily suspends access to Grok over obscene content

**Kuala Lumpur January 11**

Malaysia has temporarily blocked access to Grok, an AI chatbot developed by xAI, citing concerns over the generation and dissemination of obscene and sexually explicit content, the country's communications and multimedia regulator said on Sunday.

The Malaysian Communications and Multimedia Commission (MCMC) said in a statement that the move follows notices issued by the commission to X Corp and xAI LLC on Jan. 3 and Jan. 8, demanding, among other things, the implementation of technical protection measures.

"This action follows repeated misuse of Grok to generate obscene, sexually explicit, indecent, grossly offensive, and non-consensual manipulated images, including content involving women and minors, despite prior regulatory engagement and formal notices," it said.

"This temporary ban is imposed as a reasonable precautionary measure while the legislative and regulatory process is still ongoing. The restriction on access to Grok will remain in place until effective safeguards are implemented, in particular to prevent content involving women and children," it said, adding that the public is encouraged to report such content. Xinhua

# Answers of Leader of the Information Team of National Defence and Security Council Maj-Gen Zaw Min Tun to the news media in connection with 2025 multiparty democracy general election



Maj Gen Zaw Min Tun replies to media queries.

**Q:** We have known that over 52% of the voters went to the polls during the phase 1 of the election. What kind of security arrangements were in place for the people to cast votes?

**A:** So, the main point of the question is voting conducted by the people during phase 1. It was so encouraging to see people casting ballots. As I have already said, it was not the government's victory, but that of the people. It was the victory of the people who wished for democracy and peace. Now, you have already seen phase 2 with your own eyes. Acting President Senior General Min Aung Hlaing visited the polling stations in person during the phase 2, in which people were ardently casting votes. He met with people and asked questions, and you have witnessed the scene. He also asked about the voting machine. When the Senior General asked a voter whether the result came out according to the button he pushed, the person said "Yes". In fact, this indicates transparency of the election. Some even woke up at 4am to cast their vote. The results will come out in the evening after the verifying process. I believe it will be a successful election, and also phase 3. A parliamentary democracy election was held in 1952. It was held in three parts and took about five months. A single part took seven to ten days then. At that time, only 1.5 million or 20% out of eight million voters went to the polls. At present, some quarters were urging people not to vote. And there were instigations to prevent the people from going to the polls. They were opposing the election. Whatever the situation is, democra-cy must be set up through an election. I would like to thank all the persons who eagerly took part in the work of holding the election, who cast votes, who supervised the voting process, who ensured safety and who provided assistance as their contribution was for the convenience of the voters.

**Q:** How much do you expect in the relations with the international community including neighbours at the time when the multiparty democratic system comes into effect after the completion of the election and what are the expectations?

**A:** Regarding international relations, there are some sanctions at present, because the government is not an elected one. On the other hand, there are countries that are deal-ing with us. We have many friendly countries. For example, we have good relations with our neighbours like true friends. As sanctions will be lessened after the election, the country's scope of international relations will increase again. I hope more investments will come into Myanmar, opening economic opportunities for the entire country.

**Q:** After the election, Hluttaw will be convened, the government will be formed, and pow-er will be transferred to the emerging new government. Regarding that timeline, which month is it likely to occur? Normally, there are situations where the transfer takes place in April; could you please elaborate on this?

**A:** Hluttaw will be convened in March. Following that, the new government will assume its responsibilities in April. Everything will proceed according to the regular schedules fol-lowed previously.

**Q:** It is understood that political parties have submitted requests and proposals to the Senior General regarding the matter of advance voting. Regarding this issue, how do you intend to proceed?

**A:** This is a matter for the Commission; they will handle it. The focus of their discussion is usually regarding advance voting. When advance votes are counted, all candidates are invited—as you have already seen. From what I know, some representatives do not show up, yet they make complaints later. For example, during the first round in Mayan-gone, you and I might have heard about the independent candidate, Dr. Khin Khin Ky-awt. She is quite respectable; although she lost, she personally went to observe the counting of advance votes. She noted that the process was completely transparent. We cannot do anything in secret; it must be conducted with full transparency.However, I have noticed some shortcomings. The issue is that some candidates do not attend when they are invited to observe the vote counting. They remain absent and yet voice com-plaints afterward. I am simply stating what I have personally observed; this is not a one-sided accusation. Nevertheless, there may be some flaws. If such flaws exist, they can be clarified and discussed with the Commission. They will handle everything with full transparency.

**Q:** What is the international perspective regarding this election?

**A:** Regarding the international perspective, during the first election, international monitor-ing teams arrived and conducted a thorough observation. After their assessment, they shared their findings and issued their statements with full transparency. To summarize, firstly, they did not expect that Myanmar could conduct the election so successfully. Nor did they anticipate such a high voter turnout. When they went to observe, they saw peo-ple queuing at the polling stations to cast their ballots; as a result, they were personally astonished. Furthermore, regarding the voting machines, they conducted their own study. They remarked that these machines are transparent and stated that it is impossi-ble to manipulate or rig the results using them. Furthermore, they expressed high praise for the Myanmar people's profound love for democracy. During the second phase of the election, more than 100 monitoring representatives from embassies based in Myanmar were also deployed. These observers were primarily stationed in major cities—ranging from northern cities like Yangon and Mandalay to Mawlamyine in the south, as well as Taunggyi and Sagaing. These monitoring groups will share their findings and observations at the appropriate time. I would like to thank everyone.

Leader of the Information Team of National Defence and Security Council Maj-Gen Zaw Min Tun meets the press. 100

# Iran says U.S., Israeli bases in Mideast could be targets if attacked

**Cairo January 11**

Iranian Parliament Speaker Mohammad Baqer Qalibaf warned on Sunday that Tehran would view U.S. and Israeli bases and facilities in the Middle East region as "legitimate targets" if Washington takes military action against Iran.

Addressing the parliament, Qalibaf said that "in the case of an attack on Iran, the occupied territories (Israel) as well as all U.S. bases and ships will be our legitimate targets," according to a report by Alarabiya News.

The remarks came as U.S. President Donald Trump is reportedly "seriously considering authorizing a strike" against Iran amid the latter's nationwide unrest.

The New York Times reported on Saturday, citing anonymous U.S. officials familiar with the matter, that Trump had been briefed in recent days on new options for military strikes against Iran.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Multiparty Democratic General Election Phase II conducted in 100 townships


Voters seen in Ngonethon Village-tract-1


Voters lining up to cast votes in the second phase of 2026 multi-party democratic general election in Kyunsu Township, Taninthayi Region


Voters seen in Demachso.


Voters seen in Ywangan Township

**Nay Pyi Taw January 11**

The Phase II of the Multiparty Democratic General Election of the Republic of the Union of Myanmar was held at relevant polling stations in 100 townships of regions and states, starting from 6 am yesterday.

The Phase I of the election took place on 28 December 2025 with public participation under the leadership of the government. The Phase II of the election held in 100 townships was conducted in Machanbaw, Mogaung and Waingmaw townships of Kachin State, Demawhso and Pruhso townships in Kayah State, Papun and Hlaingbwe townships in Kayin State, and Kalewa, Mingin, Wuntho, Kyunhla, Myinmu, ChaungU, Budalin, Ayadaw, Phaungpyin, Mawlaik and YeU townships in Sagaing Region.

Moroever, the election was held in Yebyu, Kyunsu and Taninthayi townships in Taninthayi Region, DaukU, Shwegyin, Htantabin, Yedashe, Zigon, Paungde, Kawa, Thanatpin, Paukkhaung, Padaung, Monyo and Minhla townships in Bago Region, and Gangaw, Seikpyu, Natmauk, Myothit, Ngaphe, Salin, Sedoktara, Kanma, Mindon, Minhla and Sinbaungwe townships in Magway Region.

Likewise, voters cast ballots in the election in Singaing, Kyaukpadaung, TadaU, Pyigyidagun, Mahaaungmyat, Wundwin, Thazi, Amarapura and Madaya townships in Mandalay Region, Bilin, Mudon, Thanbyuzayat, Ye and Paung townships in Mon State, and Bahan, Pabedan, Latha, Kawhmu, Kungyangon, Dagon Myothit (North), Dawbon, Pazundaung, Hline, Shwepyitha, Htantabin, Hlegu, South Okkalapa, Cocokyun, Kyimyindine and Insein townships in Yangon Region.

Furthermore, the election took place in Ywangan, Hsihseng, Kalaw, Monglhat, Mongping, Mongphyat, Yaksawk, Tanyang, Mongyai, Kunhing, Mongton, Mongyawng, Mongyang, Mongpan, Maukmai, Mongkai and Laikha townships in Shan State, and Kyaunggon, Kangyidaunt, Thabaung, Kyaiklat, Pyapon, Bogale, Pantanaw, Wakema and Einme townships in Ayeyawady Region.

Voter people cast their ballots with the use of Myanmar Electronic Voting Machine-MEVM at relevant polling stations.

Eligible voters cast ballots at designated polling stations in regions and states while Tatmadaw members and families systematically voted at the relevant polling stations in the military command areas of regions and states.

To ensure that voters can cast their ballots freely, peacefully, and conveniently, necessary vehicles, medical teams for healthcare services, and security arrangements were prepared in advance at each polling station. Chief ministers and officials from the respective regions and states toured the polling stations to oversee the process and coordinated as needed to address any requirements.

At the conclusion of voting, polling station officers and staff retrieved the results from the voting machines (control units) in the presence of representatives of political parties and election observers, and systematically counted the results, along with the advance ballots, in an orderly manner.

In connection with the holding of the general election, the voices and heartfelt sentiments of voters who came to cast their ballots at the various polling stations have also been heard as follows: -

1. A woman in Kalaw Township

My voting experience is that I started preparing to vote early. Back in 2020, I had to vote in my local area. At that time, there were quite a few difficulties—my name couldn't be found, or it was incorrect, and so on. Previously, since we had to mark the paper ballot, I was worried about making mistakes. I was anxious about whether my mark would go outside the box or whether my vote would be invalidated. Now, since all I have to do is press a button, I can just find the party I want to vote for, and when the light turns green, I press the button, and a paper slip comes out on the other side. I can immediately check whether the party or organization I voted for is correct. The slip only gets cast once I confirm it's correct, so there's no risk of an invalid vote. It's reassuring. I have many hopes. After this election, first of all, we hope for better education for children. The main thing is safety—safety for children and women. That's what I hope for the most. Next, I hope the healthcare system can be more complete and improved than it is now. Especially in rural areas, even in education, resources can't compare to the cities. I hope those gaps will gradually improve. No matter which organization forms the government, I hope these things can be carried out.

2. A man in Hsinpaungwe Township

Voting with a machine like this is much more convenient. By being able to vote in this way, I also feel that I have fulfilled my duty as a citizen. I hope that employment and job opportunities will also improve significantly.

3. A woman in Mongyal Township

I had never voted before. This is my first time. I feel excited. I hope that the outcome will benefit my country, my people, and my region. At the polling station, I saw many people, both elderly and young, actively and enthusiastically casting their ballots.

During yesterday's general election, domestic and international media, as well as diplomats, chargés d'affaires, and officials from international embassies based in the country, visited polling stations to observe voters freely casting their ballots and to gather information. It was reported that phase III of the general election will continue to be held on 25 January 2026. 100


Polling Station No.2 in Kalaw Township


Hsinpaungwe Township


Polling Station No.1 in Mongyal Township

# Equipment used for online fraud and gambling activities within Hsipaw Township and Mongyal Township areas, and equipment used for drug manufacturing seized



Location and equipment used for online gambling fraud operations seized near Narlin Village, Namlan Township.

**Nay Pyi Taw January 11**

Myanmar, in collaboration with neighbouring countries, ASEAN member states, Mekong region countries, BIMSTEC member countries, and international drug control organizations, including the United Nations, is intensifying efforts in drug elimination operations. Furthermore, in regional drug elimination processes, operations such as destroying poppy fields, locating, uncovering, and seizing facilities capable of producing narcotic drugs, and conducting awareness programs starting from student and youth ages are being continuously carried out jointly with local communities.

Similarly, the government is undertaking the task of combating online fraud and gambling as a national duty. To prevent such activities from taking root in Myanmar, it is actively engaging in operations to suppress these crimes by coordinating with domestic security forces as well as neighbouring governments.

In line with these efforts, news was previously released on February 5, 2025, regarding the arrest of foreign nationals involved in online fraud and gambling operations in the Mongha area of Mongyal Township, Northern Shan State, and the seizure of related equipment used in such activities. Additionally, on November 27, 2025, news was released regarding the arrest of foreign nationals involved in online fraud and gambling operations, along with related equipment and weapons, near Mongnawng Town in Kyethi Township, Southern Shan State. Furthermore, on December 1, 2025, news was released regarding the arrest of individuals involved in online fraud and gambling operations and the seizure of related equipment near Taunghteik Village in Kyaukme Township, Northern Shan State.

In order to prevent illegal online fraud and gambling operations from establishing a foothold in these areas, Tatmadaw columns, acting on ground intelligence and with the cooperation of local residents providing information, are continuing operations with multi-group task forces to expose and clear such activities. During these operations, while a joint security column conducting area security operations in the Namlan area of Hsipaw Township, Northern Shan State, was resting approximately 10,000 meters northwest of Narlin Village on the evening of January 8, terrorists who had taken up positions as outposts initiated an attack with small arms, leading to an engagement. The terrorists were dispersed and fled. At the location, 5 temporary rain shelters, trenches, 2 forward-deployed mines, related equipment, and 1 barrier gate with a lever were found and seized.

While pursuing the terrorists who fled after the engagement, the Tatmadaw column reached a location approximately 9,000 meters northwest of Narlin Village in Hsipaw Township at around 1:30 PM on January 9. There, they found and seized from two corrugated iron-roofed and sided residential buildings, each 40 feet long and 30 feet wide, which had been used for online fraud and gambling operations: 18 laptop computers, 35 desktop computers, 11 various phones, and 5 Star Link devices.

Subsequently, the column, including joint forces, continued clearance operations and at around 4:45 PM, upon reaching a location approximately 800 meters east of the aforementioned site, discovered a drug manufacturing facility. Upon entering and conducting clearance checks, they further found and seized: 11 laptop computers and 6 desktop computers, 3 Star Link devices, 2 pill press machines, 1 mixing machine, and 1 pill counting machine used for drug manufacturing, 2 kilograms of ICE, 1 box containing 10 kilograms of mixed paste for pressing pills, 1 glass tube stand, 1 10-liter container of mixed substance for drug production, 25 kilograms of Caustic Soda, 30 containers each containing 25 kilograms of Sodium Powder, 1 motor vehicle, 2 generators, 1 backhoe, 1 set of green uniforms with SSA insignia, 1 set of shoulder patches with 2 stars,

*See Page 15*



Location and equipment used for drug processing seized near Manhpyat Village, Mongyal Township.



Location and equipment used for drug processing seized near Manhpyat Village, Mongyal Township.



Location and equipment used for drug processing seized near Manhpyat Village, Mongyal Township.



Location and equipment used for drug processing seized near Manhpyat Village, Mongyal Township.



Location and equipment used for drug processing seized near Manhpyat Village, Mongyal Township.



Packages containing white powder under examination seized near Manhpyat Village, Mongyal Township.

*From Page 14*

1 green cap with SSA insignia, and the structures along with related equipment.

Based on the above incidents, aerial reconnaissance and ground intelligence gathering operations continued. Three suspicious locations within Mongyal Township were identified, leading to clearance operations by security columns including joint force members. On January 10 at 1:30 PM, at the first location near Manhpyat Village, approximately 26,000 meters southwest of Mongyal Town, the following items used for drug manufacturing were found and seized: 14 temporary shelters, 6 structures each 100 feet long and 25 feet wide, 120 plastic barrels, 20 iron barrels containing chemical solutions, 30 empty iron barrels, 60 gas cylinders, 4 large steel pressure cookers, 2 large engines, 67 plastic barrels containing acid, and related equipment used in drug manufacturing.

Similarly, at about 7.30 am on 11 January, at the second site at about 20,000 meters southwest of Mong Yai, fifty 15x20 plastic shelters used in production of narcotic drugs, 15 destroyed buildings, 600 gas tanks, 10 refrigerators, there generators, three large steamers, three tablet press machines, 500 barrels of liquid chemicals, 300 polythene sacks containing white power suspected of narcotic drugs, 300 transparent plastic bags, 300 five-gallon acid containers, six large steel trays, 30 carton boxes containing 300 bags of white powder (still identifying), 300 bags of white powder (still identifying) in polythene sacks and five motorcycles were seized and six suspects involving in the drug production including SSA members were detained together with uniforms with SSA badges, stamps and other accessories. Security forces arrived at seven sites, assumed to be the major drug production sites, at about 19,000 meters southwest of the abovementioned site and conducted clearance operations. A total of 33 warehouses housing tents and accessories used in drug production were found and 443 assorted gas tanks used in drug production, 1,312 fibre barrels, 336 iron barrel, two three-wheel motorcycles, 85 sacks of Caustic Soda, four barrels containing four 20-Kg bags of Sodium Acetate Trihydrate in each of them, 21 barrels of Sulfonic Acid liquid, eight barrels of tender, five brown barrels (still identifying), 525 small flasks, ten large flasks, dryer trays and accessories used in production drugs were seized so far. The remaining items are still being identified.

The accessories and precursor materials were preliminarily tested by a team comprising technicians and it was found that heroin and methamphetamine were being produced there. Detail tests will be conducted and the seized materials will be handed over to relevant departments in accordance with rules and regulations and incinerated. After systematic investigations, effective action will be taken against those who were involved in drug production. The government and the Tatmadaw have been taking measures relentlessly and consistently to combat narcotic drug production and trafficking in the entire country as a national duty. Effective action will be taken against the organizations that were involved in the current drug production. 100

# Butter bean planted on more than 4,000 acres of croplands in Shwebo District

**Shwebo January 11**

Shwebo District Agriculture Department stated that local farmers cultivated 4,146 acres of butter bean in Shwebo District of Sagaing Region this year.

During the 2025-2026 winter crop cultivation season, Shwebo District planned to cultivate 4,460 acres of butter bean. Planting began in October 2025, and as of today, cultivation has been completed on a total of 4,146 acres including 522 acres in Shwebo Township, 709 acres in KhinU Township, 1,900 acres in Wetlet Township, and 1,015 acres in Kyaukmyaung Sub-township.

"During this winter crop season, Shwebo District set a target of cultivating 4,460 acres of butter bean, and as of today, 4,146 acres have already been planted. Efforts are being made to fully meet the planned acreage. Butter bean is cultivated only during the winter season, and its cultivation has been successful. As butter bean fetches good market prices, farmers are relying on it as a profitable crop," said Daw Zar Zar Min, Assistant Director of the Shwebo District Department of Agriculture.

For the 2025-2026 winter crop season, the township-wise targets for butter bean cultivation in Shwebo District were set at 544 acres in Shwebo Township, 641 acres in KhinU Township, 2,260 acres in Wetlet Township, and 1,015 acres in Kyaukmyaung Sub-township, totaling 4,460 acres.

During this year's monsoon crop season in Shwebo District, local farmers have been cultivating butter bean both as a sole crop, while some farmers are practicing intercropping to earn additional income.

This year, the relevant township Departments of Agriculture in Shwebo District are providing assistance to farmers cultivating various pulse crops by supporting measures to improve yields, promoting the use of high-quality and pure seed varieties, and supplying necessary technologies. In addition, awareness activities will be carried out on the preparation and use of natural pesticides for early pest and disease prevention, as well as timely harvesting practices.

206

## For further reading

At the news story with the headline "Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing meets with departmental of-ficials and local elders from Kangyidaunt, and discusses regional development" on page 12 of the Yadanarbon Daily newspaper issued on 11 January 2026, with regard to the discussions on regional development, please read the story with more guidance given by the Senior General, stating that a bai-ley bridge will be built as responded to the requests of residents from Kangyidaunt for construction of a bridge linking Kangyidaunt and Thabaung. Moreover, the 25-bed hospital for Kangyidaunt and Tha-baung will be upgraded to a hospital (50-bed) with assignment of 50-bed hospital-level health staff.

Ed

# More than 8,000 acres of sunflower grown in Mingin Township

**Mingin January 11**

Statistics of Mingin Township of Sagaing Region stated that local farmers planted 8,325 acres of sunflower in Mingin Township this year.

During the 2025-2026 winter crop cultivation season, Mingin Township planned to cultivate 16,335 acres of sunflower. Planting began in October 2025, and as of today, a total of 8,325 acres have already been planted, it is reported.

"During this winter crop season in Mingin Township, more than 16,000 acres of sunflower were targeted, and over 8,000 acres have already been planted. Efforts are being made to fully meet the planned acreage. To reduce reliance on imported palm oil, the expansion of sunflower cultivation as an oilseed crop is being promoted. Sunflower, as an oilseed crop, produces a higher oil yield per acre compared to other crops such as groundnut and sesame. Sunflower is cultivated only during the winter season," said Daw Hayman Kyaw Win, Township Head of the Mingin Township Department of Agriculture.

In Mingin Township, to enable the expansion of sunflower cultivation, the Township Department of Agriculture is intensifying awareness-raising and training programs, and is accelerating capacity-building trainings for both staff and farmers who plan to grow sunflower.

This year in Mingin Township, arrangements have been made to support sunflower farmers by supplying seeds, selling urea fertilizer at affordable prices, and distributing harvested sunflower seed varieties through farmer-to-farmer exchange systems. 206






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်ဆန္ဒမဲပေးနေကြသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများကို မဲရုံများအလိုက် လိုက်လံကြည့်ရှုအားပေးစဉ်။

**ရှေ့ဖုံးမှအဆက်**

ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်အဖွဲ့ဝင်များလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လှိုင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ လသာမြို့နယ်တို့ရှိ သက်ဆိုင်ရာမဲရုံများအလိုက်တွင် မဲရုံမှတာဝန်ရှိသူများ၏ ကွန်ပျူတာစနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးပေးလျက်ရှိမှုနှင့် မဲဆန္ဒရှင်ပြည်သူများ၏ တက်ကြွစွာပါဝင်ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများအား ဆန္ဒမဲပေးမှုနှင့်ပတ်သက်၍ ကြုံတွေ့ရမှုများ၊ MEVMစက်ဖြင့် ဆန္ဒမဲပေးရာတွင် တွေ့ကြုံရမှုများ၊ မဲရုံဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးမေးမြန်းဆွေးနွေးခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများကို နှုတ်ဆက်ခဲ့သည်။

ထိုကဲ့သို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌကိုယ်တိုင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့မှုအပေါ် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများကလည်း ဝမ်းမြောက်ဂုဏ်ယူလျက်ရှိပြီး နိုင်ငံတော် ယာယီသမ္မတနှင့်အဖွဲ့ဝင်များကို ရင်းနှီးနွေးထွေးစွာ ပြန်လည်နှုတ်ဆက်ခဲ့ကြကြောင်းနှင့် ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးရမှုခံစားချက်အတွေ့အကြုံများကို တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# အထွေထွေရွေးကောက်ပွဲအပိုင်း(၂)တွင်ပါဝင်သည့် ဝါးခယ်မမြို့နယ်အတွင်းရှိ မဲရုံအသီးသီး၌ မဲပေးပိုင်ခွင့်ရှိသူပြည်သူများ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ မဲရုံအသီးသီး၌ မဲပေးပိုင်ခွင့်ရှိသူပြည်သူများ လာရောက်ဆန္ဒမဲပေးလျက်ရှိရာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ သီရိဟေမာရပ်ကွက်ရှိမဲရုံ၊ မြစိမ်းရပ်ကွက်ရှိမဲရုံတို့သို့ သွားရောက်၍ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးနေမှု ကြည့်ရှုအားပေးကာ မဲရုံမှူးနှင့် တာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့သို့သွားရောက်၍ လေှကျင်းရပ်ကွက်ရှိ မဲရုံ၊စာရေးကုန်းရပ်ကွက်ရှိ မဲရုံတို့ကိုသွားရောက်၍ မဲရုံအသီးသီး၌ မဲပေးပိုင်ခွင့်ရှိသူပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဆန္ဒမဲပေးနေမှု ကြည့်ရှုအားပေး၍ မဲရုံမှူးနှင့်တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လာရောက်မဲပေးသူပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာ အုပ်ချုပ်မှုရုံးအဖြစ် ဖွင့်လှစ်ထားရှိသည့် ဝါးခယ်မမြို့ရွှေခယ်သီရိအားကစားခန်းမသို့ သွားရောက်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ မဲရုံအသီးသီး၌ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များဆောင်ရွက်ထားရှိမှုနှင့် မဲရုံများပိတ်သိမ်းပြီးပါက ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။

# ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့်ရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများကို တွေ့ဆုံ

မြစ်ကြီးနား ဇန်နဝါရီ ၁၁

နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ သာသနာ့ဝန်ဆောင် မြို့ဦးကျောင်းတိုက်ဆရာတော်အား သွားရောက်ဖူးမြော်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်(KBC)၌ မြစ်ကြီးနားမြို့ရှိ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ သိက္ခာတော်ရဆရာတော်များနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ယုံကြည်ကိုးကွယ်သည့်ဘာသာတရားပေါ်တွင်အခြေခံပြီး ဖြစ်တည်လာသည့် ငြိမ်းချမ်းခြင်းတရားများကို ကိုယ်စီလက်ကိုင်ထားပြီး တည်ငြိမ်အေးချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရန်၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ငြိမ်းချမ်းစွာအတူလျှောက်လှမ်းသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် ဘာသာရေးခေါင်းဆောင်ဆရာတော်များအနေဖြင့် စွမ်းနိုင်သည့်ကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်းပြောကြားပြီး လက်ဆောင်ပစ္စည်းများနှင့် အလှူငွေများပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများကို ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ပြည်နယ်၏ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားလိုအပ်သည်များကို ပေါင်းစပ်ပေးနိုင်ရန်အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဦးတည်ချက် (၄)ရပ်တွင် ပထမအချက်ဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့်ရွေးကောက်ပွဲအတွက် ဒီဇင်ဘာ ၂၈ ရက်က ရွေးကောက်ပွဲအပိုင်း(၁)ကို အောင်မြင်စွာကျင်းပပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအပိုင်း(၂)ကို ယနေ့ကျင်းပပြီး ရွေးကောက်ပွဲအပိုင်း(၃)ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲပြုလုပ်မှသာ ပြည်သူများက ရွေးချယ်တင်မြှောက်သည့်ရွေးကောက်ခံကိုယ်စားလှယ်များနှင့် အစိုးရသစ်ဖြင့် နိုင်ငံတော်တာဝန်များကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံ့စီးပွားကောင်းမွန်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော ကုန်ထုတ်စွမ်းအားစုများကို ဦးစားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စိုက်ပျိုးရေးကဏ္ဍများ အောင်မြင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ဒေသတစ်ခုထုတ်ကုန်တစ်ခုဖြစ်သည့်(One Region One Product) ကုန်ထုတ်လုပ်ငန်းများတွင် ဒေသမှထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြုပြီး အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများက လိုအပ်သော အရင်းအနှီး၊ နည်းပညာများကိုဖြည့်စွက်ပံ့ပိုးပေးရန် လိုအပ်ပါကြောင်း။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ကုန်ကြမ်းမှ ကုန်ချောထိ ထုတ်လုပ်နိုင်ရန်အတွက် လျှပ်စစ်မီးသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အားကိုရေအား၊ လေအား၊ နေရောင်ခြည်စွမ်းအား၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များမှ ထုတ်လုပ်ကြပါကြောင်း။

ရေအားလျှပ်စစ်သည် ကုန်ကျစရိတ်အသက်သာဆုံးဖြစ်ပြီး ကချင်ပြည်နယ်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် မေခ၊ မလိခမြစ်နှစ်ခုမှ ပေါင်းစည်းပေးသည့် ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ပြန်လည်သုံးသပ်ဆွေးနွေး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြစ်ဆုံစီမံကိန်းအောင်မြင်ပါက ကချင်ပြည်နယ်နှင့် နိုင်ငံတော်၏အကျိုးပြုစေမည့် ကုန်ထုတ်စွမ်းအားပိုမိုတိုးတက်စေမည့် လျှပ်စစ်ဓာတ်အားများရရှိပြီး နောင်လာနောက်သားများ အကျိုးများစွာခံစားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ငလျင်နှင့် အင်ဂျင်နီယာဘူမိဗေဒပညာရှင် ဒေါက်တာအေးလွင်က ရေလှောင်တမံတည်ဆောက်မှုနှင့်ပတ်သက်၍ ငလျင်ဒဏ်ခံနိုင်မှုအတွက် အဓိကထားတွက်ချက်ဆောင်ရွက်မှုအခြေအနေကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက မြစ်ဆုံရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာအချက်အလက်များနှင့်စပ်လျဉ်း၍ ရေကြီးရေလျှံမှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်မှု၊ ဧရာဝတီမြစ်အတွင်းသို့စီးဝင်သော မြစ်လက်တက်များကြောင့် ဧရာဝတီမြစ်ရေပုံမှန်အတိုင်း ဆက်လက်စီးဆင်းနိုင်မှုဖြစ်ကြောင်း တစ်လျှောက်ရေယာဉ်များ ပုံမှန်ခုတ်မောင်းသွားလာနိုင်မှု၊ ပြည်နယ်အတွင်းနှင့် နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု၊ ဒေသခံပြည်သူလူထုစိုးရိမ်မှုမရှိစေရေး နည်းပညာပိုင်းဆိုင်ရာအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းဆောင်ရွက်သွားမည့်အခြေအနေတို့ကို ဒေသခံပြည်သူများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဧရာဝတီမြစ်ဆုံစီမံကိန်းနှင့်စပ်လျဉ်း၍ သဘောထားအမြင်များကိုဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများပေးအပ်ချီးမြှင့်ပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့်အဖွဲ့သည် ယမန်နေ့က ပြည်နယ်တရားလွှတ်တော်အဆောက်အအုံအလျား ၂၀၆ ပေ၊ အနံ ၁၅၃ ပေရှိ သံကူကွန်ကရစ် လေးထပ်အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များပေါ် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေးနှင့်စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ရေကြည်ချောင်းရေထိန်းတံခါး အကျယ် ရှစ်ပေ၊ အမြင့် ရှစ်ပေရှိ သံကူကွန်ကရစ်ရေထုတ်ရေထိန်းတံခါး ခုနစ်ပေါက် တည်ဆောက်နေမှုသွားရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း ပြီးစီးရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)







# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားတက်ရောက်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်အဖွဲ့များ နေပြည်တော်သို့ဆက်လက်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားတက်ရောက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်အဖွဲ့များနှင့် အုပ်ချုပ်သူများသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ဆက်လက်ရောက်ရှိကြရာ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်(ငြိမ်း)၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေးနှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများက တည်းခိုရာစုရပ်၌ နွေးထွေးလှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက လူငယ်အဖွဲ့များကို လူငယ်ငြိမ်းချမ်းရေးဖိုရမ် အစီအစဉ်များ၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တည်းခိုနေထိုင်စားသောက်ရေး အဆင်ပြေစေရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဆင်တပ်ကျင်းကျေးရွာ မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မြောက်ကိုင်းကျေးရွာ မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ကွက်သစ်ရပ်ကွက် မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ဘူးတောင်းကျေးရွာအုပ်စု မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ဈေးသာကျေးရွာ အခြေခံပညာမူလတန်းကျောင်း မဲရုံ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။



ဆီဆိုင်မြို့နယ် မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးစဉ်။

☆ ကျောဖုံးမှအဆက်

မော်လိုက်မြို့နယ်၊ ရေဦးမြို့နယ်၊ တနသ်ာရီတိုင်းဒေသကြီးတွင် ရေဖြူမြို့နယ်၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ဒိုက်ဦးမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ထန်းတပင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ ဇီးကုန်းမြို့နယ်၊ ပေါင်းတည်မြို့နယ်၊ ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ ပန်းတောင်းမြို့နယ်၊ မိုးညိုမြို့နယ်၊ မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ဂန့်ဂေါမြို့နယ်၊ ဆိပ်ဖြူမြို့နယ်၊ နတ်မောက်မြို့နယ်၊ မြို့သစ်မြို့နယ်၊ ငဖဲမြို့နယ်၊ စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ ကံမမြို့နယ်၊ မင်းတုန်းမြို့နယ်၊ မင်းလှမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် စဉ့်ကိုင်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တံတားဦးမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ အမရပူရမြို့နယ်၊ မတ္တရာမြို့နယ်၊ မွန်ပြည်နယ်တွင် ဘီးလင်းမြို့နယ်၊ မုဒုံမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်၊ ပေါင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး တွင် ဗဟန်းမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ လသာမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါပုံမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ လှိုင်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ထန်းတပင်မြို့နယ်၊ လှည်းကူးမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ကိုကိုးကျွန်းမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်မြို့နယ်၊ ရှမ်းပြည်နယ်တွင် ရွာငံမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ကလောမြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ ရပ်စောက်မြို့နယ်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ မိုင်းတုံမြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းပန်မြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ လဲချားမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ကျောင်းကုန်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဖျာပုံမြို့နယ်၊ ဘိုကလေးမြို့နယ်၊ ပန်းတနော်မြို့နယ်၊ ဝါးခယ်မမြို့နယ်၊ အိမ်မဲမြို့နယ် စုစုပေါင်း မြို့နယ်ပေါင်း ၁၀၀ မြို့နယ်၌ ကျင်းပပြုလုပ်ကြပြီး အဆိုပါမြို့နယ်များရှိ သတ်မှတ်မဲရုံအသီးသီး၌ ဒေသခံတိုင်းရင်းသားပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(Myanmar Electronic Voting Machine–MEVM)အသုံးပြု၍ ဆန္ဒမဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ဆန္ဒမဲပေးခြင်းများကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဒေသခံတိုင်းရင်းသား ပြည်သူများက သတ်မှတ်မဲရုံအသီးသီး၌ စနစ်တကျ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သား အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ စနစ်တကျဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲလာရောက်ပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်၊ အေးချမ်းစွာနှင့် အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် လိုအပ်သည့် မော်တော်ယာဉ်များ၊ ကျန်းမာရေးကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်းဆိုင်ရာများကို မဲရုံအသီးသီး၌ ကြိုတင်ပြင်ဆင်ထားရှိကြပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

စာမျက်နှာ ၁၉ သို့



ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် မဲရုံများ၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မဲရုံများ၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။





ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မဲရုံများ၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။





ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာ အုပ်စု မဲရုံ အမှတ်(၂)၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် တောင်ကွက်သစ်ရပ်ကွက် မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင် ပြည်သူများ ဆန္ဒမဲပေးစဉ်။



**စာမျက်နှာ ၁၈ မှအဆက်**

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက်(Control Unit) မှ ရလဒ်များကို ထုတ်ယူကာ စနစ်တကျရေတွက်ခြင်းနှင့် ကြိုတင်မဲများကို စနစ်တကျ ရေတွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပမှုနှင့်ပတ်သက်၍ မဲရုံအသီးသီးတွင် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

**ကလောမြို့နယ်မှ အမျိုးသမီးတစ်ဦး**

မဲပေးရတဲ့ အတွေ့အကြုံကတော့ အစောကြီးထပြီး မဲပေးဖို့ကို ပြင်ဆင်နေတာပါ။ ၂၀၂၀ ပြည့်နှစ်တုန်းကတော့ ကျွန်မက နယ်ဘက်မှာမဲပေးခဲ့ရတာပါ။ အဲ့ဒီအချိန်တုန်းက ကိုယ့်နာမည်ကို ရှာမတွေ့တာနဲ့၊ နာမည်က လွဲနေတာတို့၊ အခက်အခဲလေးတွေ တော်တော်လေး ရှိခဲ့ရပါတယ်။ အရင်တုန်းကတော့ စာရွက်ပေါ်မှာခြစ်ပြီး မဲပေးရတာဆိုတော့ မှားသွားမှာကိုကြောက်ပါတယ်။မဲပေးရတဲ့ အကွက်ထဲကနေများ ထွက်သွားမလား။ ပယ်မဲများ ဖြစ်သွားမလားဆိုပြီး ရင်တုန်ရပါတယ်။ အခုကျတော့ ခလုတ်ကလေးပဲ နှိပ်ရတာဆိုတော့ ကိုယ်ပေးချင်တဲ့ ပါတီကိုရှာလိုက်ပြီး မီးခလုတ်လေးစိမ်းပြီဆိုရင် ခလုတ်လေးနှိပ်လိုက်တာနဲ့ ဟိုဘက်မှာစာရွက်လေးက ထွက်လာတယ်။ ကိုယ်ပေးတဲ့ ပါတီ၊ အဖွဲ့အစည်းက မှန်ရဲ့လားဆိုတာကို တစ်ခါပြန်ပြီး စစ်လို့ရတယ်။ မှန်ပြီဆိုမှ စာရွက်လေးက ကျသွားတာဆိုတော့ ပယ်မဲလဲ မဖြစ်ဘူးပေါ့။ စိတ်အေးရပါတယ်။ မျှော်လင့်တာတွေကတော့ အများကြီးရှိပါတယ်။ ဒီရွေးကောက်ပွဲကနေပြီးတော့ ကျွန်မတို့အနေနဲ့ ပထမဦးဆုံး ကလေးတွေရဲ့ ပညာရေးပေါ့နော်။ အဓိကကတော့ လုံခြုံရေးပေါ့။ ကလေးသူငယ်တွေနဲ့ အမျိုးသမီးတွေရဲ့ လုံခြုံရေးပေါ့။ အဲ့ဒီအတွက်ကို အများကြီးမျှော်လင့်ထားပါတယ်။ နောက်ပြီးတော့ ကျန်းမာရေးကဏ္ဍတွေလဲ အခုထက်ပိုပြီး ပြည့်စုံအောင်၊ ပိုမိုကောင်းမွန်စေဖို့ မျှော်လင့်ပါတယ်။ အထူးသဖြင့် နယ်ဘက်တွေဆိုရင် ပညာရေးဆိုလဲ မြို့ပေါ်က လူတွေနဲ့ မမီဘူးပေါ့နော်။ အဲ့ဒါကလေးတွေကို တစ်ပြေးညီတိုးတက်လာဖို့ မျှော်လင့်ပါတယ်။ ဘယ်အဖွဲ့အစည်းပဲ အစိုးရဖွဲ့စည်းနိုင်ပါစေ ဒီအချက်လေးတွေကို လုပ်ဆောင်ပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။



ကလောမြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး

**ဆင်ပေါင်ဝဲမြို့နယ်မှ အမျိုးသားတစ်ဦး**

အခုလိုမျိုး မဲပေးစက်နဲ့ မဲပေးရတာက အများကြီးအဆင်ပြေပါတယ်။ အခုလို မဲပေးရတဲ့အတွက်လဲ နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ကျေပွန်တယ်လို့ ခံစားရပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းနဲ့ပတ်သက်လို့လဲ အများကြီးတိုးတက်လာမယ်လို့ မျှော်လင့်မိပါတယ်။



ဆင်ပေါင်ဝဲမြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး

**မိုင်းရယ်မြို့နယ်မှ အမျိုးသမီးတစ်ဦး**

အရင်တုန်းကတော့ တစ်ခါမှမဲမပေးဖူးပါဘူး။ ဒါပထမဆုံး မဲပေးဖူးတာပါ။ စိတ်လှုပ်ရှားပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးနဲ့ ကိုယ့်ဒေသကို အကျိုးရှိအောင် လုပ်ပေးမယ်လို့ မျှော်လင့်ပါတယ်။ မဲရုံမှာကျတော့ လူကြီးရော၊ လူငယ်ရော အများကြီးပဲ တွေ့ရပါတယ်။ တက်တက်ကြွကြွနဲ့ မဲပေးကြတာကို တွေ့ရပါတယ်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများကို ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံတကာသံရုံးများမှ သံတမန်များ၊ သံရုံးယာယီ တာဝန်ခံများနှင့်တာဝန်ရှိသူများက မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးနေမှုများကို သွားရောက်လေ့လာစောင့်ကြည့်၍ သတင်းရယူခဲ့ကြကြောင်းနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃)ကို ဇန်နဝါရီ ၂၅ ရက်တွင် ဆက်လက် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



မိုင်းရယ်မြို့နယ်မှ မဲဆန္ဒရှင် တစ်ဦး

(၅၀၁)

**စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည် စွမ်းအား၊ ငြိမ်းချမ်းခြင်းသည် အလှတရား။**

# မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပ မြို့နယ် ကိုးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲပေးလျက်ရှိ





**မန္တလေး ဇန်နဝါရီ ၁၁**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂)ကို ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရွေးကောက်ပွဲကျင်းပရန်ကြေညာထားသည့်မြို့နယ်ပေါင်း ၁၀၀ ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီထိ တစ်ချိန်တည်းတစ်ပြိုင်တည်း ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သတ်မှတ်မဲရုံအသီးသီး၌ စိတ်အေးချမ်းလွတ်လပ်စွာ ဆန္ဒမဲများပေးကြသည်။


ကိုထွန်းထွန်းဝင်း(အမရပူရ)


ဦးထွန်းဦး(ဥက္ကဋ္ဌ)အမရပူရမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ


ဒေါ်အိအိသိမ့်(အမရပူရမြို့နယ်မဲရုံမှူး)

“ဒီနေ့ မဲပေးရတာ အားလုံးအဆင်ပြေပါတယ်။ မဲပေးစက်နဲ့ ပေးခဲ့ရတဲ့အတွက် စိတ်တိုင်းကျမှုရှိပါတယ်။ မဲရုံတာဝန်ရှိသူတွေက ကျွန်တော်တို့လို မဲလာရောက်ပေးတဲ့သူတွေ အခက်အခဲမရှိအောင် ကူညီဆောင်ရွက်ပေးပါတယ်။ မဲပေးတာက ကျွန်တော့်အတွက် ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ မဲပေးပြီးတဲ့ နောက်မှာလဲ စိတ်ထဲမှာ ပျော်ရွှင်မိပါတယ်။ ပြည်သူတွေ မဲပေးရွေးချယ်ခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ နိုင်ငံအတွက် အကောင်းဆုံး ဆောင်ရွက်ပေးစေချင်ပါတယ်။ မင်စွန်းနေတဲ့ လက်ကိုကြည့်ပြီး ပျော်ရွှင်မိပါတယ်”ဟု မဲလာရောက်ပေးသည့် ကိုထွန်းထွန်းဝင်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှစတင်၍ စနစ်တကျဖွင့်လှစ်ပေးရာ မဲဆန္ဒရှင်ပြည်သူများက စိတ်အားထက်သန်စွာဖြင့် မဲရုံ၏စည်းမျဉ်းစည်းကမ်းများအတိုင်း ဆန္ဒမဲများလာရောက်ပေးကြပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာမဲပေးနိုင်ရန် မဲရုံတာဝန်ကျဝန်ထမ်းများနှင့် တာဝန်ရှိသူများကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

“ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့ မဲရုံတွေအားလုံးကိုအဆင်သင့်ဖြစ်အောင် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ထားပါတယ်။ ဆန္ဒမဲပေးတဲ့ ပြည်သူတွေအတွက် ရေသန့်ဘူးတွေနဲ့ အစားအစာတွေကိုလဲ ဆောင်ရွက်ပေးထားပါတယ်။ ကျွန်တော်တို့ မြို့နယ်မှာရှိတဲ့ မဲရုံတိုင်းမှာ သယ်ယူပို့ဆောင်ရေးအတွက် ကားတွေအဆင်သင့် ပြင်ဆင်ထားပါတယ်။ ပြည်သူတွေ တန်းစီစောင့်ဆိုင်းရတာ မကြာအောင် စီမံဆောင်ရွက်ထားပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲအပိုင်း(၂)မှာ ပြည်သူတွေအနေနဲ့ အားကြိုးမာန်တက် ဆန္ဒမဲပေးကြဖို့ ဖိတ်ခေါ်လိုပါတယ် ”ဟု အမရပူရမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းဦးက ပြောသည်။

ယနေ့ကျင်းပသည့် ရွေးကောက်ပွဲအပိုင်း(၂)တွင် မန္တလေးတိုင်းဒေသကြီးရှိ မတ္တရာမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ တံတားဦးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့်သာစည်မြို့နယ် စသည့် မြို့နယ် ကိုးမြို့နယ်ပါဝင်ပြီး အဆိုပါမြို့နယ် ကိုးမြို့နယ်ရှိ မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၁၀ သိန်းကျော်အတွက် မဲရုံ ၁၀၈၃ ရုံကို စနစ်တကျဖွင့်လှစ်ထားရှိကာ နိုင်ငံရေးပါတီ ကိုးခုနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်သုံးဦးတို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံခဲ့ကြကြောင်း သိရသည်။

“ကျွန်မတို့ မဲရုံမှာတော့ ကြိုတင်ပြင်ဆင်မှုတွေအားလုံး ပြုလုပ်ထားပါတယ်။ မဲပေးစက် ၁၀ လုံးရှိပြီး ဆန္ဒမဲပေးမယ့် အရေအတွက်ကတော့ ၄၁၄၃ ဦးရှိပါတယ်။ အမရပူရမြို့နယ်မှာတော့ မဲရုံ ၁၀၀ ရှိပါတယ်။ မုန်တန်းရပ်ကွက်မှာတော့ မဲရုံ ၁၁ ရုံရှိပါတယ်။ မဲလာရောက်ပေးတဲ့ သူတွေအဆင်ပြေစေဖို့ တာဝန်တွေထပ်တိုးပြီး ဆောင်ရွက်ပေးထားပါတယ်။ ပြည်သူတွေအတွက် ရေသန့်ဘူးတွေနဲ့ မုန့်တွေလဲ စီစဉ်ပေးထားပါတယ်။ ဒါကြောင့် မဲရုံမှာ ပြည်သူများ စိတ်အေးချမ်းသာစွာနဲ့ လာရောက်မဲပေးနေကြပါပြီ”ဟု အမရပူရမြို့နယ် မုန်တန်းရပ်ကွက် မဲရုံအမှတ်(၇) တွင် တာဝန်ကျသည့် မဲရုံမှူး ဒေါ်အိအိသိမ့်က ပြောသည်။


မမေမီဝင်း(အမရပူရ)


ကိုခန့်ဟိန်း(မဟာအောင်မြေ)


ဒေါ်ယဉ်ယဉ်မြင့်(အမရပူရ)

ယခုရွေးကောက်ပွဲတွင် မဲမသမာမှုများကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine–MEVM) ကို အသုံးပြုသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့နှစ်သက်သည့် နိုင်ငံရေးပါတီသို့မဟုတ် ကိုယ်စားလှယ်လောင်းကို လွယ်ကူလျင်မြန်စွာ ဆန္ဒမဲပေးနိုင်ခဲ့ကြသည်။

“ဆန္ဒမဲ ပေးရတာ အဆင်ပြေပါတယ်။ မဲပေးတဲ့နေ့မှာ အလုပ်ရှိနေလို့ မနက်အစောကြီးထပြီး မဲအရင်လာပေးတာဖြစ်ပါတယ်။ မဲပေးတဲ့ စက်နဲ့မဲပေးရတာမို့ အဆင်ပြေပါတယ်။ အခက်အခဲမရှိပါဘူး။ မဲပေးပြီးတော့ စိတ်ထဲမှာ နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေတဲ့ ခံစားမှုမျိုးရပါတယ်။ ကိုယ်မဲပေးခဲ့သူတွေ ကိုယ်စားလှယ်အဖြစ် အရွေးခံခဲ့ရရင် နိုင်ငံနဲ့ပြည်သူအတွက် အထောက်အကူပြုမယ်လို့ယုံကြည်ပါတယ်။မဲပေးခဲ့တဲ့ လက်သန်းမှာ မင်စွန်းနေတာကိုကြည့်ပြီး ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူမိပါတယ်”ဟု မဲလာရောက်ပေးသည့် မမေမီဝင်းက ပြောသည်။

ထိုသို့ ပြည်သူများဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ် အဆင်ပြေချောမွေ့လျင်မြန်စေရန်အတွက် မဲရုံအမှတ်၊ မဲရုံအမှတ်စဉ်များ ကြိုတင်ဖြန့်ဝေပေးခြင်း၊ တာဝန်ရှိသူများက Tablet ဖြင့် ရှာဖွေပေးခြင်းနှင့် မဲစာရင်းစစ်ဆေးရာတွင် ကြန့်ကြာမှုမဖြစ်စေရေး အတန်းလိုက်၊ တာဝန်ခွဲဝေ၍ ရှာဖွေပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည့်အတွက် မဲဆန္ဒရှင်ပြည်သူများ စိတ်ချမ်းမြေ့စွာ ဆန္ဒမဲပေးနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရသည်။

“ဒီနေ့ လာရောက်မဲပေးတဲ့အခါမှာ မဲပေးစက်နဲ့ စနစ်တကျခလုတ်ကလေးနှိပ်ပြီး အဆင်ပြေစွာနဲ့ မဲပေးခဲ့ရပါတယ်။ မဲပေးစက်အပေါ်မှာလဲ ယုံကြည်မှုအပြည့်အဝရှိပါတယ်။ မဲပေးပြီးတဲ့အခါ ကျွန်မတို့ မြန်မာနိုင်ငံကြီး အေးချမ်းသွားဖို့ဆိုတဲ့ စိတ်ဖြစ်ပေါ်လာတဲ့အတွက် စိတ်ထဲမှာ ပေါ့သွားသလို ခံစားရပါတယ်။ မဲပေးတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရတာလဲ အဆင်ပြေပါတယ်။ မင်စွန်းနေတဲ့ လက်သန်းကိုကြည့်ပြီး ဂုဏ်ယူမိပါတယ်” ဟု မဲလာရောက်ပေးသည့် ဒေါ်ယဉ်ယဉ်မြင့်က ပြောသည်။

သက်ဆိုင်ရာမဲရုံများအလိုက် ပြည်သူများဆန္ဒမဲပေးကြပြီး မဲရုံများပိတ်သိမ်းပြီးသည့်အခါ မဲပေးစက်မှ ထွက်ရှိလာသော ရလဒ်များကို သက်ဆိုင်ရာမဲရုံအသီးသီးတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ၊ ပြည်တွင်းမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများ၏ ရှေ့မှောက်၌ မဲရေတွက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသည်။

“ကျွန်တော့်အတွက် ပထမဆုံးမဲပေးရတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။ ဒါကြောင့် မဲပေးရတာ ဝမ်းသာမိပါတယ်။ မဲပေးစက်နဲ့ မဲပေးရတာ အဆင်ပြေသလို တာဝန်ရှိသူတွေက လိုအပ်တာကို ကူညီဆောင်ရွက်ပေးပါတယ်။ မဲပေးစက်အပေါ်မှာလဲ ယုံကြည်မှုရှိပါတယ်။ဒီနေ့ မဲပေးပြီးတဲ့အခါ ကိုယ့်ကိုယ်ကိုယ် နိုင်ငံသားတစ်ယောက်အနေနဲ့ တာဝန်ကျေပွန်သွားပြီလို့ ခံစားလိုက်ရပါတယ်။ ကျွန်တော်တို့လူငယ်တွေအနေနဲ့ ကိုယ်မဲပေးလိုက်တဲ့ ကိုယ်စားလှယ် အနိုင်ရသွားခဲ့ရင် နိုင်ငံရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ အားကစားကဏ္ဍတွေ တိုးတက်အောင် ဆောင်ရွက်စေလိုပါတယ်။ နိုင်ငံကိုလဲ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်” ဟု မဲလာရောက်ပေးသည့် ကိုခန့်ဟိန်းက ပြောသည်။

ယနေ့ကျင်းပသည့်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့လွှတ်တော်နေရာ၊ အမျိုးသားလွှတ်တော်နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နေရာနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်နေရာတို့အတွက် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

**မောင်အေးချမ်း**

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကျင်းပ

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာဖြင့် ဆန္ဒမဲများပေးနေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် လိုက်လံကြည့်ရှု

မန္တလေး ဇန်နဝါရီ ၁၁

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ယနေ့ နံနက် ၆ နာရီမှ စတင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်း အပိုင်း(၂)တွင် ပါဝင်သော မြို့နယ် ကိုးမြို့နယ်ရှိ သတ်မှတ် မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများက မိမိကြိုက်နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲလာရောက်ပေးခဲ့ကြသည်။



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့ လိုက်ပါပြီး မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုရာ မဲရုံများ ဖွင့်လှစ်ထားသည့် မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်(၁)ရှိ စံပြမဲရုံ၊ ဒေးဝန်း(အရှေ့)ရပ်ကွက်ရှိအမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊မဟာအောင်မြေ(အရှေ့)ရပ်ကွက်ရှိ အေးငြိမ်းအောင်မြင်သိဒ္ဓိရှင်ဆုတောင်းပြည့်မြတ်စွာဘုရား မဲရုံ၊ ဟေမမာလာ(တောင်)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း (ထ-ခွဲ)၊ ရတနာဘုမ္မိ(အရှေ့)ရပ်ကွက်ရှိ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း၊ ဟေမမာလာ(မြောက်)ရပ်ကွက်ရှိ ဖျာတန်းရပ်မဲရုံသို့ သွားရောက်ကြည့်ရှုကြသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နေပြည်တော်တွင် ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်ထိ ကျင်းပသော လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026)သို့ တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီးမှ လူငယ်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်သူများကို ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းတွင် တွေ့ဆုံအားပေးကာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ပြီး ပို့ဆောင်နှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုရာ ပြည်ကြီးတံခွန်မြို့နယ်အတွင်း မဲရုံများ ဖွင့်လှစ်ထားသည့် (စ)ရပ်ကွက်ရှိ အတုလဂုဏ်ရည်ဓမ္မဗိမာန်၊ (ဆ)ရပ်ကွက်ရှိ အမှတ်(၁၈) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ ငွေတော်ကျီကုန်း ရပ်ကွက်ရှိ အမှတ်(၁၁) အခြေခံပညာ အလယ်တန်းကျောင်း၊ ထိန်ကုန်းရပ်ကွက်ရှိ အမှတ်(၂၂) အခြေခံပညာအလယ်တန်း ကျောင်း၊ တံခွန်တိုင်ရပ်ကွက်ရှိ နိဗ္ဗာနမုခ ဗိမာန်တော်၊ အမရပူရမြို့နယ်အတွင်း မှန်တန်းရပ်ကွက်ရှိ ရန်အောင်မြင်မြတ်စွာ ဘုရားပရိဝုဏ်နှင့် နန်းတော်ရာမဲရုံ၊ ဆင်စွယ်ပွတ်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံ ပညာအထက်တန်းကျောင်း၊ နတ်ရေကန် ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်း ကျောင်း(နတ်ရေကန်)နှင့် အခြေခံပညာ အထက်တန်းကျောင်း(ယန္တရား)၊ မြစ်ငယ် ရပ်ကွက်ရှိ အခြေခံပညာအထက်တန်း ကျောင်း၊ စဉ့်ကိုင်မြို့နယ်အတွင်း ဆည်ရွာ ကျေးရွာရှိ အခြေခံပညာအထက်တန်း ကျောင်း၊ ပလိပ်ရွာမကျေးရွာရှိ အခြေခံ ပညာအထက်တန်းကျောင်း(စဉ့်ကိုင်)နှင့် အခြေခံပညာ အထက်တန်းကျောင်း (ပလိပ်)၊တံတားဦးမြို့နယ်အတွင်း အမှတ် (၁)ရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၊ မြို့မရပ်ကွက်ရှိ အခြေခံပညာအလယ် တန်းကျောင်း(မြို့မ)နှင့် အင်းဝခန်းမ စသည်တို့တွင် ဖွင့်လှစ်ထားသည့် မဲရုံ အသီးသီးသို့ မဲဆန္ဒရှင်ပြည်သူများက စိတ်အားထက်သန်စွာဖြင့် လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများ၊သတင်းမီဒီယာများက လွတ်လပ်စွာသတင်းရယူနေမှုများ၊ မဲရုံ တာဝန်ကျဝန်ထမ်းများနှင့် တာဝန်ရှိသူ များက လိုအပ်သည်များ ကူညီဆောင် ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးသည်။

ယနေ့တွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲ အပိုင်း(၂)၌ မန္တလေးတိုင်းဒေသကြီး အတွင်း မြို့နယ် ကိုးမြို့နယ် ပါဝင်ပြီး မဟာအောင်မြေမြို့နယ်တွင် မဲပေးပိုင်ခွင့် ရှိသည့် မဲဆန္ဒရှင် ၁၃၀၅၉၈ ဦးအတွက် မဲရုံ ၇၀၊ ပြည်ကြီးတံခွန်မြို့နယ်တွင် မဲပေး ပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၁၀၃၅၁၄ ဦး အတွက် မဲရုံ ၈၅ ရုံ၊ မတ္တရာမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့်မဲဆန္ဒရှင် ၄၈၄၆၆ ဦး အတွက် မဲရုံ ၃၁ ရုံ၊ အမရပူရမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၁၈၀၀၉၇ ဦးအတွက် မဲရုံ ၁၀၀ ရုံ၊ တံတားဦးမြို့နယ် တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၃၈၃၉၂ ဦးအတွက် မဲရုံ ၄၀၊ စဉ့်ကိုင်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၁၁၀၀၀၄ ဦးအတွက် မဲရုံ ၁၁၉ ရုံ၊ ကျောက်ပန်း တောင်းမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၁၄၇၇၃၅ ဦးအတွက် မဲရုံ ၂၀၀၊ ဝမ်းတွင်းမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၁၆၆၄၅၈ ဦးအတွက် မဲရုံ ၂၁၈ ရုံ၊ သာစည်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိ သည့် မဲဆန္ဒရှင် ၁၅၉၅၀၁ ဦးအတွက် မဲရုံ ၂၁၀ စုစုပေါင်းမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒ ရှင် ၁၀၈၄၇၆၅ ဦးအတွက် မဲရုံ ၁၀၇၃ ရုံ ကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သတင်း ရရှိသည်။

မျိုးကျော်

## ဖြည့်စွက်ဖတ်ရှုနိုင်ပါရန်

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်ထုတ် ရတနာပုံသတင်းစာတွင် ဖော်ပြပါရှိသည့် **“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကန်ကြီး ထောင့်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများဆွေးနွေး”**သတင်းတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည့် အပိုဒ်၌ **“ကန်ကြီး ထောင့်ဒေသခံများ၏ တင်ပြချက်များတွင် ပါဝင်သည့် ကန်ကြီးထောင့်မြို့နှင့် သာပေါင်းမြို့ဆက်သွယ်မည့် တံတားတစ်စင်းတည်ဆောက်ပေးနိုင်ပါရန်နှင့် ပတ်သက်၍ ဘေလီတံတားတစ်စင်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ကန်ကြီးထောင့်မြို့နှင့်သာပေါင်းမြို့တို့တွင် ၂၅ ခုတင်ဆံ့ အထွေထွေရောဂါကုဆေးရုံ ကြီးအား အဆင့်မြှင့်တင်ပေးနိုင်ပါရန် တင်ပြမှုနှင့်ပတ်သက်၍ ခုတင်-၅၀ ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်းနှင့် ခုတင်-၅၀ နှင့်ညီမျှ သည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း”**ဟု ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်။

## ၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်း

| နေ့ရက် | အချိန် | စက်မှုအတတ်ပညာ | | | စိုက်ပျိုးရေး | မွေးမြူရေး |
|---|---|---|---|---|---|---|
| | | အဆောက်အဦ | လျှပ်စစ် | စက်ပစ္စည်း | | |
| ၁၁-၃-၂၀၂၆ (ဗုဒ္ဓဟူးနေ့) | နံနက် (၉)နာရီမှ (၁၂) နာရီအထိ | မြန်မာစာ | မြန်မာစာ | မြန်မာစာ | မြန်မာစာ | မြန်မာစာ |
| ၁၂-၃-၂၀၂၆ (ကြာသပတေးနေ့) | နံနက် (၉)နာရီမှ (၁၂) နာရီအထိ | အင်္ဂလိပ်စာ | အင်္ဂလိပ်စာ | အင်္ဂလိပ်စာ | သီးနှံထုတ်လုပ်ရေး(၁) | ကြက်မွေးမြူထုတ်လုပ်ရေး |
| ၁၃-၃-၂၀၂၆ (သောကြာနေ့) | နံနက် (၉)နာရီမှ (၁၂) နာရီအထိ | သင်္ချာ | သင်္ချာ | သင်္ချာ | သီးနှံထုတ်လုပ်ရေး(၂) | ဝက်မွေးမြူထုတ်လုပ်ရေး |
| ၁၄-၃-၂၀၂၆ (စနေနေ့) | နံနက် (၉)နာရီမှ (၁၂) နာရီအထိ | ပေါင်းစပ်သိပ္ပံ | ပေါင်းစပ်သိပ္ပံ | ပေါင်းစပ်သိပ္ပံ | သီးနှံထုတ်လုပ်ရေး(၃) | - |
| ၁၆-၃-၂၀၂၆ (တနင်္လာနေ့) | နံနက် (၉)နာရီမှ (၁၂) နာရီအထိ | မြေတိုင်းပညာ | လျှပ်စစ်ဆိုင်ရာ စက်ပစ္စည်းများ | ဂဟေဆက် နည်းပညာ | သီးနှံကာကွယ်ရေး | ရေသတ္တဝါမွေးမြူရေးနှင့် ပျားမွေးမြူရေး |
| ၁၇-၃-၂၀၂၆ (အင်္ဂါနေ့) | နံနက် (၉)နာရီမှ (၁၂) နာရီအထိ | လက်သမား အတတ်ပညာနှင့် သစ်သားလုပ်ငန်း | စက်မှုလုပ်ငန်းသုံး လျှပ်စစ်မော်တာ ထိန်းချုပ်မှု | စက်ခုတ်စားမှု နည်းပညာ | လူမှုရေးသိပ္ပံ | စားမြုံ့ပြန်သတ္တဝါ မွေးမြူထုတ်လုပ်ရေး |
| ၁၈-၃-၂၀၂၆ (ဗုဒ္ဓဟူးနေ့) | နံနက် (၉)နာရီမှ (၁၂) နာရီအထိ | မြို့ပြပုံဆွဲ | အခြေခံပရိုဂရမ် မိတ်ဆက် | စက်မှုပုံဆွဲ | - | - |
| | (၁၃) နာရီအထိ | | - | | | |

## ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် ညအပူချိန်များ

(၁၁-၁-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်



**မေး။ ။ ရွေးကောက်ပွဲပထမပိုင်းမှာ ၅၂ ရာခိုင်နှုန်းကျော် မဲပေးခဲ့တယ်လို့ သိရှိရပါတယ်။ မဲပေးရာမှာ ပြည်သူပြည်သားတွေပါဝင်အောင်လို့ ဘယ်လိုလုံခြုံရေးအစီအမံတွေ လုပ်ခဲ့လဲဆိုတာ သိချင်ပါတယ်။**

**ဖြေ။** ။ အခုကတော့ ကျွန်တော်တို့က ရွေးကောက်ပွဲအပိုင်း(၁)မှာ ပြည်သူတွေ မဲပေးတာပေါ့နော်။ ပြည်သူတွေမဲပေးတာ ကြည့်ရတာ တော်တော်လေး အားရဖွယ်ကောင်းတယ်။ ကျွန်တော်ပြောခဲ့သလိုပဲ ဒါဟာ အစိုးရရဲ့ အောင်ပွဲလဲမဟုတ်ဘူး။ ပြည်သူ့အောင်ပွဲပေါ့နော်။ ဒီမိုကရေစီလိုလားတဲ့ ပြည်သူတွေ၊ ငြိမ်းချမ်းမှုကိုလိုလားတဲ့ပြည်သူတွေရဲ့ အောင်ပွဲပါ။ အခု အပိုင်း(၂)မှာလဲ ခင်ဗျားတို့၊ ကျွန်တော်တို့ တွေ့ကြတာပဲ။ အပိုင်း(၂)မှာလဲ ရန်ကုန်မြို့ကိုရောက်နေတဲ့ နိုင်ငံတော်ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်တိုင် ဒီနေ့မဲရုံတွေကို လိုက်ကြည့်တယ်။ ကြည့်တဲ့အခါမှာလဲ တော်တော့်ကို တက်တက်ကြွကြွ မဲပေးနေကြတာကို မြင်တွေ့ခဲ့ရမှာပဲ။ ဥပမာ- ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင်လဲ ပြည်သူတွေနဲ့တွေ့ဆုံပြီး မေးမြန်းခဲ့တယ်။ မေးမြန်းခဲ့တဲ့အခါမှာလဲ ခင်ဗျားတို့၊ ကျွန်တော်တို့ မြင်လိမ့်မယ်။ မဲပေးစက်နဲ့ပတ်သက်ပြီးလဲ မဲပေးတဲ့ ပြည်သူတွေကို သူကိုယ်တိုင်မေးတယ်။ ခင်ဗျားနှိပ်တဲ့ ခလုတ်အတိုင်း စက္ကူက ထွက်လားဆိုတော့ ထွက်တယ်ပေါ့နော်။ ဒါဟာ ပွင့်လင်းမြင်သာတဲ့ဟာပါပဲဗျ။ နောက်တစ်ခုကတော့ တချို့ဆိုရင် မနက် ၄ နာရီကတည်းက ထပြီးမဲပေးကြရတာ။ အပိုင်း(၂)မှာလဲ ညနေ မဲစာရင်းတွေပြီးရင်တော့ ထွက်လာမှာပေါ့ဗျာ။ အောင်မြင်မယ်လို့ ယုံကြည်တယ်။ အပိုင်း(၃)မှာလဲ အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။ အရင်တုန်းက ၁၉၅၂ ခုနှစ်မှာ ပါလီမန်ဒီမိုကရေစီရွေးကောက်ပွဲ လုပ်ခဲ့တယ်။ အပိုင်းသုံးပိုင်းခွဲပြီးလုပ်တာ ငါးလလောက်ကြာတယ်။ အပိုင်းတစ်ပိုင်းကို ခုနစ်ရက်လောက်၊ ၁၀ ရက်လောက် ကြာတယ်။ အဲ့ဒီမှာ မဲပေးခွင့်ရှိတဲ့သူ ရစ်သန်းမှာ ၁ ဒသမ ၅ သန်းပဲ ပေးတာဆိုတော့ ၂၀ ရာခိုင်နှုန်းလောက်ထိ ရောက်သွားတာပေါ့နော်။ အခုတော့ ကျွန်တော်တို့နိုင်ငံမှာ မဲပေးတာနဲ့ပတ်သက်ပြီး တချို့ပြောနေကြတာတွေရှိတယ်။ မဲပေးတာနဲ့ပတ်သက်ပြီး မဲမပေးဖို့ လှုံ့ဆော်နေကြတာတွေရှိတယ်။ အတိုက်အခံလုပ်ကြတာပေါ့။ ဘယ်လိုပဲပြောပြော ဒီမိုကရေစီစနစ်ကိုထူထောင်တဲ့နေရာမှာ ရွေးကောက်ပွဲကနေပဲတစ်ဆင့် ဖြတ်သန်းရမှာဖြစ်တယ်။ ဒီနေ့ပြောချင်တာကတော့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး စိတ်ပါဝင်စားစွာ လုပ်ဆောင်ပေးတဲ့၊ လာပြီးမဲပေးတဲ့ ပြည်သူပြည်သားတွေအားလုံး၊ ပြီးရင် မဲရုံမှာ ကြီးကြပ်နေတဲ့လူတွေအားလုံး၊ လုံခြုံရေးဝန်ထမ်းတွေအပါအဝင် ကူညီတဲ့လူတွေအားလုံးက ပြည်သူကိုစိတ်ချမ်းသာစွာ မဲပေးနိုင်ဖို့လုပ်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်တယ်။

**မေး။ ။ ရွေးကောက်ပွဲပြီးလို့ ပါတီစုံဒီမိုကရေစီစနစ် ဖြစ်ပေါ်လာတဲ့အခါ အိမ်နီးချင်းနိုင်ငံတွေအပါအဝင် နိုင်ငံတကာဆက်ဆံရေး တည်ဆောက်တဲ့အခါမှာ ဘာတွေ ဘယ်လိုထိ မျှော်လင့်ထားပါသလဲ။**

**ဖြေ။** ။ ကျွန်တော်တို့ကတော့ နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်ပြီးတော့ အခုချိန်မှာတော့ ပိတ်ဆို့တဲ့ဟာတွေ ရှိတာပေါ့။ ဒီဟာသည် ရွေးကောက်ခံအစိုးရမဟုတ်တဲ့အတွက် ပိတ်ဆို့တာတွေ ရှိတယ်။ သို့သော် ဆက်ဆံနေတဲ့နိုင်ငံတွေလဲရှိပါတယ်။ ကျွန်တော်တို့ မိတ်ဆွေနိုင်ငံတွေလဲ အများကြီးရှိတယ်။ ဥပမာဆိုရင် အိမ်နီးချင်းနိုင်ငံတွေနဲ့ဆိုရင် မြန်မာနိုင်ငံနဲ့က ဆက်ဆံနေတာပဲ။ တကယ့်ကို မိတ်ဆွေရင်းချာလိုပဲ ဆက်ဆံနေတာပဲ။ ဒီရွေးကောက်ပွဲ ပြီးတဲ့အခါမှာတော့ ခုနကပြောတဲ့ ကန့်သတ်ချက်တွေ နည်းသွားတဲ့အတွက်ကြောင့် နိုင်ငံတကာဆက်ဆံရေး ပိုပြီးပွင့်လင်းလာမယ်။ ပိုပြီးမြင်သာလာမယ်လို့ပဲ ကျွန်တော်မြင်တယ်။ ရင်းနှီးမြှုပ်နှံမှုတွေလဲ မြန်မာနိုင်ငံမှာ ပိုပြီးဝင်လာမယ်လို့လဲ ကျွန်တော် မျှော်လင့်ပါတယ်ဗျ။ ဒီဟာနဲ့အတူ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံးလဲ ပိုပြီးတော့ စီးပွားရေးအခွင့်အလမ်းတွေ ပွင့်လင်းလာမယ်လို့ မြင်ပါတယ်။

**မေး။ ။ ရွေးကောက်ပွဲပြီးသွားရင် လွှတ်တော်ခေါ်မယ်၊ အစိုးရဖွဲ့မယ်၊ ပေါ်ပေါက်လာတဲ့အစိုးရသစ်ကို အာဏာလွှဲပြောင်းမှုတွေလုပ်မယ်။ အဲ့ဒီအချိန်ဇယားက ဘယ်နှလပိုင်းလောက်ဖြစ်မလဲ။ ပုံမှန်ဆိုရင်တော့ ဧပြီမှာ လွှဲတဲ့အခြေအနေမျိုးတွေရှိတာပေါ့၊ ဗိုလ်ချုပ်အနေနဲ့ ပြောပြလို့ရနိုင်လား။**

**ဖြေ။** ။ လွှတ်တော်ကတော့ မတ်လထဲမှာ ခေါ်ပြီးလုပ်ရမှာပဲ။ လုပ်ပြီးရင် အစိုးရသစ်တာဝန်တွေကတော့ ဧပြီလထဲမှာ ထမ်းဆောင်မှာပဲ။ ယခင်တုန်းက လုပ်ခဲ့တဲ့ ပုံမှန်ဇယားတွေအတိုင်းပဲ လုပ်ပါလိမ့်မယ်။

**မေး။ ။ ကြိုတင်မဲနဲ့ပတ်သက်ပြီးတော့ နိုင်ငံရေးပါတီများက ဗိုလ်ချုပ်မှူးကြီးကို တင်ပြတောင်းခံထားတာတွေ ရှိတယ်လို့ သိရပါတယ်။ အဲ့ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါသလဲ။**

**ဖြေ။** ။ ဒါကတော့ ကော်မရှင်ရဲ့ကိစ္စပဲ။ ကော်မရှင်က လုပ်ပါလိမ့်မယ်။ အခုကတော့ကြိုတင်မဲနဲ့ ပတ်သက်ပြီး သူတို့ ပြောနေတာများတယ်။ ကြိုတင်မဲ ရေတွက်တဲ့အခါမှာလဲ ကိုယ်စားလှယ်လောင်းတွေအကုန်လုံးဖိတ်တာပဲ။ ခင်ဗျားတို့လဲ မြင်ပြီးသားပဲ။ ကျွန်တော်သိရသလောက် တချို့ကိုယ်စားလှယ်တွေက မလာဘူး။ မလာဘဲနဲ့ ပြောတာပေါ့နော်။ ဥပမာဆိုရင် မရမ်းကုန်းဆိုရင် ပထမအကြိမ်မှာ ပြီးသွားပြီ။ ခင်ဗျားတို့၊ ကျွန်တော်တို့လဲ ကြားခဲ့မှာပဲလေ။ ပုဂ္ဂလိက ကိုယ်စားလှယ်လောင်း ဒေါက်တာခင်ခင်ကျော့သူဆိုရင် သူကိုယ်တိုင်လဲ ပြောခဲ့တာပဲ။ သူဆိုရင် တော်တော်လေးစားဖို့ ကောင်းပါတယ်။ သူ ရှုံးခဲ့တယ်။ ကြိုတင်မဲတွေ ရေတွက်တဲ့နေရာမှာ သူကိုယ်တိုင်လဲ သွားကြည့်တယ်။ သွားကြည့်တဲ့အခါမှာ ဒီလိုပဲ ပွင့်လင်းမြင်သာတာပါပဲ။ အကုန်လုံးက ကျွန်တော်တို့က ကွယ်ဝှက်ပြီးလုပ်လို့ မရပါဘူး။ ပွင့်လင်းမြင်သာစွာပဲ လုပ်ရတာပဲ။ သို့သော် ချို့ယွင်းချက်လေးတွေရှိတာကို ကျွန်တော်တွေ့ရတယ်။ ဘာချို့ယွင်းချက်ရှိတာလဲဆိုတော့ ကိုယ်စားလှယ်လောင်းတွေကို မဲရေတွက်တဲ့အချိန်ခေါ်တဲ့အခါ မလာတာတွေရှိတယ်။ မလာဘဲနဲ့ ပြောနေတာတွေရှိတာပေါ့နော်။ ဒါ ကျွန်တော်တွေ့ခဲ့တဲ့ဟာကိုပဲ ပြောခြင်းဖြစ်ပါတယ်။ တစ်ဖက်သတ်ပြောခြင်း မဟုတ်ပါဘူး။ သို့သော် ချို့ယွင်းချက်တွေလဲ ရှိကောင်းရှိနိုင်တယ်။ ရှိရင်လဲ ကော်မရှင်နဲ့ ရှင်းလို့ရပါတယ်။ ကော်မရှင်နဲ့ ပြောလို့ရပါတယ်။ အားလုံး ပွင့်လင်းမြင်သာစွာပဲ သူတို့ဆောင်ရွက်ပေးပါလိမ့်မယ်။

**မေး။ ။ ဒီရွေးကောက်ပွဲအပေါ် နိုင်ငံတကာရဲ့အမြင်ကရော ဘယ်လိုရှိပါသလဲ။**

**ဖြေ။** ။ နိုင်ငံတကာအမြင်ကတော့ ပထမဦးဆုံးအကြိမ် ရွေးကောက်ပွဲမှာ နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့တွေလာတယ်။ စောင့်ကြည့်လေ့လာရေးအဖွဲ့က သေချာလေ့လာခဲ့တယ်။ လေ့လာပြီးမှ သူတို့တွေ့ပြီးတာတွေကို ပြောခဲ့တာရှိတယ်။ ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခဲ့တာတွေရှိတယ်။ အနှစ်ချုပ်ပြန်ပြောရရင် နံပါတ်တစ်က မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကို ဒီလောက် အောင်အောင်မြင်မြင် လုပ်နိုင်လိမ့်မယ်လို့ သူတို့ ထင်မထားဘူး။ ဒီလောက် လူများလိမ့်မယ်လို့လဲ သူတို့ထင်မထားဘူး။ သူတို့ သွားကြည့်တဲ့အခါမှာ မဲရုံမှာ တန်းစီပြီးတော့ လူတွေမဲပေးနေတာကိုတွေ့ရတယ်။ ဒါကြောင့်မို့ သူတို့ကိုယ်တိုင်လဲ အံ့သြတယ်။ နောက်တစ်ခုက မဲပေးစက်ပေါ့။ မဲပေးစက်နဲ့ပတ်သက်ပြီး သူတို့ကိုယ်တိုင်လဲ လေ့လာခဲ့ပါတယ်။ ပွင့်လင်းမြင်သာမှုရှိတဲ့ မဲပေးစက်၊ ဘယ်လိုမှလိမ်လို့မရတဲ့ မဲပေးစက်ဆိုပြီး ပြောသွားတယ်။ နောက်တစ်ခုက ကျွန်တော်တို့ မြန်မာပြည်သူလူထုရဲ့ ဒီမိုကရေစီကို ချစ်မြတ်နိုးတဲ့စိတ်ကို သူတို့ထုတ်ဖော်ပြီးတော့ ချီးကျူးသွားတာရှိတယ်။ ဒုတိယအကြိမ်ရွေးကောက်ပွဲမှာလဲ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အခြေစိုက်တဲ့သံရုံးတွေက စောင့်ကြည့်ရေးကိုယ်စားလှယ်တွေ သူတို့လွှတ်ထားတယ်။ အယောက် ၁၀၀ ကျော်ရှိတယ်။ အများအားဖြင့် မြို့ကြီးတွေမှာပဲများတယ်။ အပေါ်မြို့တွေမှာ ရန်ကုန်၊ မန္တလေးပြီးရင် အောက်မှာ မော်လမြိုင်၊ ဟိုဘက်က တောင်ကြီးတို့၊ စစ်ကိုင်းတို့ အဲ့ဒီထိ လွှတ်ထားတာရှိပါတယ်။ သူတို့လဲ အလျဉ်းသင့်တဲ့အချိန်မှာ ဒီစောင့်ကြည့်ရေးအဖွဲ့တွေက သူတို့တွေ့တာနဲ့ ပတ်သက်ပြီး ပြန်ပြီးပြောပါလိမ့်မယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

❍ **သိမ်းဆည်းရမိမှ**

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းစသည့် လုပ်ငန်းစဉ်များကို ဒေသခံပြည်သူလူထုနှင့်လက်တွဲ၍ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရရှိမှုသတင်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုသတင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် တောင်ထိပ်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုသတင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် လည်းကောင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေပြုလုပ်ကိုင်ခြင်း မရှိစေရေးအတွက် မြေပြင်သတင်းဖော်ထုတ်ပြီး ဒေသခံပြည်သူများ၏ သတင်းပေးပို့၍ ပူးပေါင်းပါဝင်မှုတို့နှင့်အတူ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အဖွဲ့စုံပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ကြောင်းများခွဲ၍ ဆက်လက်ဖော်ထုတ်ရှင်းလင်းနိုင်ရေးဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ဒေသအတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့ဝင်များ ပါဝင်သော စစ်ကြောင်းသည် ဇန်နဝါရီ ၈ ရက် ညပိုင်းတွင် နားလင်း၏ အနောက်မြောက်ဘက် မီတာ ၁၀၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် ကာကင်းအဖြစ် နေရာယူထားသည့် အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ အဆိုပါနေရာ၌ ယာယီမိုးကာတဲ ငါးလုံး၊ ပစ်ကျင်းများ၊ ရှေ့ထွက်မိုင်း နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ၊ မောင်းတံပါ ဂိတ်ကင်း တစ်ခုတို့ကို တွေ့ရှိသိမ်းပိုက်ရရှိခဲ့သည်။



၈.၁.၂၀၂၆ တွင် နမ့်လန်ဒေသ နားလင်းကျေးရွာအနီး သိမ်းပိုက်ရရှိသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ ကာကင်းနေရာကို တွေ့ရစဉ်။



နမ့်လန်ဒေသ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများပြုလုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။



နမ့်လန်ဒေသ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။




နမ့်လန်ဒေသ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာရှိ ဘက်ဟိုး တစ်စီးကို တွေ့ရစဉ်။



နမ့်လန်ဒေသ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာ၌ SSA တံဆိပ်ပါ ယူနီဖောင်းနှင့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။



မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် စိစစ်ဆဲအဖြူရောင်အမှုန့်များ ထုပ်ပိုးထားရှိမှုကို တွေ့ရစဉ်။



မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။



မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

တပ်မတော် စစ်ကြောင်းအနေဖြင့် ဆုတ်ခွာထွက်ပြေးသွားခဲ့သည့် အကြမ်းဖက် သောင်းကျန်းသူများကို ထက်ကြပ်လိုက်လံရှင်းလင်းခဲ့ရာ ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် သီပေါမြို့နယ် နားလင်းကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၉၀၀၀ ခန့်အကွာနေရာသို့ အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် အလျားပေ ၄၀၊ အနံပေ ၃၀ ရှိ သွပ်မိုးသွပ်ကာ လူနေအဆောက်အအုံ နှစ်လုံးအတွင်းမှ ကွန်ပျူတာ (Laptop) ၁၈ လုံး၊ ကွန်ပျူတာ (Desktop) ၃၅ လုံး၊ ဖုန်းမျိုးစုံ ၁၁ လုံး၊ Star Link ငါးလုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ပူးပေါင်းအဖွဲ့များပါဝင်သည့်စစ်ကြောင်းသည် နယ်မြေရှင်းလင်းခြင်းကိုဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် အဆိုပါ နေရာ၏ အရှေ့ဘက် မီတာ ၈၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတစ်ခုကို တွေ့ရှိသဖြင့် ဝင်ရောက်ရှင်းလင်းစစ်ဆေးရာ ကွန်ပျူတာ (Laptop) ၁၁ လုံးနှင့် ကွန်ပျူတာ (Desktop) ခြောက်လုံး၊ Star Link သုံးလုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆေးပြားရိုက်စက် နှစ်လုံး၊ ဆေးမွှေစက် တစ်လုံး၊ ဆေးပြားရေတွက်စက် တစ်လုံး၊ အိုက်စ် နှစ်ကီလိုဂရမ်၊ ဆေးပြားရိုက်ရန် ရောစပ်ထားသည့် အနှစ် ၁၀ ကီလိုဂရမ်ပါ ပုံး တစ်ပုံး၊ ဖန်ပြွန်အရိုး တစ်ခု၊

စာမျက်နှာ ၂၄ သို့

# ပြည်သူများထံ အသိပေးပန်ကြားချက်

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည်ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum) အခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၁၁

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် လူငယ်များ၏ပါဝင်မှုနှင့် စွမ်းရည်များ မြှင့်တင်နိုင်မည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum) အခမ်းအနားကို ၁၃-၁-၂၀၂၆ ရက်နေ့မှ ၁၅-၁-၂၀၂၆ရက်နေ့အထိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

အဆိုပါ ဖိုရမ်ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD၊ MRTV-News၊ MRTV-NRC၊ MRTV-Sports၊ MRTV Entertainment Channel နှင့် MITV တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ FM များမှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website ၊ MRTV App၊ Radio App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

သတင်းစဉ်



ဖမ်းဆီးရမိတရားခံများ၏ မှတ်တမ်းဓာတ်ပုံ။



မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

စာမျက်နှာ ၂၃ မှအဆက်

မူးယစ်ဆေးဝါးချက်လုပ်ရန် ရောစပ်ထားသည့် အရည် ၁၀ လီတာ ပုံး တစ်ပုံး၊ Caustic Soda ၂၅ ကီလိုဂရမ်၊ Sodium Powder ၂၅ ကီလိုဂရမ်ပါ အလုံး ၃၀၊ မော်တော်ယာဉ် တစ်စီး၊ မီးစက် နှစ်လုံး၊ ဘက်ဟိုး တစ်စီး၊ SSA တံဆိပ်ပါ အစိမ်းရောင် ယူနီဖောင်း တစ်စုံ၊ အပွင့် နှစ်ပွင့်ပါ ပခုံးတံဆိပ် တစ်စုံ၊ SSA တံဆိပ်ပါအစိမ်းရောင် ဦးထုပ် တစ်လုံး၊ အဆောက်အအုံများနှင့် ဆက်စပ်ပစ္စည်းများကို ထပ်မံတွေ့ရှိ သိမ်းဆည်းရရှိခဲ့သည်။

အထက်ပါဖြစ်စဉ်များအရ လေ့ကြောင်းကင်းထောက်ခြင်းနှင့် မြေပြင်သတင်းစုံစမ်းဖော်ထုတ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး မိုင်းရယ်မြို့နယ်အတွင်း မသင်္ကာဖွယ် နေရာ သုံးခုကို ဖော်ထုတ်တွေ့ရှိခဲ့ရသဖြင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့ဝင်များ ပါဝင်သော စစ်ကြောင်းများဖြင့် နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မိုင်းရယ်မြို့၏ အနောက်တောင်ဘက် မီတာ ၂၆၀၀၀ ခန့်အကွာ မန်ဖြတ်ကျေးရွာအနီး ပထမနေရာတွင် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုခဲ့သည့် ယာယီတဲ ၁၄ လုံး၊ အလျားပေ ၁၀၀၊ အနံ ၂၅ ပေရှိ အဆောက်အအုံ ခြောက်လုံး၊ ပလတ်စတစ်ပီပါခွံအလုံး ၁၂၀၊ ဓာတုဆေးရည်များထည့်ထားသည့် သံပီပါအလုံး ၂၀၊ သံပီပါခွံ အလုံး ၃၀၊ ဂက်စ်အိုးအလုံး ၆၀၊ စတီးပေါင်းအိုးကြီး လေးလုံး၊ အင်ဂျင်ကြီး နှစ်လုံး၊ အက်စစ်ပါ ပလတ်စတစ်ပီပါ ၆၇ လုံးနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။



မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီးသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပီပါများကို တွေ့ရစဉ်။



မိုင်းရယ်မြို့ မန်ဖြတ်ကျေးရွာအနီး သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။

အလားတူ ယနေ့နံနက် ၇ နာရီခွဲခန့်တွင် မိုင်းရယ်မြို့၏အနောက်တောင်ဘက် မီတာ ၂၀၀၀၀ ခန့်အကွာရှိ ဒုတိယနေရာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အလျား ၁၅ ပေ၊ အနံပေ ၂၀ ရှိ ပလတ်စတစ်ကာ အဆောက်အအုံအလုံး ၅၀၊ ဖျက်ဆီးထားသည့် အဆောက်အအုံ ၁၅ လုံး၊ ဂက်စ်အိုး အလုံး ၆၀၀၊ ရေခဲသေတ္တာ ၁၀ လုံး၊ မီးစက်သုံးလုံး၊ ပေါင်းအိုးအကြီး သုံးလုံး၊ ဆေးပြားရိုက်စက် သုံးလုံး၊ ဓာတုဆေးရည်ထည့်ထားသည့် ပီပါ အလုံး ၅၀၀၊ မူးယစ်ဆေးမှုန့်များဟု ယူဆရသည့် အဖြူမှုန့်များ ထည့်ထားသည့် ဆာလာအိတ် ၃၀၀၊ ပလတ်စတစ်အိတ်အကြည်အိတ် ၃၀၀၊ ငါးဂါလန်ဆံ့ အက်စစ်ပုံး အလုံး ၃၀၀၊ စတီးဇန်းကြီး ခြောက်ချပ်၊ အမျိုးအစား(စိစစ်ဆဲ) အဖြူရောင်အမှုန့်များပါဝင်သည့် စက္ကူဖာပုံး ၃၀၊ ဆာလာအိတ်ဖြင့် ထည့်ထားသည့် (စိစစ်ဆဲ) အဖြူရောင်အမှုန့်အထုပ် ၃၀၀၊ ဆိုင်ကယ် ငါးစီး၊ အဆိုပါ မူးယစ်ဆေးဝါးလုပ်ငန်းများတွင် SSA အဖွဲ့မှ ပါဝင်ပတ်သက်နေသူများ အပါအဝင် တရားခံ ခြောက်ဦးတို့ကို SSA တံဆိပ်ပါ ယူနီဖောင်းနှင့် တံဆိပ်များအပါအဝင် အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ နံနက် ၉ နာရီခွဲခန့်တွင် အဆိုပါနေရာ၏ အနောက်တောင်ဘက် မီတာ ၁၉၀၀၀ ခန့်အကွာတွင် မူးယစ်ဆေးဝါး အဓိကချက်လုပ်သည့် နေရာဟုယူဆရသော ခုနစ်နေရာ ပတ်ဝန်းကျင်သို့ ရောက်ရှိရှင်းလင်းခဲ့ရာ မူးယစ်ဆေးဝါးချက်လုပ်သည့် တဲနှင့် ဆက်စပ်ပစ္စည်းထားသည့် ဂိုဒေါင် ၃၃ လုံးကိုတွေ့ရှိရပြီး လတ်တလောစိစစ်ပြီးချိန်ထိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဂက်စ်အိုး မျိုးစုံ ၄၄၃ လုံး၊ ဖိုင်ဘာပီပါ ၁၃၁၂ လုံး၊ သံပီပါ ၃၃၆ လုံး၊ သုံးဘီးဆိုင်ကယ်နှစ်စီး၊ Caustic Soda ၈၅ အိတ်၊ Sodium Acetate Trihydrate 20 kg ပါ အိတ်လေးအိတ်စီပါရှိသည့် ပီပါ လေးလုံး၊ Sulphonic Acid Liquid ပီပါ ၂၁ လုံး၊ တင်ဒါပီပါ ရှစ်လုံး၊ အမျိုးအမည်(စိစစ်ဆဲ) အညိုရောင်ပီပါ ငါးလုံး၊ ဖန်အိုး(အသေး) ၅၂၅ လုံး၊ ဖန်ပေါင်းအိုးကြီး ၁၀ လုံး၊ Ethnol ပီပါအလုံး ၄၀၊ အဖြူရောင်အနှစ်များ ထည့်သွင်းထားသည့် စတီးဇလုံအလုံး ၁၅၀၊ အခြောက်ခံဇန်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ကျန်ရှိသည့် ပစ္စည်းများကိုလည်း ဆက်လက်စိစစ်ဖော်ထုတ်ဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကို ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် လိုအပ်သည့်ပဏာမ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘိန်းဖြူ (Heroin) နှင့် မက်သ်အဖက်တမင်း (Methamphetamine)များ ထုတ်လုပ်နေခြင်းဖြစ်ကြောင်း ကနဦးဖော်ထုတ်တွေ့ရှိရပြီး အသေးစိတ် ဆက်လက်စစ်ဆေး၍ လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျ မီးရှို့ဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပါဝင်ပတ်သက်သူများကို စနစ်တကျစိစစ်ဖော်ထုတ်ကာ ထိရောက်စွာ အရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် နိုင်ငံတစ်ဝန်းမူးယစ်ဆေးဝါးများ တားဆီးနှိမ်နင်းရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှုများ တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး ယခုဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် အဖွဲ့အစည်းများကိုလည်း ထိရောက်ပြင်းထန်စွာ အရေးယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# PDF အမည်ခံအကြမ်းဖက်သမားများက ဆင်ဖြူကျွန်းမြို့ နွယ်တမယ်ကျေးရွာရှိ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် နေအိမ်များအတွင်း ဝင်ရောက်အခြေပြု၍ အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိသဖြင့် တပ်မတော်က အကြမ်းဖက်ချေမှုန်းရေးလုပ်ငန်းများ ဆောင်ရွက်



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ အနီး နွယ်တမယ် ကျေးရွာရှိ အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ)ကို သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ တံတားဦးဘုန်းတော်ကြီးကျောင်းတွင် အကြမ်းဖက်သမားများ ဆက်သွယ်ရေးမြောင်းများတူး၍ အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

အကြမ်းဖက်သမားများ အနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများကို ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်အတွက် အကြမ်းဖက်မှုလုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိသည့်အပြင် PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူလူထုက လိုလားလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးကို မျက်ကွယ်ပြုပြီး ၎င်းတို့၏ အကျိုးစီးပွားကို ရှေ့တန်းတင်လုပ်ဆောင်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများ၏ အထောက်အပံ့ကိုရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အလှမ်းကွာဝေးသည့် ဒေသများ၌ ဒေသခံလူထုကို အနိုင်ကျင့်ခြိမ်းခြောက်၍ ဘုရားစေတီပုထိုးများ၊ ကျေးရွာဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများနှင့် လူနေအိမ်များတွင် သဲအိတ်ဘန်ကာများ ဆောက်လုပ်ခြင်း၊ ပစ်ကျင်းများတူးခြင်း၊ ပတ်ဝန်းကျင်၌ လက်လုပ်မိုင်းအတားအဆီးများ ထောင်ထားခြင်းများနှင့် ရဟန်းသံဃာများ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုအပေါ် ရက်စက်ယုတ်မာ၍ အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ လူသားတံတိုင်းအဖြစ်အသုံးချခြင်းတို့ကိုပါ လုပ်ဆောင်လျက်ရှိကြသည်။



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ ပဒေသာဘုန်းတော်ကြီးကျောင်းဝင်းအတွင်းနှင့် ဘုရားစေတီများ၌ အကြမ်းဖက်သမားများက ဆက်သွယ်ရေးမြောင်းများတူး၍ သဲအိတ်ဘန်ကာများဖြင့် ခံစစ်ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ တံတားဦးဘုန်းတော်ကြီးကျောင်းပေါ်တွင် အကြမ်းဖက်သမားများက သဲအိတ်များ၊ ကျောက်ခဲအိတ်များဖြင့် အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ ပြည်သူများ၏ ခြံဝင်းအတွင်းနှင့် နေအိမ်များကို ဝင်ရောက်ဖျက်ဆီး၍ အခိုင်အမာခံစစ်ပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာကို တိုက်ခိုက်သိမ်းပိုက်စဉ် အကြမ်းဖက်သမားများထံမှ သိမ်းပိုက်ရရှိသော လက်နက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူအပေါ် ယုတ်မာရိုင်းစိုင်းစွာ အကြမ်းဖက်မှုလုပ်ရပ်များလုပ်ဆောင်နေကြသည့် အကြမ်းဖက်သမားများကို တပ်မတော်က အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Torrorism Operation)ဖြင့် ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများ ယာယီထိန်းချုပ်ထားသည့် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ နွယ်တမယ်ကျေးရွာကို ဇန်နဝါရီ ၁၀ ရက်တွင် တပ်မတော်က အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ထို့နောက် ဇန်နဝါရီ ၁၁ ရက်တွင် နွယ်တမယ်ကျေးရွာကို တပ်မတော်က နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ရာ ကျေးရွာအတွင်းမှ အကြမ်းဖက်သမားအလောင်း တစ်လောင်း၊ လက်ပစ်ဗုံးလေးလုံး၊ လက်လုပ်မိုင်း ၁၁ လုံး၊ ၄၀ မမဗုံးသီး နှစ်လုံး၊ ကျည်ကာအကျႌတစ်ထည်၊ ကျည်ကာဦးထုပ် ငါးလုံး၊ ပြောက်ကျားယူနီဖောင်း လေးစုံ၊ စကားပြောစက် သုံးလုံးနှင့် အကြမ်းဖက်တံဆိပ်ဘက် တစ်စုံတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် အကြမ်းဖက်သမားများသည် ကျေးရွာရှိ ဘုရားစေတီပုထိုးများ၊ တံတားဦးဘုန်းတော်ကြီးကျောင်း၊ ပဒေသာဘုန်းတော်ကြီးကျောင်းနှင့် သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် ဒေသခံပြည်သူများ၏ နေအိမ်များအတွင်းနှင့် ခြံဝင်းများအတွင်း၌ အခြေပြု၍ ဘန်ကာများ၊ သဲအိတ်များ၊ ကတုတ်ကျင်းများဖြင့် အခိုင်အမာခံစစ်တည်ဆောက်ပြီး ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ တန်ဆောင်းများနှင့် စာသင်ကျောင်းများကို အကာအကွယ်ရယူ၍ ခုခံတိုက်ခိုက်ခြင်း၊ ကျေးရွာတံတားကို ဖောက်ခွဲဖျက်ဆီးပြီး အကာအကွယ်ပြုလုပ်ထားခြင်း၊ ဘုန်းတော်ကြီးကျောင်းဝင်းများနှင့် ကျေးရွာလမ်းများ၌ လက်လုပ်မိုင်းများထောင်ထားခြင်းတို့ လုပ်ဆောင်ထားသည်ကို တွေ့ရှိခဲ့ရကြောင်းနှင့် ကျေးရွာအတွင်း၌ လက်လုပ်မိုင်းအန္တရာယ်ကင်းဝေးစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများသည် နိုင်ငံတစ်နိုင်ငံအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍတို့ ပျက်စီးစေရန်ရည်ရွယ်ချက်ဖြင့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်း၊ တံတားများနှင့် အများပြည်သူနှင့်သက်ဆိုင်သည့် နေရာများကို အဓိကထားဖောက်ခွဲဖျက်ဆီးခြင်း၊ အဆိုပါ နေရာများသာမက ပြည်သူများ အထွတ်အမြတ်ထားရာ ဘာသာတရားအသီးသီးအတွက် အလေးအမြတ်ထားရာ နေရာများဖြစ်သည့် ဘာသာရေးအဆောက်အအုံများ ထိပါ ဘန်ကာများတည်ဆောက်၍ အကာအကွယ်အဖြစ် ခုခံတိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ အဆိုပါ အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့သည့် ဒေသခံတိုင်းရင်းသားပြည်သူများကလည်း တပ်မတော်အပေါ် ယုံကြည်ကိုးစားမှု၊ စိတ်အားထက်သန်စွာအားပေးထောက်ခံမှုများ ပြုလုပ်လာကြကြောင်းနှင့် တပ်မတော်အနေဖြင့်လည်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု၏ လူမှုဘဝတိုးတက်မြင့်မားမှုများ ပြန်လည်ရရှိစေရေးအတွက် ပြည်သူလူထုနှင့်အတူ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့အနီး နွယ်တမယ်ကျေးရွာရှိ ပဒေသာဘုန်းတော်ကြီးကျောင်းဝင်းတံခါးကို ခံစစ်ပြင်ဆင်မှုလုပ်ငန်းများတွင် အသုံးပြုရန် ဖျက်ဆီးထားရှိမှုကို တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ငွေကျပ် ၁၇၆၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုသည့် ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်၍ တားဆီးနှိမ်နင်းရေးအဖွဲ့များ ဖြစ်သည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့မှ ဆက်စပ်ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ တစ်နိုင်ငံလုံး လွှမ်းခြုံသည့် မူးယစ်ဆေးဝါးသတင်းရယူ ဖော်ထုတ်ဖမ်းဆီးရမိရေး စီမံချက်ချမှတ်ပြီး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ်အတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၅၃၇၀ မှ တရားခံ ၇၅၆၂ ဦးတို့ကို ငွေကျပ် ၁၇၆၁ ဒသမ ၃၂၄ ဘီလီယံတန်ဖိုးရှိ ဘိန်းတစ်တန်ကျော်၊ ဘိန်းဖြူ ၂ ဒသမ ၁ တန်ကျော်၊စိတ်ကြွရူးသွပ်ဆေးပြား ၃၇၇ သန်းကျော်၊ အိုက်စ် ၃၇ ဒသမ ၈ တန်ကျော်၊ ဘိန်းစာရွက် ၁ ဒသမ ၅ တန်ကျော်၊ HAPPY WATER ၂၀၄ ကီလိုကျော်၊ ကက်တမင်း ၁၅ တန်ကျော်အပါအဝင် အခြားမူးယစ်ဆေးဝါးများ၊ မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ ပစ္စတိုသေနတ် အလက် ၄၀၊ လုပ်သေနတ် နှစ်လက်၊ ကျည်မျိုးစုံ ၂၇၆၄ တောင့်၊ လက်ပစ်ဗုံး ငါးလုံးနှင့် ဒီတိုနေတာမျိုးစုံ အချောင်း ၁၈၇၄၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

အလားတူ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင်အသုံးပြုရန် တရားမဝင်တင်သွင်းလာသည့် ထိန်းချုပ်ဓာတုပစ္စည်း Caffeine ၂၂ ဒသမ ၇ တန်ကျော်၊ Acetone လီတာ ၉၆၀၊ Toluene လီတာ ၅၀၄၀ ကျော်၊ Ammonium Chloride ငါးတန်၊ Sodium Cyanide နှစ်တန်ကျော်၊ အခြားဓာတုပစ္စည်းများဖြစ်သည့် Sodium Carbonate ငါးတန်၊Acetic Acid လီတာ ၂၅၆၀၀ ကျော်၊ Nitric Acid လီတာ ၃၈၂၀ အပါအဝင် ထိန်းချုပ်ဓာတုပစ္စည်းများနှင့် အခြားဓာတုပစ္စည်းများကိုဖမ်းဆီးရမိခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပုံတတ်ကျေးရွာအနီး၌ ဘိန်းချက်စခန်းတစ်ခုကို ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဟဲ(အောက်) ကျေးရွာအနီး၌ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့်စခန်း နှစ်ခုကို ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ တာချီလိတ်မြို့နယ် ဝမ်ကောင်းမွန်ကျေးရွာရှိနေအိမ်မှ ဆေးပြားရိုက်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၅-၂၀၂၆ ဘိန်းစိုက်ရာသီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ရှိ ဘိန်းစိုက်ခင်း စုစုပေါင်း ၅၀၈၄ ဒသမ ၅ ကေ(၂၀၅၇ ဒသမ ၆၆ ဟက်တာ)ကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်စပ်ဌာနဆိုင်ရာများ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့်ဖျက်ဆီးနိုင်ခဲ့ပြီး ကျန်ရှိသည့်ဘိန်းစိုက်ခင်းများကိုလည်း ဆက်လက်ဖျက်ဆီးလျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)

၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများဖမ်းဆီးရမိမှု

| စဉ် | မူးယစ်ဆေးဝါးအမျိုးအစား | ၂၀၂၄ ခုနှစ် | | ၂၀၂၅ ခုနှစ် | | ရေတွက်ပုံ |
|---|---|---|---|---|---|---|
| | | အမှု | ပမာဏ | အမှု | ပမာဏ | |
| ၁ | ဘိန်း | ၇၅ | ၁.၇၁၉ | ၇၇ | ၁.၁၅၅ | တန် |
| ၂ | ဘိန်းဖြူ | ၄၅၀ | ၁.၉၇၈ | ၃၉၇ | ၂.၁၃ | တန် |
| ၃ | စိတ်ကြွရူးသွပ်ဆေးပြား | ၃၉၂၉ | ၂၂၇.၇၉၄ | ၃၈၀၇ | ၃၇၇.၁၀၉ | သန်း |
| ၄ | အိုက်စ် | ၇၀ | ၂၁.၀၄၈ | ၈၉ | ၃၇.၈၁၅ | တန် |
| ၅ | ဆေးခြောက် | ၄၇၈ | ၁.၁၈၅ | ၃၈၆ | ၀.၈၇၉ | တန် |
| ၆ | ဘိန်းစာရွက် | ၆၂ | ၁.၉၄၄ | ၆၂ | ၁.၅၁၁ | တန် |
| ၇ | ဘိန်းစာမှုန့် | ၁၈ | ၀.၁၇ | ၁၄ | ၀.၃၀၁ | တန် |
| ၈ | အက်တက်စီဆေးပြား | ၂၇ | ၀.၂၁၄ | ၃၀ | ၀.၀၆၅ | သန်း |
| ၉ | Happy Water | ၂၀၉ | ၂၁၆.၄၄၀ | ၂၄၄ | ၂၀၄.၉၅၉ | ကီလို |
| ၁၀ | ကက်တမင်း | ၈၆ | ၁.၆၅၁ | ၈၈ | ၁၅.၃၉၇ | တန် |
| ၁၁ | အခြားမူးယစ်ဆေးဝါး | ၁၀၅ | - | ၁၃၇ | - | - |
| ၁၂ | Caffeine | ၇ | ၂၄.၁ | ၇ | ၂၂.၇၅ | တန် |
| ၁၃ | Ammonium Chloride | - | - | ၃ | ၅ | တန် |
| ၁၄ | Sodium Cyanide | ၆ | ၃၀.၇ | ၅ | ၂.၃၄၆ | တန် |
| ၁၅ | Toluene | ၁ | ၄၄၀ | ၃ | ၅၀၄၀.၅ | လီတာ |
| ၁၆ | Acetic Acid | - | ၇၂၅ | ၁ | ၂၅၆၉၉ | လီတာ |
| ၁၇ | Nitric Acid | ၄ | ၄၉၂၆၀ | ၄ | ၃၈၂၀ | လီတာ |
| ၁၈ | အခြားဓာတုပစ္စည်းများ | ၆၆ | | ၁၆ | | |
| အမှုပေါင်း | | ၅၅၉၃ | | ၅၃၇၀ | | |
| တရားခံပေါင်း | | ၇၈၂၈ ဦး | | ၇၅၆၂ ဦး | | |
| မြန်မာငွေကျပ်(ဘီလီယံ) | | ၉၉၈.၆၀၄ | | ၁၇၆၁.၃၂၄ | | |



မလေးရှားရေပိုင်နက်သို့ပို့ဆောင်မည့် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့ကို ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၁၂ ဒသမ ၅ တန် ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။




၂၀၂၅ ခုနှစ်အတွင်း ဘိန်းချက်စခန်းနှင့်စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်သည့်စခန်းများ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



၂၀၂၅-၂၀၂၆ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ရူပဗေဒဘာသာရပ် သိကောင်းစရာ

ဒေါက်တာယဉ်မောင်မောင် (ပါမောက္ခ (ဌာနမှူး)ရူပဗေဒဌာန)

အထက်တန်းပညာရေး၏ အဆင့်မြင့်အဆင့်ဖြစ်သော ၁၂ တန်း ရူပဗေဒသင်ရိုးသည် သိပ္ပံဘာသာရပ်ကို ရွေးချယ်ထားသည့် ကျောင်းသားများအတွက် အလွန်အရေးကြီးသော အခြေခံအုတ်မြစ် တစ်ခုပင်ဖြစ်သည်။ ဤသင်ရိုးတွင် စုစုပေါင်း သင်ခန်းစာ ၁၃ ခု ပါဝင်ပြီး ၎င်းတို့ကို အဓိကအပိုင်းကြီး ၄ ပိုင်း ခွဲခြားထားပါသည်။

ပထမအပိုင်းသည် Mechanics အပိုင်း ဖြစ်သည်။ Chapter 1 သည် မျဉ်းဖြောင့်ရွေ့လျားမှုကို လေ့လာခြင်းမှတစ်ဆင့် စက်ဝိုင်းပတ် ရွေ့လျားမှု (Rotational Motion) အကြောင်းကို ဆက်လက် လေ့လာခြင်းဖြစ်သည်။ Centripetal acceleration ၏ သဘော တရားကို ကောင်းစွာနားလည်ရန်လိုအပ်ပြီး ၎င်းသည် အမြဲတမ်း ဗဟိုချက်ဆီသို့ ဦးတည်နေကြောင်း သိရှိရမည်။ Chapter 2 တွင် ဤအရှိန်ကို ဖြစ်ပေါ်စေသောအားကို ဆက်လက်လေ့လာသည်။ ဗဟိုချက်ဆွဲအား (centripetal force) သည် သီးသန့်အားတစ်ခု မဟုတ်ဘဲ တင်းအား (tension) သို့မဟုတ် ပွတ်တိုက်အား (friction) ကဲ့သို့သော အားများ၏ ဗဟိုချက်ဆီသို့ ညွှန်းသောရလဒ်အား စုတစ်ခုသာဖြစ်သည်။ ဗဟိုခွာအား (centrifugal force) ဆိုသည် မှာ ရွေ့လျားမှုဘောင်အတွင်းမှ ခံစားရသော ဒြပ်ဆွဲအားသာဖြစ်ပြီး pseudo-force ဖြစ်ပြီး inertial frame တွင် အမှန်တကယ်ရှိသော အား မဟုတ်ပေ။ Chapter 3 သည် အရည်များ၏ စီးဆင်းမှုသဘော တရားကို လေ့လာခြင်းဖြစ်သည်။ ဤတွင် streamline flow နှင့် turbulent flow ကဲ့သို့သော စီးဆင်းမှုပုံစံများကို လေ့လာရသည်။ Equation of Continuity တွင် အရည်သည် ကျဉ်းမြောင်းသော နေရာသို့ရောက်လျှင် အလျင်မြင့်တက်လာပုံကို ရှင်းပြပြီး Bernoulli's Equation သည် အရည်၏ဖိအား၊ အလျင်နှင့် အမြင့်တို့ကြား ဆက်နွယ်မှုကို ဖော်ပြသည်။ အရည်၏ စေးကပ်မှု (viscosity) ကို လည်း လေ့လာရသည်။

ဒုတိယအပိုင်းသည် Energy အပိုင်းဖြစ်ပြီး စွမ်းအင်၊ လှိုင်းများ နှင့် အလင်းပညာ (Energy, Waves & Optics) များကို ဖော်ပြထား သည်။ Chapter 4 သည် စွမ်းအင်အရင်းအမြစ်များနှင့် ပတ်ဝန်းကျင် အပေါ် သက်ရောက်မှုများကို လေ့လာသည်။ ဤအခန်းတွင် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် (renewable energy) နှင့် ပြန်လည်မပြည့်ဖြိုး နိုင်သော စွမ်းအင်အရင်းအမြစ်များ (non-renewable energy sources)၏ ကွာခြားချက်များကို သိရှိရန်နှင့် ၎င်းတို့၏ ပတ်ဝန်းကျင် ဆိုင်ရာ သက်ရောက်မှုများကို နားလည်ရန် အရေးကြီးသည်။ Chapter 5 ဖြစ်သော Heat Transfer of Thermodynamics တွင် အပူကူးပြောင်းနည်းသုံးမျိုးဖြစ်သည့် အပူလျှောက်ကူးခြင်း (conduc-tion)၊ အပူစီးကူးခြင်း (convection)နှင့် အပူရောင်ခြည် ဖြာထွက် ခြင်း (radiation) တို့ကို လေ့လာရသည်။ Thermodynamics ၏ ပထမနိယာမ (First Law) သည် စွမ်းအင်တည်မြဲမှုနိယာမကို အပူနှင့် အလုပ်တွင် အသုံးချထားခြင်းဖြစ်သည်။

Chapter 6 တွင် အသံ၏ ဂုဏ်သတ္တိများနှင့် သက်ရောက်မှုများ ကို ဆက်လက်လေ့လာသည်။ အသံဖြတ်သန်းရန်အတွက် ကြားခံနယ် လိုအပ်ကြောင်း၊ ပဲ့တင်သံ (echo) ၏ အသုံးဝင်ပုံနှင့် Doppler Effect ၏ သဘောတရားတို့ကို နားလည်ရန်လိုအပ်သည်။ Chapter 7 နှင့် 8 သည် အလင်းပညာနှင့်သက်ဆိုင်သော အခန်းများဖြစ်သည်။ Chapter 7 တွင် အလင်းကိရိယာများဖြစ်သော မျက်လုံး၊ အဏုကြည့် မှန်ပြောင်း၊ အဝေးကြည့်မှန်ပြောင်းတို့၏ အလုပ်လုပ်ပုံနှင့် Laser၊ Fibre Optics စသည့် နည်းပညာများကို လေ့လာရသည်။ Chapter 8 တွင် အလင်း၏ လှိုင်းသဘာဝကြောင့်ဖြစ်ပေါ်သော diffraction နှင့် interference ကဲ့သို့သော ဖြစ်စဉ်များကို နက်ရှိုင်းစွာ လေ့လာ ရသည်။

တတိယအပိုင်းသည် Electricity & Magnetism အပိုင်း ဖြစ်သည်။Chapter 9 နှင့် 10 တွင် လျှပ်စစ်အခြေခံကို လေ့လာနိုင် သည်။ Chapter 9 တွင် capacitor များ၏ အလုပ်လုပ်ပုံနှင့် ၎င်း၏ capacitance တွက်ချက်နည်းများကို သင်ယူရသည်။ Chapter 10 တွင် emf နှင့် voltage ကွာခြားချက်၊ လျှပ်စစ်ပါဝါ တွက်ချက်နည်း နှင့် Joule's law အပါအဝင် လျှပ်စစ်နှင့်ပတ်သက်သော အခြေခံမှု များကို လေ့လာရသည်။ Chapter 11 ဖြစ်သော လျှပ်စစ်သံလိုက် ညို့ယူခြင်း (Electromagnetic Induction)သည် ခေတ်သစ်လျှပ်စစ် ဓာတ်အားစနစ်၏ အခြေခံဖြစ်သည်။ ဤအခန်းတွင် Faraday's law နှင့် Lenz's law တို့ကို နားလည်ရန်နှင့် generator နှင့် transformer တို့၏ အလုပ်လုပ်ပုံကို သိရှိရန် အရေးကြီးသည်။ လျှပ်စစ်ဓာတ်အား ပို့လွှတ်ခြင်းနှင့် domestic wiring အခြေခံများကိုလည်း ဤအခန်း တွင် လေ့လာရသည်။

Modern Physics တွင် Chapter 12 နှင့် Chapter 13 (၂) ခန်း ပါဝင်သည်။

Chapter 12 သည် ဒစ်ဂျစ်တယ်အီလက်ထရွန်နစ် (Digital Electronics) နှင့် သက်ဆိုင်သော အခန်းဖြစ်သည်။ Analog နှင့် digital signals များ၏ ကွာခြားပုံနှင့် AND, OR, NOT, NAND, NOR အစရှိသော logic gate များ၏ အလုပ်လုပ်ပုံကို နားလည်ရန် လိုအပ် သည်။ Boolean Algebra ကို အသုံးပြု၍ logic circuits များကို ရိုးရှင်းအောင် ပြုလုပ်နည်းကိုလည်း မိတ်ဆက်ပေးသည်။

Digital Electronics and Communication Systems ဘာသာ ရပ်သည် ခေတ်သစ်နည်းပညာ ကမ္ဘာ၏အခြေခံအဆောက်အအုံပင် ဖြစ်ပါသည်။ ရူပဗေဒဘာသာရပ်၏ ဤဘာသာရပ်ခွဲသည် transistor နှင့် microchip ကဲ့သို့သော အစိတ်အပိုင်းများကို အသုံးပြုပြီး circuit များ ရေးဆွဲခြင်း၊ electronics ပစ္စည်းများကိုအသုံးပြု၍ သတင်း အချက်အလက်များ ကိုင်တွယ်ခြင်း၊ တစ်ခုနှင့်တစ်ခု ဆက်သွယ် ခြင်းတို့ကို လေ့လာပါသည်။

Electronic System ထဲမှ အဓိကအစိတ်အပိုင်းများကို active components နှင့် passive components ဟူ၍ နှစ်မျိုးခွဲထားပါ သည်။ Active components ဆိုသည်မှာ အလုပ်လုပ်ရန်အတွက် ပါဝါအရင်းအမြစ် လိုအပ်သောအရာများဖြစ်ပြီး passive components တွင် မလိုအပ်ပေ။

Zener Diode သည် ပုံမှန် diode များနှင့် မတူညီပါ။ ၎င်းသည် လျှပ်စီးကြောင်းကို ရှေ့ဘက်သို့သာမက reverse voltage ကို ကျော်လွန်သောအခါတွင် နောက်ဘက်သို့ပါ စီးဆင်းစေနိုင်ပါသည်။ ထိုသို့ စီးဆင်းရန်အတွက် သတ်မှတ်ထားသော reverse voltage (ပြောင်းပြန်ဗို့အား) သက်ရောက်မှုရှိရပါမည်။ ဤဂုဏ်သတ္တိကြောင့် Zener Diode သည် circuit တစ်ခုထဲတွင် ဗို့အားကို မပြောင်းလဲဘဲ ထိန်းထားပေးရန် (voltage regulation) နှင့် ပါဝါမြင့်တက်မှုများမှ ကာကွယ်ရန်အတွက် အသုံးဝင်ပါသည်။

Light Emitting Diode (LED) ဆိုသည်မှာ လျှပ်စီးကြောင်း ဖြတ်သန်းသည့်အခါ အလင်းထုတ်ပေးသော semiconductor ပစ္စည်း တစ်မျိုး ဖြစ်ပါသည်။ ပါဝါသုံးစွဲမှုနည်းခြင်း၊ သက်တမ်းရှည်ခြင်း၊ အရွယ်အစားသေးငယ်ခြင်း အစရှိသည့် အားသာချက်များကြောင့် LED များကို indicator အဖြစ်သာမက display များတွင်ပါ နေရာအနှံ့ အသုံးပြုနေကြပြီ ဖြစ်ပါသည်။

Photodiode သည် Light Emitting Diode နှင့် ဆန့်ကျင်ဘက် အလုပ်လုပ်သော ပစ္စည်းတစ်မျိုး ဖြစ်ပါသည်။ ၎င်းကို အလင်း ကျရောက်သည့်အခါ လျှပ်စစ်စီးကြောင်းထုတ်ပေးပါသည်။ ထို့ကြောင့် CD player များ၊ TV remote control ကဲ့သို့သော ကိရိယာများတွင် အလင်းအာရုံခံကိရိယာ (sensor)အဖြစ် အသုံးပြုကြပါသည်။

ဤ အထူးdiode များအပြင် အခြားသော အာရုံခံကိရိယာများ သည်လည်း အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ Light Dependent Resistor (LDR) ဟူသည် ၎င်းအပေါ်ကျရောက်သော အလင်းပြင်းအား များလာသည်နှင့်အမျှ ၎င်း၏ လျှပ်စစ်ခုခံမှု (resistance) ကျဆင်းသွားသော အစိတ်အပိုင်းပင်ဖြစ်ပါသည်။ ထိုဂုဏ်သတ္တိသည် ညအချိန်တွင် အလိုအလျောက်လင်းသည့် လမ်းမီး များ၊ ခိုးသူသတိပေးစနစ် (burglar alarm) များတွင် အလွန်အသုံး တည့်ပါသည်။

Thermistor သည် အပူချိန်ပြောင်းလဲမှုကို ခုခံမှုပြောင်းလဲမှုအဖြစ် တိုင်းတာပေးသော အာရုံခံကိရိယာတစ်မျိုးဖြစ်ပါသည်။ Negative Temperature Coefficient (NTC) thermistor ဟုခေါ်သော အမျိုး အစားသည် အပူချိန်မြင့်တက်လာသည်နှင့်အမျှ ၎င်း၏ ခုခံမှု ကျဆင်းသွားပါသည်။ ထို့ကြောင့် ၎င်းကို အပူချိန်တိုင်းတာရန်နှင့် ထိန်းချုပ်ရန်အတွက် အသုံးပြုကြပါသည်။

ခေတ်သစ်ပစ္စည်းများထဲတွင် သတင်းအချက်အလက်များ ကိုင်တွယ်ခြင်းကို digital electronics မှ လုပ်ဆောင်ပေးပါသည်။ ဤစနစ်၏ အခြေခံအုတ်မြစ်မှာ logic gate များပင် ဖြစ်ပါသည်။ Logic gate များသည် binary input (0 & 1) တို့ပေါ်တွင် မူတည်ပြီး ဆုံးဖြတ်ချက်ချသော အခြေခံအဆောက်အအုံများဖြစ်ပါသည်။ AND, OR, NOT gate များသည် အခြေခံအကျဆုံးသော logic gate များပင် ဖြစ်ပါသည်။ Logic gate များကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် com-puter နှင့် smartphone များ၏ လုပ်ဆောင်ချက်အားလုံးကို လုပ်ဆောင်နိုင်သည့် ရှုပ်ထွေးသော circuit များအား တည်ဆောက် နိုင်ပါသည်။

Electronics ပစ္စည်းများအချင်းချင်း သတင်းအချက်အလက် ဖလှယ်ရန်အတွက် communication system များ လိုအပ်ပါသည်။ အခြေခံ electronic communication system တစ်ခုတွင် သတင်း အချက်အလက်ကို ပြင်ဆင်ပေးသည့် transmitter၊ သယ်ဆောင် ပေးသည့် channel နှင့် ဘာသာပြန်ပေးသည့် receiver ဟူ၍ ပါဝင် ပါသည်။ အသံကဲ့သို့သော သတင်းအချက်အလက်ကို အဝေးသို့ ပို့ဆောင်နိုင်ရန်အတွက် modulation လုပ်ငန်းစဉ်ကို အသုံးပြု ကြပါသည်။

Amplitude Modulation (AM) တွင် သယ်ယူသွားမည့် radio wave (ကြိမ်နှုန်းမြင့် လျှပ်စစ်သံလိုက်လှိုင်း) ၏ amplitude (ပြင်းအား) ကို ပို့ချင်သည့် အသံလှိုင်းအတိုင်း ပြောင်းလဲပေးလိုက်ပါသည်။ Frequency Modulation (FM) ၌ radio wave ၏ frequency (ကြိမ်နှုန်း) ကို ပြောင်းလဲပေးပါသည်။ FM သည် AM ထက် အသံ အရည်အသွေးပိုကောင်းပြီး အနှောင့်အယှက်ဒဏ် ပိုခံနိုင်စွမ်းရှိပါ သည်။

အချက်အလက်ကို လက်ခံရာတွင် demodulation လုပ်ငန်းစဉ် နှင့် modulated လှိုင်းမှ မူလအသံလှိုင်းကို ပြန်လည်ထုတ်ယူပြီး speaker မှတစ်ဆင့် ပြန်လည် အသံထွက်ပေးပါသည်။

ဤအခြေခံမှုများအား နားလည်ခြင်းသည် မိုဘိုင်းဖုန်းများ၊ အင်တာနက်နှင့် ကမ္ဘာ့အသံလွှင့် စနစ်များအပါအဝင် နည်းပညာကို ကောင်းစွာအသုံးချနိုင်ရန်နှင့် နားလည်စေရန် ပြတင်းပေါက်တစ်ခု ဖွင့်ပေးလိုက်သကဲ့သို့ပင်ဖြစ်ပါသည်။

နောက်ဆုံးအခန်းဖြစ်သည့် Chapter 13 သည် ခေတ်သစ်ရူပဗေဒ (Modern Physics) အကြောင်းကို မိတ်ဆက်ပေးခြင်းဖြစ်သည်။ Modern Physics တွင် Radioactivity, Nuclear Energy နှင့် Special Relativity ဟူ၍ အဓိက သုံးပိုင်းရှိပါသည်။

Radioactivity ဆိုသည်မှာ atom တစ်လုံး၏ nucleus မှ alpha particles, beta particles နှင့် gamma rays ဟူသည့် စွမ်းအင်မြင့် radiation (၃)မျိုး ထုတ်လွှတ်သောဖြစ်စဉ် ဖြစ်ပါသည်။ Alpha particles မှာ ionizing အများဆုံးဖြစ်ပြီး စက္ကူထူထူနှင့်တား၍ ရပါ သည်။ Beta particles မှာ Alpha particles ထက် ionizing ပိုနည်း ပြီး ပါးလွှာသော အလူမီနီယံချပ်နှင့်တား၍ ရပါသည်။ Gamma rays သည် ionizing အနည်းဆုံးဖြစ်ပြီး ထိုးဖောက်နိုင်စွမ်း အများဆုံး ဖြစ်သောကြောင့် ခဲထူထူနှင့်ပင်လျှင် အပြီးတိုင်မတားနိုင်ပေ။ Radioactive ပစ္စည်းတစ်ခု၏ half-life ဆိုသည်မှာ ၎င်းတွင်ရှိသော atom များ ထက်ဝက်ယိုယွင်းပျက်စီးရန် ကြာသည့်အချိန်ကို ခေါ်ပါ သည်။ Radioisotopes များကို ဆေးပညာတွင် ရောဂါရှာဖွေကုသရန်၊ စက်မှုလုပ်ငန်းများတွင် ချွတ်ယွင်းချက်ရှာဖွေရန်နှင့် ရှေးဟောင်း ပစ္စည်းများ၏ သက်တမ်းကို တွက်ချက်ရန် အသုံးပြုကြပါသည်။

Nuclear Energy သည် atom ၏ nucleus ကွဲထွက်မှုမှ ထွက်ပေါ် လာသည့်စွမ်းအင် ဖြစ်ပါသည်။ Uranium-235 ကဲ့သို့ heavy nucleus ကို neutron နှင့် ထိမှန်လျှင် ၎င်းသည် fission ဖြစ်ပြီး နှစ်ပိုင်းကွဲ သွားကာ ကြီးမားသည့်စွမ်းအင် ထွက်လာပါသည်။ ဤဖြစ်စဉ်မှ neutron အသစ်များလည်း ထွက်လာပြီး အခြား nucleus များကို ဆက်တိုက်ကွဲစေခြင်းဖြင့် chain reaction ဖြစ်လာပါသည်။ Nuclear reactor ထဲတွင် ဤ chain reaction ကို ထိန်းချုပ်ပြီး လျှပ်စစ် ဓာတ်အားထုတ်ယူကြပါသည်။

Wave-Particle Duality ဆိုသော အယူအဆသည် light တွင် wave သဘောသာမက particle သဘောပါ တစ်ချိန်တည်းရှိသည် ဟု ဆိုလိုခြင်းဖြစ်ပါသည်။ Light of particle ကို photon ဟု ခေါ်ပါ သည်။ Louis de Broglie က ဤအယူအဆကို ချဲ့ထွင်ပြီး ရွေ့လျား နေသည့် matter (ဥပမာ-electron) တွင်လည်း wave သဘော ရှိသည်ဟု အဆိုပြုခဲ့ပါသည်။ ထိုသို့သော wavelength ကို de Broglie wavelength ဟုခေါ်ပါသည်။ Electron ကဲ့သို့ သေးငယ်သော particle များအတွက် ဤ wavelength ကို တိုင်းတာ၍ ရသော်လည်း ဘတ်စကက်ဘောကဲ့သို့ ကြီးမားသည့်အရာများအတွက် သတိထား မိရန် မလွယ်ကူချေ။

Einstein's Special Theory of Relativity ၏ အဓိကအချက် နှစ်ချက်မှာ-

၁။ ရူပဗေဒသဘောတရားအားလုံးသည် inertial frame of reference အားလုံးတွင် အတူတူပင် ဖြစ်သည်။

၂။ Speed of light သည် vacuum ထဲတွင် အတူတူပင်ဖြစ်ပြီး speed of source သို့မဟုတ် observer ပေါ်တွင် မှီခိုခြင်းမရှိပေ။

ဤသင်ရိုးသည် စာမေးပွဲအတွက်သာမက အနာဂတ်ဘဝတွင် လည်း သိပ္ပံနှင့်နည်းပညာကို နားလည်အသုံးချနိုင်ရန်အတွက်ပါ အထောက်အကူပြုမည့် အခြေခံအုတ်မြစ်ကောင်းတစ်ခု ဖြစ်သည်။ သဘောတရားတိုင်းကို နက်ရှိုင်းစွာနားလည်ရန် ကြိုးစားပါက ရူပဗေဒ ဘာသာရပ်သည် ပိုမိုစိတ်ဝင်စားစရာ ကောင်းလာမည် ဖြစ်ပါသည်။

# ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဇီဝဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာသက်သက်မာဝင်း၊ ပါမောက္ခ(ဌာနမှူး)၊ ရုက္ခဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

**မင်္ဂလာပါတပည့်တို့ ၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအတွက် သင်ရိုးသစ် ဇီဝဗေဒဘာသာရပ်ကို လေ့လာသင်ယူနေကြတဲ့ ကျောင်းသား ကျောင်းသူများ လွယ်ကူစွာဖြေဆိုနိုင်ကြဖို့ ရည်ရွယ်ပြီး ဇီဝဗေဒပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာများနှင့် မေးခွန်းပုံစံဆိုင်ရာ သိကောင်းစရာများကို ပို့ချပေးသွားမှာဖြစ်ပါတယ်။ Grade 12 ဇီဝဗေဒပြဋ္ဌာန်းစာအုပ်မှာ အခန်း(၆)ခန်း ပါဝင်ပါတယ်။ အကြောင်းအရာများ အားလုံးဟာ ဇီဝဗေဒဘာသာရပ်နှင့်ပတ်သက်ပြီး သိရှိရမယ့်အချက်များကို ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် သေချာကျေညက်အောင် လေ့လာကျက်မှတ်ခြင်းအားဖြင့် မေးခွန်းအားလုံးကို အခက်အခဲမရှိဘဲ ထူးချွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြမှာဖြစ်ပါတယ်။**

ဇီဝဗေဒဘာသာရပ်ဟာ သက်ရှိများ၏အကြောင်းကို သက်ရှိများကလေ့လာခြင်းဖြစ်ပါတယ်၊ သက်ရှိ၏အရေးအကြီးဆုံးအရာသည် အသက်ရှင်သန်ဖို့ဖြစ်ပါတယ်။ သို့အတွက်ကြောင့် အသက်ရှိခြင်းရဲ့ အစ၊ သက်ရှိများ၏ ဇီဝကမ္မဖြစ်စဉ်၊ သက်ရှိများ၏ ဆင့်ကဲပြောင်းလဲခြင်း၊ ရှင်သန်ဖို့အတွက် လိုက်လျောညီထွေဖြစ်မှု စတဲ့အကြောင်းအရာများကို နားလည်စေမည့်သင်ခန်းစာများကို ထည့်သွင်းဖော်ပြထားပါတယ်။

**Chapter 1 INTRODUCTION TO BIOLOGY** သင်ခန်းစာဟာ ဇီဝဗေဒကို ကျယ်ပြန့်စွာ ပိုင်းခြားထားသော အဓိကအကြောင်းအရာငါးခု THEMES OF BIOLOGY (Themes 1–5)နှင့် ဆက်လက်ပြီး လူတို့၏ နေ့စဉ်ဘဝတွင် ဇီဝဗေဒ၏ အရေးပါမှု၊ လူတို့၏အသက်ရှင်ရပ်တည်မှုတွင် အဓိကကျသော စားနပ်ရိက္ခာ အရင်းအမြစ်များအတွက် စိုက်ပျိုးရေး (Agriculture, Horticulture and Hydroponic Culture)၊ မွေးမြူရေး (Aquaculture and Livestock)၊ အသက်ရှင်သန်မှုအတွက် အစားအစာ(Food)၊ ကျန်းမာရေးနှင့် ဆေးဝါးအသုံးပြုခြင်း (Health and Medicine) ရှင်သန်နေထိုင်မှုအတွက် လိုအပ်သော အဝတ်အထည်နှင့် အမိုးအကာ (Clothing and Shelter)ပြုလုပ်ရာတွင်အသုံးပြုသည့်အပင်များ စသည့်အကြောင်းအရာများကို လေ့လာမှတ်သားကြရမှာ ဖြစ်ပါတယ်။

**Chapter 2 MOLECULAR BIOLOGY** မှာတော့ သက်ရှိဆဲလ်အားလုံးတွင် မရှိမဖြစ်ပါဝင်ပြီး သက်ရှိတိုင်း၏ မျိုးရိုးဆက်ခံသော လက္ခဏာများကို အဆုံးအဖြတ်ပေးသည့် DNA (Deoxyribonucleic acid) နှင့် ပရိုတင်းဖွဲ့စည်းတည်ဆောက်ခြင်း (Protein Synthesis) တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သော RNA (Ribonucleic acid) မော်လီကျူးနှစ်ခုတို့၏ တည်ဆောက်ဖွဲ့စည်းပုံ၊ DNA ၏ အခန်းကဏ္ဍနှင့် ၎င်း၏ပုံတူပွားခြင်း သဘောသဘာဝ (DNA replication)၊ မျိုးရိုးဗီဇကုဒ် (GENETIC CODE) ဆိုသည်မှာ နျူကလီယိုတိုက် ကိုဒွန် (Codon)နှင့် အမိုင်နိုအက်စစ်(Amino Acid )အကြား ဆက်နွှယ်မှုကို သတ်မှတ်ပေးသည့် ကုဒ်တစ်ခုဖြစ်ကြောင်း၊ သက်ရှိဆဲလ်အတွင်း ပရိုတင်းပေါင်းစပ်ဖွဲ့စည်းခြင်းဖြစ်စဉ် (PROTEIN SYNTHESIS)နှင့် ပါဝင်သောလုပ်ငန်းစဉ်များ၊ မော်လီကျူးမျိုးရိုးဗီဇဆိုင်ရာ သုတေသနမှ ပေါ်ထွက်လာသော နည်းပညာအချို့(SOME TECHNIQUES IN MOLECULAR BIOLOGY)တွင် သက်ရှိများ (အဏုဇီဝ၊ အပင်နှင့် တိရစ္ဆာန်)၏ မျိုးဗီဇများကို လိုသလိုပြုပြင်နိုင်စွမ်းရှိကြောင်း စိတ်ဝင်စားစွာ လေ့လာသိရှိကျက်မှတ်ကြရမှာ ဖြစ်ပါတယ်။

**Chapter 3 TRANSPORT SYSTEM IN ORGANISMS** တွင် TRANSPORT SYSTEM IN PLANTS အပင်များ၏သယ်ယူပို့ဆောင်ရေးစနစ်ရှိ သယ်ယူပို့ဆောင်ရေးတစ်ရှူးများဖြစ်သော (xylem နှင့် phloem) တည်ဆောက်ပုံ၊ TRANSPORT MECHANISMS IN PLANTS အပင်များ၏ အစာ၊ ရေနှင့် inorganic ions များကို ပို့ဆောင်ပေးသည့် လုပ်ငန်းယန္တရားများ၊ TRANSPIRATION ပင်ငွေ့ပြန်ခြင်းတွင် Factors Affecting Transpiration ပင်ငွေ့ပြန်ခြင်းအပေါ် သက်ရောက်သည့်အချက်များ၊ Benefits of Transpiration ပင်ငွေ့ပြန်ခြင်း၏ အကျိုးကျေးဇူးများ၊ Demonstration of Transpiration Pull ပင်ငွေ့ပြန်ခြင်းဆွဲအားကို သရုပ်ဖော်ပြသခြင်း၊TRANSLOCATION အပင်များအတွင်း အစာအာဟာရ၊ ရေနှင့် ပျော်ဝင်ပစ္စည်းများ ရွေ့လျားရွေ့ပြောင်းခြင်းဖြစ်စဉ်အကြောင်းအရာများကို လေ့လာကြရမှာဖြစ်ပါတယ်။ ဆက်လက်၍ TRANSPORT SYSTEM IN ANIMALS သတ္တဝါများ၏ သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်သော သွေးလည်ပတ်မှုစနစ်သည် အစုလိုက်သယ်ယူပို့ဆောင်ရေး (mass transport) ပုံစံဖြစ်ပြီး ဇီဝကမ္မဖြစ်စဉ်အတွက် လိုအပ်သောအရာဝတ္ထုများကို ခန္ဓာကိုယ်အနှံ့ အရည်စီးဆင်းမှုပုံစံယန္တရားအသွင်ဖြင့် ပို့ဆောင်ပေးသည့် အစီအစဉ်ဖြစ်ပါတယ်။ The Need for Transport ခန္ဓာကိုယ်အနှံ့ သယ်ယူပို့ဆောင်ရာတွင် လိုအပ်ချက်များ၊ Features of Mass Transport System ခန္ဓာကိုယ်တစ်လျှောက်ရှိ အရာဝတ္ထုများကို ရွှေ့ပြောင်းရန် ထိရောက်မှုရှိသည့် Mass Transport System ၏ လက္ခဏာရပ်များကို လေ့လာကြရမှာဖြစ်ပါတယ်။ CIRCULATORY SYSTEM သွေးလည်ပတ်မှုစနစ်တွင် Open circulatory system (အစွန်းဖွင့်သွေးကြော open-ended vessels များမှတစ်ဆင့် ပတ်ဝန်းကျင်တစ်ရှူးများနှင့်အင်္ဂါများကို သွေးတိုက်ရိုက်ရောက်ရှိသောစနစ်)နှင့် Closed circulatory system(နှလုံးမှ ညှစ်ထုတ်ပေးသည့်သွေးသည် (Blood vessels) သွေးလွှတ်ကြောများ၊ သွေးပြန်ကြောများနှင့် ဆံခြည်မျှင်သွေးကြောများ၏ စဉ်ဆက်မပြတ် သွေးကြောကွန်ရက်အတွင်း စီးဆင်းလှည့်ပတ်နေသော သွေးလည်ပတ်မှုစနစ်)ဟူ၍ အဓိကအမျိုးအစား နှစ်မျိုးရှိကြောင်း သိရှိရမှာဖြစ်ပါတယ်။ CARDIOVASCULAR SYSTEM IN MAMMALS နို့တိုက်သတ္တဝါများ၏ နှလုံးသွေးလည်ပတ်မှုတွင် သွေးကြောများမှတစ်ဆင့် သွေးများရွေ့လျားနိုင်ရန် ရေပန့်စက်ကဲ့သို့ ဆောင်ရွက်ပေးသည့် နှလုံး၏ဖွဲ့စည်းတည်ဆောက်ပုံ (The Structure of the Heart)၊ The Blood Vessels သွေးလွှတ်ကြော၊ သွေးပြန်ကြော၊ ဆံခြည်မျှင်သွေးကြောများ၊The components of the Blood သွေးတွင်းပါဝင်ပစ္စည်းများ၊ The Clotting of the Blood ထိခိုက်ဒဏ်ရာရသည့်နေရာမှာ သွေးတိတ်စေသောဖြစ်စဉ်၊ The Cardiac Cycle နှလုံးခုန်ခြင်းဖြစ်စဉ်၊ Control of Heart Beat နှလုံးခုန်နှုန်းအားထိန်းချုပ်ခြင်းအကြောင်းအရာများနဲ့ LYMPHATIC SYSTEM မှာတော့ တစ်ရှူးများမှ ပြန်ရည် (Lymph)များသည် သွေးထဲသို့ ပြန်ရည်ကြောမျှင် (Lymphatic capillaries)များမှတစ်ဆင့် စီးဆင်းသည့် တစ်ရှူးရည်၏အခန်းကဏ္ဍများကို လေ့လာမှတ်သားကြရမှာ ဖြစ်ပါတယ်။

**Chapter 4 DISEASES IN PLANTS AND ANIMALS** တွင် PLANT DISEASES အပင်ရောဂါများကို အများအားဖြင့် ပုံမှန်မဟုတ်သော ကြီးထွားမှု (abnormal growth) နှင့် /သို့မဟုတ် အပင်၏ ကမောက်ကမဖြစ်မှု (dysfunction) အဖြစ်သတ်မှတ်ပါတယ်။ Biotic diseases သက်ရှိများ (ဥပမာ၊ မှို၊ ဘက်တီးရီးယားနှင့် ဗိုင်းရပ်စ်များ) ကြောင့်ဖြစ်သည့် အပင်ရောဂါအမျိုးအစားများနှင့် Abiotic diseases သက်ရှိမဟုတ်သော ပတ်ဝန်းကျင်အခြေအနေများ (ဥပမာ၊ မြေဆီလွှာကျစ်ခြင်း၊ လေနှင်းခဲ၊ မြေဆီလွှာဆားပေါက်ပျက်စီးခြင်း၊ အမြစ်ထွက်မှုပုံမမှန်ခြင်း) ကြောင့်ဖြစ်သည့် အပင်ရောဂါအမျိုးအစားများကို သိရှိကြရပါမယ်။ Disease Causing Factors ရောဂါဖြစ်စေသော အကြောင်းရင်းများ၊ အပင်ရောဂါများ၏ Signs and Symptoms ရောဂါလက္ခဏာများ၊ Types of Pathogens အပင်ရောဂါပိုးအမျိုးအစားများနှင့် Control of Plant Diseases အပင်များတွင် ကျရောက်သော ရောဂါပိုးမွှားများကို ထိန်းချုပ်ခြင်းများအား ကဏ္ဍအလိုက် သင်ကြားကြရမှာဖြစ်ပါတယ်။ ANIMAL DISEASES ဆိုသည်မှာ ခန္ဓာကိုယ် (သို့မဟုတ်) စိတ်၏ နာမကျန်းမှုကို ဖြစ်စေသော ရောဂါများကို ဆိုလိုပါတယ်။ ANIMAL DISEASE များကို မကူးစက်နိုင်သော ရောဂါအမျိုးအစားများ Non–infectious Diseases နှင့် ကူးစက်နိုင်သောရောဂါ အမျိုးအစားများ Infectious Diseases ဟု ခွဲခြားနိုင်ပါတယ်။ မကူးစက်နိုင်သော ရောဂါအမျိုးအစားများ Non–infectious Diseases တွင် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ ကာကွယ်ခြင်းနှင့် ကုသခြင်းဆိုင်ရာ အကြောင်းအရာများ ပါဝင်ကြပါတယ်။ ကူးစက်နိုင်သော ရောဂါအမျိုးအစားများ Infectious Diseases တွင် နမူနာအဖြစ် ငှက်ဖျားပိုး Plasmodium ကူးစက်ခြင်း၊ ငှက်ဖျားပိုး၏ ဇီဝစက်ဝန်း Life cycle of Plasmodium၊ ငှက်ဖျားရောဂါကုသခြင်း၊ ကာကွယ်ခြင်း၊ ကမ္ဘာတစ်ဝန်း ငှက်ဖျားရောဂါထိန်းချုပ်မှုအကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကျက်မှတ်ကြရမှာဖြစ်ပါတယ်။

**Chapter 5 COORDINATION AND RESPONSE** သည် အပင်နှင့် တိရစ္ဆာန်များ၏ ပေါင်းစပ်ညှိနှိုင်းမှု၊ တုံ့ပြန်မှုများနှင့် သက်ဆိုင်သည့် အကြောင်းအရာများပါဝင်ပြီး COORDINATION AND RESPONSE IN PLANTS အပင်၏ အစိတ်အပိုင်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် တုံ့ပြန်မှု၊ အပြန်အလှန်အကျိုးသက်ရောက်ပုံ အကြောင်းအရာများကို စိတ်ဝင်စားဖွယ် လေ့လာကြရမှာဖြစ်တယ်။ PLANT GROWTH AND DEVELOPMENT တွင် Plant Growth Regulators များဖြစ်သော အပင်ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ရှုထောင့်အမျိုးမျိုးကို ထိန်းချုပ်သည့် အဓိက အပင်ဟော်မုန်းအမျိုးအစား ငါးမျိုးဖြစ်တဲ့ Auxins, gibberellins, cytokinins, ethylene နှင့် abscisic acid တို့ကို သိရှိရမှာဖြစ်ပြီး ဤဟော်မုန်းတစ်ခုစီဟာ အပင်ကြီးထွားမှုနှင့်ဖွံ့ဖြိုးမှုအပေါ် တိကျသော အကျိုးသက်ရောက်မှုများရှိကြတယ်။ Seed Dormancy အစေ့ငုပ်ခြင်း၊ Seed Germination အစေ့ပေါက်ခြင်းအမျိုးအစား သုံးမျိုး၊ Photoperiodism ပန်းပွင့်စေရန် အပင်မှလိုအပ်သော အလင်းနှင့်အမှောင်ကာလ၊ အလင်းကာလပေါ်မူတည်၍ အပင်အမျိုးအစား သုံးမျိုးခွဲခြားခြင်း၊ Photomorphogenesis အပင်များ အလင်းရောင်ကို တုံ့ပြန်ပြီး ကြီးထွားသည့်ဖြစ်စဉ်နှင့် အရေးပါပုံ စသည့်အကြောင်းအရာများကို စိတ်ဝင်စားစွာ လေ့လာကြရမှာဖြစ်ပါတယ်။ COORDINATION AND RESPONSE IN ANIMALS တိရစ္ဆာန်များ၏ ညှိနှိုင်းခြင်းနှင့် တုံ့ပြန်မှုအပိုင်းမှာ ပတ်ဝန်းကျင်၏လှုံ့ဆော်မှုများကို ညှိနှိုင်းတုံ့ပြန်နိုင်စွမ်းသည် အသက်ရှင်ရပ်တည်မှုအတွက် အရေးကြီးပြီး ပြောင်းလဲနေသောအခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်နိုင်စေရမှာဖြစ်တယ်။ Human Nervous System တွင် လူ့အာရုံကြောစနစ်တည်ဆောက်ပုံ Structure of Neurones မတူညီသော Neurones အမျိုးအစားများနှင့် ၎င်းတို့၏လုပ်ငန်းများ၊ Synapses ၏ တည်ဆောက်ပုံနှင့် လုပ်ဆောင်ချက်များ၊ SENSE ORGANS သက်ရှိများ အသက်ရှင်ရပ်တည်နိုင်ရန် ပတ်ဝန်းကျင်၏ ပြောင်းလဲမှုများကိုသိရှိပြီး သင့်လျော်စွာ တုံ့ပြန်ရမည်ဖြစ်ပြီး အပြောင်းအလဲများကို ထောက်လှမ်းရန် လူသားများနှင့် အခြားသက်ရှိများတွင် အဆင့်မြင့်ဖွံ့ဖြိုးစွာ ပါရှိနေသည့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာနှင့် အရေပြားတို့ကဲ့သို့သော အာရုံခံအင်္ဂါများမှ Structure of human eye and mechanism of vision လူ့မျက်လုံးဖွဲ့စည်းပုံနှင့် အမြင်အာရုံဆိုင်ရာယန္တရား၊ THE ENDOCRINE SYSTEM ၌ Endocrine glands and Hormones လူ့ခန္ဓာကိုယ်ရှိ endocrine ဂလင်းများ၏တည်နေရာနှင့် ဟော်မုန်းများ၏ အခန်းကဏ္ဍ၊ Comparison between Nervous System and Endocrine System လူ့ခန္ဓာကိုယ်ရှိ အာရုံကြောစနစ်နှင့် endocrine စနစ်အကြား နှိုင်းယှဉ်လေ့လာမှုဇယား စသည့်ခေါင်းစဉ်များကို သေချာစွာ လေ့လာကျက်မှတ်ကြရမှာဖြစ်ပါတယ်။

**Chapter 6 BIODIVERSITY AND CONSERVATION** သင်ခန်းစာမှာ ဤစာအုပ်၏ နောက်ဆုံးအခန်းဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲများနှင့် ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်းဖြစ်၍ သဘာဝတွင် ဇီဝမျိုးစုံမျိုးကွဲများသည် အဘယ်ကြောင့် အရေးကြီးရသနည်းဆိုသည့် အကြောင်းအရာ၊ အချက်အလက်များကို သေချာစွာမှတ်သားကြရမှာဖြစ်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ ဂေဟစနစ်တစ်ခုအတွင်းရှိ သက်ရှိပုံစံများ၏ ကွဲပြားမှုအတိုင်းအတာအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါတယ်။ ဇီဝမျိုးစုံမျိုးကွဲများ ဟန်ချက်ညီစွာ ရှင်သန်ကြီးထွားပေါက်ဖွားနိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်ပေးခြင်းသည် သက်ရှိများ၏ ဘဝရှင်သန်နေထိုင်မှုနှင့် သဘာဝဂေဟစနစ် နှစ်ခုလုံးတွင် အရေးပါသောအခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ Levels of Biodiversity ဇီဝမျိုးစုံတို့၏ မတူကွဲပြားသောအဆင့်များ၊ Importance of Biodiversity ဇီဝမျိုးစုံမျိုးကွဲများ၏ အရေးပါမှု၊ Biodiversity in Myanmar တွင် မြန်မာနိုင်ငံရှိ သစ်တောအမျိုးအစား Forest Diversity များနှင့် Endangered Species မျိုးသုဉ်းလုနီးပါးဇီဝမျိုးစိတ်များ၊ THREATS TO BIODIVERSITY ဇီဝမျိုးစုံမျိုးကွဲများအား မျိုးသုဉ်းလုနီးပါး ခြိမ်းခြောက်ခံနေရသော အကြောင်းတရားများဖြစ်တဲ့ Habitat Destruction ဇီဝမျိုးစုံမျိုးကွဲများ၏ နေထိုင်ရာများပျက်စီးခြင်း၊ Invasive Alien Species (IAS) ဒေသရင်းမဟုတ်သော မျိုးစိတ်များဝင်ရောက်လာခြင်း၊ Genetic Pollution ဗီဇညစ်ညမ်းမှုဖြစ်ခြင်း (ဥပမာ–မျိုးစပ်ခံရခြင်း၊ မျိုးရိုးဗီဇ ရောယှက်ခြင်း)၊ Overexploitation ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များအား အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ Climate Change ထိုသို့အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း အကျိုးဆက်ကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲလာခြင်း၊ Human Overpopulation လူဦးရေတိုးမြင့်ထူထပ်လာခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ပဋိပက္ခများဖြစ်ပေါ်လာခြင်း၊ Wildlife Trade သဘာဝတောရိုင်းသက်ရှိများနှင့် ၎င်းတို့မှ ထုတ်လုပ်သောပစ္စည်းများကို တရားမဝင်ရောင်းဝယ်ခြင်း စတဲ့အကြောင်းအရာများကြောင့် ကမ္ဘာမြေ၏ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး CONSERVATION အတွက် အမျိုးမျိုးသော အစီအမံများနှင့် In situ နှင့် ex situ ကဲ့သို့သော ကာကွယ်ထိန်းသိမ်းရေးနည်းလမ်းများအကြောင်း အသိပညာပေးမြှင့်တင်ခြင်းနှင့် မြန်မာနိုင်ငံ

စာမျက်နှာ ၂၉ သို့

စာမျက်နှာ ၂၈ မှအဆက်

တွင် တည်ထောင်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေ (Protected Areas)များ၏ အမျိုးအစားနှင့်တည်နေရာများကို ကဏ္ဍအလိုက် စိတ်ဝင်စားစွာ လေ့လာကျက်မှတ်ကြရမှာ ဖြစ်ပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်ရဲ့မေးခွန်းပုံစံမှာ Section– A နှင့် Section– B နှစ်ပိုင်း ဖြစ်ပါတယ်၊ Section – A မှာပါဝင်တဲ့ မေးခွန်းနံပါတ်(၁)၊ (၂)၊ (၃) နှင့် Section – B မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၄)၊ (၅)တို့ဖြင့် စုစုပေါင်း ငါးပုဒ်ပါရှိမှာဖြစ်ပါတယ်။ အမှတ်ခွဲဝေမှုမှာ Section– A အတွက် (၃၀) မှတ်၊ Section– B အတွက် (၇၀) မှတ် ဖြစ်ပါတယ်။

Grade 12 ဇီဝဗေဒဘာသာရပ်ကို မေးခွန်းဖွဲ့စည်းတည်ဆောက်ရာမှာ Grade 12 Biology Textbook မှ Chapter 1 – 6 အထိ ပါဝင်ကြတဲ့ ရုက္ခဗေဒနှင့် သတ္တဗေဒဘာသာရပ်များမှ အကြောင်းအရာများအား မေးခွန်းအမှတ်စဉ် (Question No. 1 – 5)များအတွက် Chapter အစဉ်လိုက် မေးခွန်းတည်ဆောက်မှာဖြစ်ပါတယ်။ မေးခွန်းများသည် ကျောင်းသား ကျောင်းသူများအတွက် သင်ယူခြင်းနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဝေဖန်ပိုင်းခြား တွေးခေါ်ခြင်းနဲ့ ပြဿနာဖြေရှင်းခြင်း၊ တီထွင်ဖန်တီးမှုနဲ့ ဆန်းသစ်မှုအရည်အသွေးများ ကောင်းမွန်မြင့်မားမှုကို ဦးတည်၍ လွယ်ကူလွန်းခြင်း၊ ခက်ခဲလွန်းခြင်းမရှိစေဘဲ ကျောင်းသား ကျောင်းသူများ၏ အရည်အချင်းအလိုက် လျော်ညီစွာဖြေဆိုနိုင်မည့် မေးခွန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားမှာ ဖြစ်ပါတယ်။

Section – A မှာပါဝင်တဲ့ မေးခွန်းနံပါတ် (၁)၊ (၂) နဲ့ (၃) မှာ လုံးဝ ရွေးချယ်ဖြေဆိုပိုင်ခွင့် မရှိပါဘူး။

**မေးခွန်းနံပါတ် (၁)** အမှား (သို့မဟုတ်) အမှန် ဖြေဆိုခြင်း (TRUE or FALSE) မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု No. (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀)မှတ်ဖြစ်ပါတယ်။ TRUE or FALSE statements ဖော်ပြချက်တွေဟာ Grade 12 Biology မှာ ပြဋ္ဌာန်းထားတဲ့အကြောင်းအရာများအပေါ် နားလည်သဘောပေါက်မှုကို အခြေခံပြီး ဦးစားပေး မေးထားတာဖြစ်ပါတယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို Own construction နဲ့မေးထားတဲ့ statement များလည်း ပါရှိမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၁) TRUE or FALSE statements ကို ဖြေဆိုဖို့ Statement ဟာ အားလုံးမှန်ကန်ပြီး မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် TRUE ဖြစ်ပြီး ကွဲလွဲမှုရှိရင် FALSE ဖြစ်၍ အဖြေများကို all capital letter နဲ့ရေးလျှင် ပိုကောင်းပါတယ်။ သို့သော် မည်သို့ပင်ဖြေဖြေ အဖြေမှန်လျှင်အမှတ်ရမည်ဖြစ်ပြီး အဖြေနှစ်မျိုးရေးခဲ့လျှင် လုံးဝအမှတ်မပေးပါ။

**မေးခွန်းနံပါတ် (၂)** ကွက်လပ်ဖြည့်ခြင်း (Completion)တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု No. (i – x) အတွက်တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၂) ရဲ့ Completion statement များအတွက် ကွက်လပ်ချန်ထားတဲ့ နေရာမှာ မှန်ကန်တဲ့ အဖြေစကားလုံး (Word) (၁)လုံးကိုသာ စာလုံးပေါင်း (Spelling) မှန်မှန်နဲ့ ဖြေဆိုပေးရမှာဖြစ်ပါတယ်။ ဖြည့်စွက်မည့် အဖြေစကားလုံးရဲ့ Tense ကိုဂရုစိုက်ဖို့လိုသလို သိပ္ပံအမည်များ (Scientific name) ကို ရေးသားဖော်ပြခိုင်းရင်တော့ မျိုးစု (Genus)၏ အစစာလုံးကို Capital letter နဲ့ စရေးပြီး ‘Genus နှင့် species’ တစ်ခုစီကို မျဉ်းသားပေးဖို့လိုအပ်ပါတယ်။ စာလုံးပေါင်းများကိုလည်း အမှားအယွင်းမရှိအောင် သတိထားပြီး ရေးသားကျက်မှတ်ရပါမယ်။

**မေးခွန်းနံပါတ် (၃)** အဖြေမှန်ရွေးချယ်ခြင်း (Multiple Choice) တွင် မေးခွန်းပုဒ်ခွဲငယ် (၁၀) ခု (i – x) အတွက် တစ်ခုလျှင် တစ်မှတ်စီဖြင့် ပေးမှတ် (၁၀) မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃) Multiple Choice ဖြေဆိုရာမှာ အဖြေမှန် (Correct answer) ကို ရွေးချယ်ရန် စကားလုံး (၄) လုံး (A, B, C, D) ထဲက တစ်လုံးကို ပုဒ်ခွဲငယ်နံပါတ်နဲ့အတူ ဖော်ပြဖြေဆိုရမှာဖြစ်တယ်။ အဖြေမှန် စကားလုံးကို ရေးသားဖော်ပြရန်မလိုပါ။

မေးခွန်းနံပါတ် (၁)၊ (၂)၊ (၃) Objectives မေးခွန်းတွေ ဖြေဆိုရာမှာ စာကြောင်း (Statements) များကို ပြန်ကူးရေးစရာ မလိုပါဘူး။ Objectives Statements (၃၀)ကို မှန်ကန်အောင်ဖြေဆိုနိုင်ဖို့ကတော့ ကျောင်းသား ကျောင်းသူများအနေနဲ့ ပြဋ္ဌာန်းစာအုပ်ပါ အကြောင်းအရာတွေကို နှုတ်တိုက်ကျက်မှတ်မည့်အစား အကြောင်းအရာရဲ့အနှစ်သာရကို အဓိပ္ပာယ်ရှိစွာနဲ့ ဆက်စပ်တွေးခေါ်ပြီး သဘောပေါက်နားလည်အောင် မှတ်သားထားမှသာ လွယ်လင့်တကူဖြေဆိုနိုင်မှာဖြစ်တယ်။ Objectives မေးခွန်းတွေဟာ နားလည်သဘောပေါက်မှုနဲ့ စဉ်းစားတွေးခေါ်ယူဆမှုကို အခြေခံတဲ့အတွက် သေချာလေ့လာမှတ်သားဖို့ လိုတယ်။ အဓိကပါဝင်တတ်တဲ့ မေးခွန်းတွေက ပြဋ္ဌာန်းစာအုပ်ပါ အဓိပ္ပာယ်ဖွင့်ဆိုချက် (Definition)များနှင့် Statements များ ဖြစ်တယ်။ ရွေးချယ်ဖြေဆိုစရာ မရှိတဲ့အတွက် အမှတ်ပြည့်ရလိုသူများအနေနဲ့ Grade 12 Biology ပြဋ္ဌာန်းစာအုပ် တစ်အုပ်လုံးကို ခြုံငုံလေ့လာဖတ်ရှုထားဖို့လိုပါမယ်။ မေးခွန်းနံပါတ် ၁၊ ၂ နဲ့ ၃ Objectives မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံး ဆင့်ပွားမေးခွန်းငယ်နံပါတ်များအား မှားတပ်ခြင်း၊ နံပါတ်ပိုခြင်း၊ လိုခြင်း မရှိစေရန် ဂရုစိုက်ဖို့နဲ့ နံပါတ်ရေးချပြီးမှ Statements များကို သေချာစွာဖတ်ရှုပြီး မိမိအနေနဲ့ သေချာမှန်ကန်တဲ့အဖြေများကို သက်ဆိုင်ရာနံပါတ်ဘေးမှာ ဖြေဆိုဖို့ လိုအပ်ပါတယ်။

Section – B မှာ မေးခွန်းနံပါတ် (၄) မေးခွန်းတို No. 4 (Short questions)နဲ့ မေးခွန်းနံပါတ် (၅) မေးခွန်းရှည် No. 5 (Long questions) တွေပါဝင်မှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် (၄)** တွင် မေးခွန်းပုဒ်ခွဲငယ် (၆) ပုဒ် (a – f) အတွက် ပုဒ်ခွဲငယ် တစ်ခုလျှင် ငါးမှတ်စီဖြင့် ပေးမှတ် (၃၀)မှတ် ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၄)အတွက် (Answer ALL questions) မေးခွန်းအားလုံးကို ဖြေဆိုရမှာဖြစ်ပြီး လုံးဝရွေးချယ်ပိုင်ခွင့်မရှိပါဘူး။ မေးခွန်းနံပါတ် (၄) မေးခွန်းတိုဖြေဆိုရာမှာ မေးခွန်းတွေကို သေချာစွာဖတ်ရှုပြီး တိုတိုနဲ့လိုရင်းကိုသာ ဖြေဆိုရမှာဖြစ်တဲ့အတွက် မေးခွန်းကမေးထားတဲ့အဖြေပေါ်မူတည်၍ ကိုက်ညီမှန်ကန်မှုရှိသည့်ဖြေဆိုမှု ပြုလုပ်နိုင်ရန် လိုအပ်ပြီး သို့မှသာ အမှတ်ပြည့်ရရှိနိုင်မှာဖြစ်ပါတယ်။

**မေးခွန်းနံပါတ် (၅)** (Long questions) တွင် (Answer any FOUR questions)ဟူ၍ ရွေးချယ်ပိုင်ခွင့်ရှိသည့် မေးခွန်းပုဒ်ခွဲငယ် (၆)ပုဒ် No. (a – f) မေးထားပြီး နှစ်သက်ရာ (၄)ပုဒ်အား ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ မေးခွန်းရှည် (Long questions)မှာ ဘာသာရပ်ဆိုင်ရာ တတ်ကျွမ်းနားလည်မှုကို ဖြေဆိုရမှာဖြစ်ပြီး ဆက်လက်လေ့လာမည့် အဆင့်မြင့်ဘာသာရပ်များကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါတယ်။ မေးခွန်းနံပါတ် (၅) မှာ ရွေးချယ်ဖြေဆိုပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးကို ဖြေဆိုရာတွင် မိမိကျွမ်းကျင်စွာ ဖြေဆိုနိုင်မည့်၊ အမှတ်ပြည့်ရနိုင်မည့် မေးခွန်းမျိုးကို ရွေးချယ်ဖြေဆိုကြရန်နှင့် မေးခွန်းအရွေးမမှားစေဖို့ အထူးသတိပြုကြရန် အရေးကြီးပါတယ်။ မေးခွန်းတွေမှာ ပုံဆွဲခိုင်းခဲ့ရင် အချိုးကျသပ်ရပ်တဲ့ပုံနဲ့ အညွှန်း(Labels)မျဉ်းအတွက် ခဲတံကို အသုံးပြုပြီး ပြည့်စုံမှန်ကန်တဲ့ အညွှန်း Labels နဲ့ ပုံခေါင်းစဉ် Caption တွေအတွက် ဘောလ်ပင်နဲ့တပ်ပေးလျှင် ပိုကောင်းပါတယ်။ ဒါ့ကြောင့် သင်ခန်းစာများကို လေ့လာတဲ့အခါ သရုပ်ဖော်ပုံနဲ့တွဲပြီး လေ့လာဖို့လိုသလို Word diagram နဲ့ Table များကိုပါလေ့လာဖို့လိုတယ်။

Grade 12 Biology Textbook တွင် တိကျသော ရောင်စုံပုံချပ်များ precise colourful diagrams, ဓာတ်ပုံမိုက်ခရိုဂရပ်များ photomicrographs, figures and charts, Chapter တစ်ခုချင်းစီ၏ အဆုံးတွင် နမူနာမေးခွန်းများ၊ ဝေါဟာရအသုံးအနှုန်းအခက်အခဲများကို ကျော်လွှားရန် GLOSSARY များ ပါဝင်ကြပါတယ်။ ကျောင်းသား ကျောင်းသူများသည် Grade 12 Biology Textbook မှာပါဝင်တဲ့ အကြောင်းအရာတွေကို သေချာကျေညက်အောင်လေ့လာပြီးတဲ့နောက် ဇီဝဗေဒ၊ ဇီဝဗေဒနှင့် ဆက်နွယ်လျက်ရှိသည့် သက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်း ပညာရပ်နယ်ပယ်များတွင် ဆက်လက်လေ့လာရန် အရည်အချင်းပြည့်မီသူများဖြစ်လာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့စာမေးပွဲဖြေဆိုတဲ့အခါ –

- မေးခွန်းမှာ Mention / Name / List နဲ့စထားရင် အမည်များ ဖော်ပြဖြေဆိုရန်။
- Enumerate နဲ့စရင် အမှတ်စဉ်ထိုး၍ ဖြေဆိုရန်။
- Define နဲ့စရင် အဓိပ္ပာယ်သတ်မှတ်ရန်။
- What / How / Cite / Give / State / Describe / Discuss/ Explain / Clarify / Write နဲ့စထားရင် ရေးပါ၊ ရှင်းပြပါ၊ ဖြေရှင်းပါ၊ ဆွေးနွေးပါ၊ ဖော်ပြပါ၊ ဘယ်လိုနားလည်သလဲ အစရှိတဲ့ မေးခွန်းတွေကို စာသားအားဖြင့် အဖြေထုတ်ရန်။
- Distinguish / Classify / Differentiate နဲ့စရင် အုပ်စုနှင့် အမျိုးအစားတို့ကို ခွဲခြားပြရန်။
- Comparative / Compare and contrast / versus နဲ့ မေးထားရင် နှိုင်းယှဉ်ဖြေဆိုရန်။
- Give a table / Tabulate နဲ့စရင် ဇယားဆွဲ၍ ဖြေဆိုရန်။
- Give a word diagram နဲ့စရင် စကားလုံးများကို အညွှန်းမြားတန်းဖြင့် ချိတ်ဆက်ဖော်ပြရန်။
- Draw / Illustrate / illustration / drawing / diagram နဲ့ မေးထားရင် သရုပ်ဖော်ပုံဆွဲပေးရန်။
- Provide labels and caption နဲ့စရင် ပုံကိုပြန်ကူးဆွဲစရာမလိုဘဲ အညွှန်းမြားဖြင့် ညွှန်ပြသောနေရာကို အမည်ဖော်ပေးရန်နှင့် ပုံခေါင်းစဉ်တပ်ပေးရန်ဖြစ်ပြီး နောက်ဆက်တွဲမေးသည့် မေးခွန်းရှိခဲ့လျှင် မကျန်ရစ်အောင်ဖြေဆိုရန် သတိပြုပါ။
- မေးခွန်းကိုသေချာစွာဖတ်ပါ၊ နားလည်သဘောပေါက်အောင် ဖတ်ပြီးမှဖြေဆိုပါ။
- အဖြေလွှာရဲ့သတ်မှတ်ထားတဲ့နေရာမှာ ခုံနံပါတ်ကိုမှန်အောင် တပ်ပါ။
- အဖြေလွှာပေါ်ကညွှန်ကြားချက်များကို သေချာစွာလိုက်နာပါ။
- ဖြေဆိုမည့်မေးခွန်းနံပါတ်ကို ဘေးမျဉ်းအတွင်း မှန်အောင် တပ်ပြီးမှဖြေဆိုပါ။
- ဖြေဆိုပြီးအဖြေများ မှန်ကန်မှု ရှိ၊ မရှိ ပြန်လည်စစ်ဆေးပါ။
- အမှတ်များများလိုချင်ရင် ပြဋ္ဌာန်းစာအုပ်ပါ အခန်း (၆) ခန်းလုံးကိုစေ့စပ်သေချာစွာ သိထားရမှာဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ အကြံပြုချက်များကို လိုက်နာပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဇီဝဗေဒဘာသာရပ်ကို ဂုဏ်ထူးမှတ်များနဲ့ ထူးထူးချွန်ချွန် အောင်မြင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းလိုက်ပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအားလုံး ထူးချွန်စွာ အောင်မြင်ကြပါစေ။

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကောလင်း ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးခဲ့ကြောင်း ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် မတ်ပဲ ၃၉၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကောလင်းမြို့နယ်တွင် ၃၇၃၄ ဧက၊ ဝန်းသိုမြို့နယ်တွင် ၂၀၃ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၉၅၃ ဧက စုစုပေါင်း ဧက ၄၈၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၃၉၈၂ ကေလျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ဧက ၄၈၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် မတ်ပဲစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ဧက ၃၆၅၀၊ ဝန်းသိုမြို့နယ်တွင် ၁၀ ဧက၊ ပင်လည်ဘူးမြို့နယ်တွင် ၃၂၂ ဧက စုစုပေါင်း ၃၉၈၂ ဧက တို့ဖြစ်ကြောင်း သိရသည်။

ကောလင်းခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေသြဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**မင်းကင်း ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၁၇၂၁ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီး တစ်ကေလျှင် ၈၈ ဒသမ ၂၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မင်းကင်းမြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၁၁၇၂၁ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးတွေ လက်ရှိမှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့တယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ အသိပညာပေးလုပ်ငန်းတွေ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဒိုက်ဦးမြို့နယ် အမရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဒိုက်ဦး ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ပူကိုင်ကျေးရွာအုပ်စု အမရကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတွင်းလမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ အမရကျေးရွာ၌ ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်း၊ ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဒိုက်ဦးမြို့နယ် အမရကျေးရွာ၌ လမ်းအရှည်ပေ ၂၁၇၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း၊ တစ်နာရီ ဂါလန် ၂၀၀ ကျော် ထွက်ရှိသည့် ရေသန့်စင်စက် တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၂၀ ဒသမ ၆ သန်းဖြင့် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုညို









## အများသိစေရန် ကြေညာခြင်း

ဒေါ်သန်းဆင် (ဘ) ဦးကျော်(၉/မနတ(နိုင်)၀၄၃၀၃၃)မှ ဒေါ်အေးကြည်(၉/မနတ(နိုင်)၀၄၃၀၄၇) ထံသို့ ၂၃-၂-၂၀၁၂ ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ အပ်နှင်းထားသော အကွက်အမှတ်(၃၇၃) သံလျှက်မော်အနောက် မဟာအောင်မြေမြို့နယ်မှ ဦးကျော်အမည်ပေါက် ဦးပိုင်အမှတ်(၁)၊ ဧရိယာ(၁.၀၉)ဧကအား မည်သူတစ်ဦးတစ်ယောက်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်အေးကြည်(၉/မနတ(နိုင်)၀၄၃၀၄၇)**

**အကွက်(၃၇၃)၊ ထင်းဝင်း၊**

**မဟာအောင်မြေမြို့နယ်၊ မန္တလေး။**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၇)နေ မောင်အားဝမ်း (ဘ) ဦးခမ်းအောင်(၁၃/လရန(နိုင်)၂၃၁၄၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-431601126**

## ပျောက်ဆုံးကြောင်း

လားရှိုးနယ်မြေ(၁၉)၊ လားရှိုးကြီးရပ်ကွက်နေ နေထက်လင်း (ဘ) ဦးမောင်မောင်တင်(၁၃/လရန(နိုင်)၂၄၀၉၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MI-948934)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-893940267**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ နယ်မြေ(၁)သံလွင်ရပ်ကွက်နေ လောက်ဖြင့် (ဘ) ဦးလောက်အဲ(၁၃/လရန(နိုင်)၂၇၇၅၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-673532481**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၁၈)ရပ်ကွက်၊ အကွက်အမှတ်၊ ၂၃၃ က၊ ဦးပိုင်အမှတ်(၅၄၃)ရှိ မြေကွက်ပေါ်တွင် ကိုစည်သူမင်း၊ မသိင်္ဂီဝင်း(၉/မခန(နိုင်)၂၂၅၃၁၀) ကိုင်ဆောင်သူမှ အလျား ၁၆'-၀"၊ အနံ ၂၂'-၀" ရှိ ဝါးထရံကာ (၂)ထပ် အဆောက်အဦးအား ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦးနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရပ်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**အဖိုးတန်**

**ရေချိုကို**

**ချွေတာပါ**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက် ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

❖ သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေခြင်းဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်...

❖ သစ်၊ ဝါး၊ ကြိမ် အစရှိသည့်သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။


# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို မြို့နယ်ပေါင်း ၁၀၀ မြို့နယ်၌ ကျင်းပပြုလုပ်



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ချောင်းခွကျေးရွာ မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ယနေ့နံနက် ၆ နာရီမှ စတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၁၀၀ မြို့နယ်အတွင်း သတ်မှတ်မဲရုံအသီးသီး၌ ကျင်းပပြုလုပ်ခဲ့သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို နိုင်ငံတော်အစိုးရ၏ဦးဆောင်မှု၊ ပြည်သူလူထု၏ လိုက်ပါဆောင်ရွက်မှုတို့ဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ယနေ့တွင် ဆက်လက်ပြုလုပ်ရာ ကချင်ပြည်နယ်တွင် မချမ်းဘောမြို့နယ်၊ မိုးကောင်းမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ကယားပြည်နယ်တွင် ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ကရင်ပြည်နယ်တွင် ဖာပွန်မြို့နယ်၊ လှိုင်းဘွဲမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ ဝန်းသိုမြို့နယ်၊ ကျွန်းလှမြို့နယ်၊ မြင်းမူမြို့နယ်၊ ချောင်းဦးမြို့နယ်၊ဘုတလင်မြို့နယ်၊အရာတော်မြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ စာမျက်နှာ ၁၈ ကော်လံ ၁ ☆


၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ရူပဗေဒဘာသာရပ်နှင့် ဇီဝဗေဒဘာသာရပ် သိကောင်းစရာ စာမျက်နှာ - ၂၇၊ ၂၈

၂၀၂၅ ခုနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ငွေကျပ် ၁၇၆၁ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ စာမျက်နှာ - ၂၆


# သီပေါမြို့နယ်၊ မိုင်းရယ်မြို့နယ်တို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းမူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင်ပါဝင်သည့် ဘိန်းခင်းများဖျက်ဆီးခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်နိုင်သည့်နေရာများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်း၊ ကျောင်းသားလူငယ်အရွယ်များမှစတင်၍ စာမျက်နှာ ၂၃ ကော်လံ ၁ ❍



ဇန်နဝါရီ ၉ ရက်တွင် နမ့်လန်ဒေသ နားလင်းကျေးရွာအနီး သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများပြုလုပ်သည့်နေရာနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

“ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”

Hotline - 09-450450561, 09-450450562, 09-450450563